www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

# သစ္စာပန်းများပွင့်လေပြီ



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း — ပထမအကြိမ်၊
၂၀၁၆၊ ဖေဖော်ဝါရီလ။
ထုတ်ဝေသူ — ဦးအေးလွင် (၀၀၄၀၅)
ရွှေပုံဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်ဝော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ — ဦးအေးလွင် (၀၀၂၄၀)
ရွှေပုံဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်ဝော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး — ၁၅၀၀ ကျပ်
အုပ်ရေ — ၅၀၀ အုပ်

ရ၉၅ ၊ ၈၃
အလင်းသစ်
သစ္စာပန်းများ ပွင့်လေပြီ / အလင်းသစ် — ရန်ကုန်၊
ရွှေပုံဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၈ – စာ ၊ ၁၂ ၊ ၃ × ၁၈ စင်တီ။
(၁) သစ္စာပန်းများ ပွင့်လေပြီ

# အလင်းသစ်

## သစ္စာပန်းများ ပွင့်လေပြီ

www.burmeseclassic.com

www.burmeseclassic.com

ကိုလေး အဲဒီလိုတော့ ကိုယ်ချင်းမစာ မပြောပါနဲ့။ ထာနဲ့ ကျွန်တော် ကစားအတူ၊ သွားအတူနေလာခဲ့ကြတာ။ အခုမှ မပတ်သက်ပါနဲ့ဆိုတော့ သံယောဇဉ်ဆိုတာ ရေထဲထည့်ပြီး ခလောက်ရိုက်နဲ့ ပျော်ကျသွားတတ်တဲ့အရာ မဟုတ်ဘူးဗျ။

ဇေသုတ

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ကမ္ဘာဦးအစကတည်းက ရှိခဲ့တာပဲ ဧသေ့ရယ်။ မယုံလို့ရပါ့မလား။ အဲဒီသံယောဇဉ်နဲ့ အချစ်ကြောင့် လူတွေ အားလုံး ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတွေ ဖြစ်တည်လာခဲ့တာပဲ။ လူမပြောနဲ့ တိရစ္ဆာန်တွေတောင်မှ သံယောဇဉ်နဲ့မကင်းကြလို့ သူ့နဲ့ ဆိုင်ရာဆိုင်ရာ ပုံပြင်လေးတွေရှိလာခဲ့တာပဲလေ။ ပုံပြင် ဆိုတာ ယုံတမ်းစကားပေမယ့် တကယ့်အဖြစ်အပျက်တွေကို အခြေခံပြီး ဖြစ်တည်လာခဲ့တာပါ။

ထာဝရမြ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဖေသုတ စာရွက်ကိုထောင်လိုက်ပြီး စာရွက်ပေါ်ကပုံကို တစ်လှည့် ထာဝရဖြေကိုတစ်လှည့် ကြည့်ပြီးပြုံးလိုက်မိသည်။ သူက ပန်းချီဆွဲတာ ဝါသနာပါသူပီပီ ထာဝရက ရှေ့ကထိုင်ခုံပေါ်မှာထိုင်လို့ သူက ထာဝရရဲ့ပုံတူကိုဆွဲနေတာလေ။ ခဲတံနဲ့ပဲ ဆွဲနေတာပေမယ့် –

ထာဝရပုံတူလေးက ပုံပေါ်နေပြီ။ ဒါကိုပဲ ကျေနပ်စွာနှင့် ကြည့်နေဆဲရှိစဉ် –

"မပြီးသေးဘူးလား ဖေသုရဲ့၊ ငါ ညောင်းနေပြီ"

"ခဏနေပါဦး ... နည်းနည်းကျန်နေသေးလို့"

"ပြီးပြီး မပြီးပြီးဟာ ငါ ညောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ခဏလေးပါဆို"

"ဖေသု"

"ခဏလေး မကြာတော့ဘူး။ နောက်ထပ် တစ်နာရီလောက်ပဲ"

"ဘာ"

ဖေသု စာရွက်ကိုထောင်ပြပြီး စပ်ဖြဲဖြဲလုပ်ကာ –

"ဟဲ ဟဲ . . . ပြီးနေတာကြာပြီ"

"ဟင်"

"နင့်ကို တမင်ညှဉ်းထားတာ"

"ကောင်စုတ်"

ထာဝရ ထလာပြီးထုတော့ ဖေသုက လက်တကာကာနှင့်ပါ။ ထာဝရကလည်း နာအောင်ထုပါ့မလား။ ဖေသုနဲ့ထာဝရက အချစ်ဆုံး သူငယ်ချင်းတွေပဲဥစ္စာ။

"ငါ့ကို တမင်ညှဉ်းတဲ့ကောင် . . . ကဲ ကဲ"

"မိထာ . . . နင်နော်"

"ဘာမိထာလဲ၊ နင် ငါ့ကို အဲဒီလိုမခေါ်နဲ့"

"မိထာ မိထာ မိထာ၊ ကဲ . . . ဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဟုတ်လား . . . ကဲ"

"စာရွက်ပြဲမယ်နော် စာရွက်"





"ပြပါစေ"

"စာရွက်ထဲမှာ နင့်ပုံနော်"

"ဟင်"

"ဒီလိုပုံပေါ်ဖို့ဆွဲရတာ လွယ်တယ်မှတ်လို့လား"

ဒီတော့မှ ထာဝရ ထုတာကိုရပ်ပြီး ဖေသုလက်ထဲက စာရွက်ကို ယူ၍ကြည့်လိုက်သည်။ စာရွက်ပေါ်မှာပေါ်နေတဲ့ သူမပုံလေးက ခဲသားနဲ့ဆွဲထားပေမယ့် လက်ရာမြောက်စွာပဲ နှုတ်ခမ်းလေးကအစ ထာမဟုတ်ဘူးလို့ မငြင်းနိုင်လောက်အောင်ပါပဲ။ ယန်းချိုပုံလေးဆီကနေ ထာ ချက်ချင်းအကြည့်ပြန်မခွာနိုင်သေးဘဲ –

"တော်လိုက်တာ ဖေသုရယ်၊ လက်ရာ အရမ်းမြောက်တာ ပဲနော်"

ဖေသုက လက်ပိုက်ပြီး ခပ်မိန့်မိန့်ပုံစံလုပ်၍ ပြုံးလိုက်ကာ–

"နင် လက်ခံတယ်ပေါ့"

"ဟင် ဘာကိုလဲ"

"ငါ တော်တာကိုလေ"

ထာဝရ နှုတ်ခမ်းလေးမဲ့ပြီး စာရွက်ကိုလည်း ပြန်ကမ်းပေးလိုက်ရင်း –

"ဒါလေးတစ်ခု လက်ရာမြောက်တာနဲ့ လူတော်လို့ မခေါ်နိုင်သေးဘူး။ သိပ်မာန်တက်မသွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... နင် ငါ့လောက်တောင် တော်လို့လား"

"ဘာလို့မတော်ရမှာလဲ၊ ငါ နင့်ထက် စာတော်တယ်။ သီချင်းဆိုပိုတော်တယ်"

ထာဝရက သူမမျက်နှာလေးကို သူမ လက်ညှိုးနှင့်ပြန်ထိုးပြီး ဂုဏ်ယူဝံ့ကြွားသလို ပြောလေတော့ ဇေယုကလည်း အားကျမခံပါ။

"ငါက နင့်ထက်ပိုအရပ်ရှည်တယ်"

"ဟာဟာ ကြွားစရာမရှိ လာကြွားနေသေးတယ်။ နင်က ယောကျ်ားလေးမို့လို့ အရပ်ပိုရှည်တာ ဆန်းသလား။ ဒီလိုပြောကြေးဆို ငါက အသားပိုဖြူတယ်လေ"

"နင်က မိန်းကလေးကိုး"

"ဘာမှမဆိုင်ဘူး"

"ဒါဆို ငါ့လက်က ပိုကြီးတယ်'

"ငါ့ဆံပင်က ပိုရှည်တယ်"

"ငါ့ခေါင်းက ပိုကြီးတယ်"

"ခေါင်းကြီးတိုင်း မဟုတ်ဘူး၊ ဦးနှောက်ကြီးဖို့ပဲလိုတာ"

"ဘာဖြစ်ဖြစ် ကြီးတာကို လက်ခံရမယ်လေ"

"ဘာ"

"တလွဲမတွေးနဲ့ ခေါင်းကိုပြောတာ"

တစ်ယောက်ကိုတစ်ယောက် မျက်စောင်းထိုးကြ၏။ ဒီနှစ်





ယောက်က မတည့်အတူနေတွေလေ။ ခြံချင်းကပ်တွေမို့ ကျောင်းသွားရင် အတူတူ။ ကျောင်းမသွားတဲ့အချိန်ကျတော့လည်း ဇေယုအိမ်မှာ အတူရှိရင်ရှိ မရှိရင် ထာဝရတို့အိမ်မှာ အတူတူရှိနေတတ်ကြတာပဲလေ။ ပြောရရင် ညဘက်မှပဲ ခွဲကြတယ်ပေါ့။

"နင် ခေါင်းကြီးနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို သေချာတယ်"

"ဘာလဲ"

"နင့်ကို မကောင်းဆိုးဝါး ဝင်ပူးတော့မယ်"

"ပေါက်ကရတွေဟာ။ ငါ့ကို ဘာလို့ဝင်ကပ်ရမှာလဲ။ ငါက ဘုရားနဲ့တရားနဲ့နေတာ။ ဘုရားမှန်းမသိ တရားမှန်းမသိ ဖြစ်နေတဲ့နင်ပဲ သတိထား"

ဇေယု လက်ညှိုးနှင့် ထာဝရနှားထင်ကိုထိုးပြီး ပြောလိုက်တော့ ထာဝရက ပုတ်ချလေသည်။ ပြောစရာမရှိ ဆီလိုအပေါက်ရှာဆိုသလိုပြောစရာမဟုတ်တာကိုပဲပြောပြီး အဲဒီလို တကျက်ကျက်ပါ။ ထာဝရကြည့်ပြီးသားကိုပဲ ထပ်ကြည့်ချင်စွာ ဇေယုလက်ထဲက စာရွက်ကို ပြန်ဆွဲယူပြီး သူမ၏ပုံတူကို ကြည့်မဝနိုင်ရှိ၍ –

"ဟီး"

"ဟင် ... ဘာဟီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တော်တယ် ဖေသု၊ ငါ့ပုံကိုလေ သေသေချာချာ ဆေးရောင်စုံနဲ့ နင်ဆွဲလို့ကတော့"

ဖျောက်ခနဲ လက်ဖျစ်တီးလိုက်လေလျှင် –

"ဘာဖြစ်လဲ"

"မိုနာလီဇာရဲ့ပန်းချီကားကို ဘယ်ချောင်ထိုးထားရမှန်းမသိဖြစ်သွားမှာ"

"ဒီပုံကို"

"ဒါပေါ့"

"ဝေါ့"

"ကြည့်စမ်း ... ကောင်စုတ်"

ဖေသု နှာခေါင်းရှုံ့ပြီး ပါးစပ်ထဲကို လက်ညှိုးထိုးကာ အန်တဲ့ဟန် လုပ်ပြလေတော့ ထာဝရမှာ လက်သီးဆုပ်ကာ ခြေဆောင့်ကာ နှင့်ပါ။

"သား"

"____"

"ဖေသုတ"

ခေါ်သံကြားရာသို့ လှည့်ကြည့်လိုက်တော့ ဖေသုရဲ့မေမေ ဒေါ်စုစုမာမှာ မျက်နှာထားက ခပ်တည်တည်။

"ဪ ... မေမေ"





"မေမေ ပြောစရာရှိတယ်၊ မေမေနဲ့ ခဏလိုက်ခဲ့"

"မေမေကလည်း ဒီမှာ ထာ"

"မင်းမအားတော့ဘူးဆိုရင် သူပြန်သွားလိမ့်မယ်။ ညှော်ခံမယ့်အိမ်ရှင် မရှိရင် ညှော်သည်ဆိုတာ ပြန်ရမှာပဲ။ ဒါကိုသူသိမှာပေါ့"

"မေမေရာ ထာက ညှော်သည်မှမဟုတ်တာ။ အမြဲတမ်းဝင်ထွက်သွားလာနေတာကို"

"ကိုယ့်အိမ်သားမဟုတ်ရင် ညှော်သည်ပဲလေ"

"မေမေ"

ဖေသု ထာဝရကို အားနာသလိုကြည့်လိုက်တော့ ထာဝရကလည်း နားမလည်သလို ခပ်ကြောင်ကြောင်လေး ကြည့်နေသည်။ ညှော်သည်ဆိုတဲ့စကားကို သုံးလိုက်ခြင်းက စိမ်းကားခြင်းပါပဲ။ အရင်တုန်းက ဒီလိုမဟုတ်ပါဘူး။ ထာဝရကို သမီးလေးတစ်ယောက်လိုချစ်တဲ့အန်တီက အခု ဘာဖြစ်သွားတာလဲ။ ရုတ်တရက်ပြောင်းလဲသွားရလောက်အောင် ထာဝရ ဘာအမှားလုပ်မိလို့လဲ။

အင်း ... အန်ကယ်နဲ့ အဆင်မပြေလို့များ စိတ်တိုပြီး ပြောခ်ပြောရာ ပြောတာလား။ လူတွေက တစ်ယောက်ယောက်နဲ့ စိတ်ဆိုး စိတ်ညစ်ဖြစ်ရပြီဆို ကျန်တဲ့သူတွေအပေါ်မှာပါ အမြင်မကြည်ချင်ကြတာမျိုးလေ။ ထာဆိုရင်လည်း ဒီအတိုင်းပါပဲ။ တစ်ယောက်ယောက်နဲ့ စိတ်ကောက်ရင် ကျန်တဲ့လူတွေကိုပါ အကောင်းမမြင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောချင်တော့တာ။

အန်တီလည်း ဒီလိုပဲဖြစ်မှာပါလို့ နားလည်ပေးလျက် –

"ဪ . . . မေ့နေလိုက်တာ။ ငါ ကိုလေးနဲ့ရွှေ့ပင်းလိုက်သွားမလို့။ ငါပြန်တော့မယ်နော် ဖေသု"

"နေဦးလေ ထာ"

တားလို့မရလိုက်ဘဲ ထာကထွက်သွားပြီ။ လူဆိုတာ အရိပ်အကဲ နားလည်ရမည်လေ။

"မေမေကလည်း ထာ့ကို အားနာဖို့ကောင်းလိုက်တာ"

"အားနာရမယ့်အချိန် မဟုတ်လို့ မေမေ အားမနာတာပဲ သား။ မင်း ဒီနေ့ကစပြီး ထာနဲ့ ကင်းကင်းရှင်းရှင်းနေပါ။ မေမေ ဒါပဲ ပြောချင်တယ်"

"ဟာ . . . မေမေ"

ဖေသု မေမေ့ကို နားမလည်နိုင်တော့ပေ။ ဘာလို့ ရုတ်တရက်ကြီး ဒီလိုပြောင်းလဲသွားရတာလဲ။ ထာဝရကို သမီးလေးလို ချစ်ပါတယ်ဆိုပြီး အစစအရာရာမှာ ထာကို ဖေသုထက်ပို၍ ဦးစားပေးခဲ့သော မေမေက အခု ဆက်ဆံလိုက်ပုံက တကယ့်သူစိမ်းပြင်ပြင်လို။

"မေမေ မေမေပဲ ထာ့ကို သမီးလေးအရင်းလိုချစ်ပါတယ် ဆို"

"အဲဒါ အခု မဟုတ်တော့ဘူး"





"ဗျာ"

"– – – –"

"ဘာဖြစ်လို့လဲ မေမေ။ မေမေ ဘာကြောင့် ခုလို ပြောင်းလဲသွားတာလဲ။ သား နားမလည်နိုင်တော့ဘူး"

"နားမလည်တာပဲ ကောင်းတယ် သား။ မေမေ ပြောင်းလဲနိုင်သလို သားလည်းပြောင်းလဲနိုင်အောင် ကြိုးစား။ ဒါပဲ"

"ဘာဖြစ်လို့လဲဆိုတာကို သားသိချင်တယ် မေမေ။ မေမေ့ရဲ့ reason ကဘာလဲ"

"reason တွေပြောပြနေဖို့မလိုဘူး သား။ မေမေ့ပါးစပ်ကလည်း ပြောမထွက်ဘူး။ သားမှာ မျက်စိနဲ့နားရှိတယ်။ တစ်နေ့ခင်း သိလာမှာပါ"

ပြောပြီး ချာခနဲလှည့်ထွက်သွားတဲ့ မေမေ့ကျောပြင်ကိုကြည့်ပြီး ဖေသု သက်ပြင်းချလိုက်မိသည်။ ဘာတွေလဲ။ အရင်တုန်းကတော့ နှစ်အိမ့်တစ်အိမ် နေလာခဲ့ကြပြီး အခုမှ သံယောဇဉ်ဖြတ်ပါ ကင်းကင်းရှင်းရှင်းနေပါဆိုတော့ သံယောဇဉ်ဆိုတာ နွယ်တစ်ပင် မြက်တစ်ပင်မှ မဟုတ်ဘဲလေ။

ပြန်သွားတဲ့ ထာ့ရင်ထဲမှာရော ဘာတွေ ကိန်းဝပ်ဖြစ်တည်သွားမလဲ။

"ဟူး . . . ဘာတွေမှန်းကို မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြီးထွက်လာခဲ့တာ လက်ထဲက ထားရဲ့ပုံတူပန်းချီစာရွက်ကလေးကို သိမ်းဖို့ပါ။ တစ်နေ့နေ့မှာတော့ ထားပုံတူကို အကောင်းဆုံးပန်းချီကားတစ်ချပ်ဖြစ်အောင် ရေးဆွဲဖို့ စိတ်ကူးများနှင့် အတူ။

❋



## အခန်း (၂)

"အရင်တုန်းကတော့ သမီး၊ သမီးနဲ့ ဖြောင့်လို့ ဖြူးလို့၊ ခုမှ ဘာထဖြစ်တာလဲ ဇေသုမေမေက"

"မသိဘူးလေ၊ ငါလည်း စဉ်းစားရခက်နေပါတယ်ဆို"

"မေးကြည့်ပါလား"

"ဘယ်သူ့ကိုလဲ"

"ဇေသုမေမေကိုပေါ့"

"နင်ပဲ သွားမေးတော့၊ ဒီမှာစိတ်ညစ်နေပါတယ်ဆိုမှဟာ ကွာတ်"

ထားဝရ စိတ်ရှုပ်စွာပဲ ဆံပင်တွေကို ထိုးဖွပစ်မိ၏။ ငကားပုံ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာတော့ လင်မယားရန်ဖြစ်တာ ခွေးနက်ကြီးကို မာန်ပြီးရိုက်သတဲ့။ အခုက လင်မယားရန်ဖြစ်တာမဟုတ်လို့ ဆံပင်ကိုပဲ ထိုးဖွရတာလေ။ ချစ်စုကတော့ ထာကိုကြည့်ပြီး စိတ်မကောင်းရုံမှအပ ဘာမှမတတ်နိုင်ဘူးလေ။

သူထို့မသိတာမှ မဟုတ်တာ။

အရှင်တုန်းက ထာနဲ့အတူ သူမတို့တွေပါ သူငယ်ချင်းတွေစုပြီး ကဲကြ သဲကြတာတောင် အန်တီမာက သည်းခံခဲ့တာပဲလေ။ ဘာမဆို ထာ့အလိုကျ လိုက်လျောခဲ့တာ။ အခုကျမှ ပြောင်းလဲသွားတယ်ဆိုတော့ –

"ထာ"

"––––"

"နင် ဖေသုကိုမေးကြည့်ပါလား"

"သူလည်း နားမလည်နိုင်ဖြစ်နေပုံရတယ်ဟ။ နေပါစေဟာ မမေးတော့ပါဘူး။ အန်တီမာ မမြင်နိုင်တဲ့အရပ်မှာ တို့တွေ ခင်မင်မပျက်နေလို့ရတာလဲ။ အရေးကြီးတာက သူ့အိမ်ကို အရင်လို ဝင်ထွက်သွားလာတာပဲ ဆင်ခြင်ရမှာ။ ပြီးတော့"

စကားစကိုဖြတ်ပြီး ထာ တွေတွေကလေးဖြစ်သွားလေလျှင် မေမီဖော်က –

"ပြီးတော့ . . . ဘာဖြစ်လဲ ထာ"





"ကိုကြီးကလည်း ပြောတယ်။ ငါ့ကို ဖေသုတို့အိမ် သွားတာလာတာ ဆင်ခြင်တဲ့။ ငါက ဘာဖြစ်လို့လဲလို့မေးတော့"

"ဘာပြန်ပြောလဲ"

"နင်က ဖြတ်မမေးနဲ့လေ မေမီရဲ့။ ထာ ဆက်ပြောမှာပေါ့"

အားလုံး စကားသံတွေ တိတ်သွားပြီး ထာ ဘာ့ဆက်ပြောမလဲ ဆိုတာကိုပဲ မျှော်လင့်စောင့်စားနေကြသည့်တွင် –

"နင်မသိတာပဲကောင်းတယ် မမေးနဲ့တဲ့။ နင့်အတွက် လိုအပ်တာရှိရင်ပြော၊ ပြောစကားကိုတော့ နားထောင်တဲ့လေ"

"ဘယ်လိုကြီးတွေပါလိမ့်"

"အေးဟယ် . . . စဉ်းစားရခက်လိုက်တာ"

"ကဲ . . . စားမနေနဲ့ ခေါင်းခြောက်တယ်။ နင်တို့ ဘာစားမှာလဲ မှာစရာရှိတာမှာ"

"ဟဲ့"

"ဟင်"

"နင် ရူးသွားပြီလားဟ။ မှာပြီးသွားပြီလေ၊ ရောက်မလာသေးတာ"

"ဩော် . . . အေး ဟုတ်သားပဲ"

မှာထားတာတွေ ရောက်မလာသေးလို့ စောင့်နေကြစဉ်မှာပဲ ဖေသုတို့အုပ်စု ဆိုင်ထဲသို့ ဝင်လာကာ ဖေသု ထာ့ဘေးကနေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လည်းထိုင်ရင်း ထာ့ခေါင်းကို နှိမ့်ချလိုက်၍ –

"မိထာ"

"____"

"နင် ဘာအချိုးချိုးတာလဲ"

"ဖေသုနော် ငါ ဘာလုပ်လို့လဲ"

"ဘာလုပ်လို့လဲ ဟုတ်လား။ နင် ငါ့ကို စောင့်မနေဘဲ ဘာလို့ အရင်ထွက်သွားတာလဲ။ ခါတိုင်း နင်နဲ့ငါ ကျောင်းသွားကျောင်း ပြန် အတူတူလေ။ ငါ့ကားကို ကပ်စီးနေကျကနေ ဘာတွေ ဘဝင်ထောင် သွားတာလဲ ပြော"

နားထင်ကို လက်ညှိုးနှင့်ထိုးလိုက်တော့ ကိုယ်လေး ယိုင်ခနဲ ဖြစ်သွားလေသည်။ ဘာလို့ ဒီလိုလုပ်တယ်ဆိုတာကို သူ တကယ်မသိ မိဘူးလား။ သူ မေ့ထားလိုက်တယ်ဆိုရင်လည်း ထားပါတော့။ ကောင်းသတင်းမဟုတ်တော့လည်း အစပြန်ဖော်မပေးချင်တော့ပါဘူး။

"ဟဲ့"

"____"

"ပြောလေ"

"ဘာပြောရမှာလဲ။ နင့်ကားကို ကပ်မစီးချင်တော့လို့ ငါ့ကား နဲ့ ငါလာတာ ဘာဖြစ်လဲ။ ငါက နင့်ကားကို အမြဲတမ်း ကပ်စီးနေရမှာ လား"





"စီးပေါ့ စီးရမယ်"

ထာ နှုတ်ခမ်းလေးမဲ့ကာ မျက်စောင်းထိုးလိုက်၏။ အူပါလို့ မဟုတ်ပေမယ့် ဒီလိုပြောမှပဲ ရတော့မှာလေ။ မဟုတ်ရင် ဘာဖြစ်လို့လဲ ဆိုတဲ့ အမေးက ရှိလာဦးမှာ။ ပြီးခဲ့တာတွေကို ထာ အစမဖော်ချင်ပါ ဘူး။ စိတ်ရှုပ်စရာမို့လို့လေ။

"ပြောတာ ကြားလား"

"လုံးဝ နီးပဲ"

"မိထာ"

ဖေသု အော်လိုက်ပေမယ့် ထာက –

"ဒီမှာဖေသု"

"ဘာလဲ"

"လူတွေအားလုံးက တွေ့ဆုံကြုံကွဲပဲလေဟာ။ တစ်နေ့ကျ ကိုယ့်လမ်းကိုယ်လျှောက်ကြမှာ။ အဲဒီတော့ အခုကတည်းက လမ်းခွဲ ပြီး စလျှောက်ကြည့်တာ မကောင်းဘူးလား။ ငါလည်း လွတ်လပ်ခွင့် ရချင်ပြီ"

"နင့်ကို ငါက ဘာတွေချုပ်ကိုင်ထားလို့လဲ"

ချက်ချင်း ဘာပြန်ပြောရမှန်းမသိတာကြောင့် ထာ တစ်ဖက် သို့ လှည့်လိုက်၏။ သူငယ်ချင်းတွေလည်း ငြိမ်သက်စွာနှင့် ဘာမှ ဝင်ပြီးမစွက်ဖက်ကြသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ထာ။ နင် ငါလျှောက်တဲ့လမ်းပဲ လျှောက်ရမယ်။ အဲဒီလမ်းမှာ အန္တရာယ်ရှိရင် ငါရှင်းမယ်။ ငါလိုချင်တာ နင် ငါ့နောက်မှာ အမြဲရှိနေဖို့ပဲ"

"နင် ရူးနေလား"

"ဘာ"

"တစ်နေ့ နင့်မှာ ချစ်သူရည်းစားဆိုတာ ရှိလာမှာပဲ။ အဲဒီလိုပဲ ငါ့မှာလည်း ရှိလာနိုင်တာပဲလေ။ အဲဒီအခါကျရင် နင်နဲ့ငါ တစ်တွဲတွဲ တွဲနေလို့ကတော့"

ပြောပြီး ထာခေါင်းအခါမှာ –

"တွဲတော့ဘာဖြစ်လဲ၊ နင်နဲ့ငါက သူငယ်ချင်းလေ။ ဒါကိုမှ နားလည်မပေးနိုင်တဲ့သူဆိုရင် ဂျောင်းပေါ့"

"ပါးစပ်ပြောပဲ လွယ်တာ ဇေသုရဲ့"

"ပါးစပ်ပြောလွယ်တာ မဟုတ်ဘူး။ ငါ အလုပ်နဲ့သက်သေပြမယ် နင်စောင့်ကြည့်။ အေး ပြောထားမယ်နော်။ ငါ့ကားကို ကပ်စီးနေကျကနေ ပြောင်းလဲဖို့မကြိုးစားနဲ့။ နောက်နေ့ နင့်ကားနဲ့နင် လာကြည့်"

"နင် ဘာလုပ်မှာလဲ"

"နင့်ကားကို မီးနဲ့ရှို့ပစ်မယ်၊ မယုံမရှိနဲ့"

ဘေးကသူငယ်ချင်းတွေ ဇေသုစကားကြောင့် ပြုံးစိစိတွေ





ဖြစ်ကုန်ကြ၏။ ကားတစ်စီးလုံးကို မီးနဲ့ရှို့ရဲတဲ့သတ္တိ သူ့မှာ တကယ်ရှိလို့လား။

"ဇေသု"

"ဘာလဲ"

"မင်း ဝါသနာပါရင် ငါ့ကားကို မီးရှို့ပါလား။ ပြီးရင် အသစ်ပြန်ဝယ်ပေးလေ"

ချမ်းလင်းက ရယ်ကျဲကျဲနှင့်ပြောလေတော့ –

"မင်းက တစ်မျိုး။ အဟောင်းအစုတ်ကို မီးရှို့ပြီး အသစ်ပြန်ဝယ်ပေးရလောက်အောင် ငါ မရူးဘူး။ မလျော်ရဘူးဆို ရှို့ပေးမယ်"

"တကယ်ကြီးလား"

"အခု သွားရှို့ပေးမယ် . . . လာ"

ဇေသုက ထရပ်လေတော့ ချမ်းလင်း လက်ဆွဲထားကာ –

"အဲဒါလေးပဲ ချမ်းသာတာ တကယ်ကြီးတော့ မလုပ်ပါနဲ့ဟယ်။ ကြည့်စမ်း . . . ပေါက်ထင်ကို ထင်မထားဘူး"

ချမ်းလင်းက အခြောက်ဟန်နှင့် လုပ်ပြလေတော့ အားလုံး ဝိုင်းရယ်ကြလေသည်။ ဇေသုကတော့ ရှုတည်တည်မျက်နှာထားနှင့်ပါပဲ။ ထာ သူ့ကားနဲ့သူ ကျောင်းလာတာကိုပဲ မကျေမနပ် ဖြစ်နေတာလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"တောက် . . . ရာဇဝင်ရိုင်းလိုက်တာကွာ"

"ခွမ်း"

"သားကြီး"

မဆီမဆိုင် လက်ပံပင်ဓားနဲ့ချိုင်ဆိုသလို ဒေါသကို ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ ပေါက်ကွဲဖို့ ဦးတည်ချက်က ပန်းအိုးဖြစ်သွားခဲ့တာလေ။ ချစ်မင်းထိုက် စားပွဲပေါ်မှာတင်ထားတဲ့ အလှပန်းအိုးကိုယူပြီး နံရံကို ပစ်ပေါက်လိုက်တာမို့ ဖခင်ဦးအောင်ထိုက် ပျာပျာသလဲ ဖြစ်သွားရှာ၏။ သားကိုဆွဲရင်း ကြည့်လိုက်တဲ့မျက်လုံးတွေက အရာတစ်ခု အတွက် တောင်းပန်နေသလိုလိုပါ။





အငယ်ကောင် ချစ်လင်းထိုက်ကလည်း တက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်နှင့်ပါပဲ။

"ပတ်ဝန်းကျင်က ကြားကုန်ပါ့မယ် သားကြီးရယ်။ ဘာဖြစ်တာလဲလို့ မေးရင်တောင် ပြောမထွက်ရဲအောင် ရှက်ဖို့ကောင်းပါတယ်။ ပြီးတော့ ဒီကိစ္စ သမီးလေးကို ဖေဖေ မသိစေချင်ဘူး။ သမီးလေးသိရင် ရှက်လို့သေသွားနိုင်တယ်"

"အခု သားတို့လည်း ရှက်နေရတာပဲလေ ဖေဖေရဲ့။ အခုအဲဒီလိုဖြစ်နေတာ ထာဝရသာဆိုရင် ကျွန်တော် ရိုက်သတ်ပြီး ထောင်ကျခံလိုက်မှာ။ ဖေဖေကသာ ပတ်ဝန်းကျင်သိမှာစိုးနေတာ။ သိတဲ့ ပတ်ဝန်းကျင်ကြားမှာ ကျွန်တော်တို့ ဘယ်လောက်မျက်နှာငယ်နေရလဲ၊ ဘယ်လောက် အရှက်ရနေလဲ ဖေဖေသိရဲ့လား။ ကြာရင် သားတို့ လိပ်လိုခေါင်းလျှိုနေရတော့မယ်ဗျ"

"ပြောနေကြာပါတယ် ကိုကြီးရာ။ ဟိုလူကြီးကို ကျွန်တော် အခု သွားသတ်မယ်"

"သားငယ် မင်းရှေ့မတိုးနဲ့"

ထိုင်ရာကထလိုက်တဲ့ သားငယ်ကို အသံနဲ့သာ လှမ်းတားလိုက်နိုင်ပြီး သားကြီးလက်မောင်းကိုလည်း ဆုပ်ကိုင်၊ သားငယ်ကိုလည်း လှမ်းကြည့်လျက် –

"မင်းသွားသတ်ရင် မင်းထောင်ကျမှာပေါ့ကွ။ ဖေဖေ . . .



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ သားသမီးတွေကို အခုံရှုံးမခံနိုင်ဘူး။ ဒီမှာငါ့သား"

"––––––"

"လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာပါ။ သူများကို သွားသတ်တော့ ကျန်တဲ့သူက ခြံခုန်စရှိသွားပြီ။ နောက်လည်း ဆက်ခုန်နေမှာလေ"

"ဒါဆို ဖေဖေက ဒီအတိုင်းပဲ ငြိမ်နေတော့မှာလား။ ဘာမှမပြောတော့ဘူးလား"

ဦးအောင်ထိုက် မျက်ရည်တွေ ဝေ့တက်လာ၏။ ဒီမျက်ရည်တွေက သားသမီးတွေအတွက်ကျတာလေ။ သူတို့ ရှက်ရှာမယ်ဆိုတာသိပေမယ့် ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် ကိုယ့်သားသမီးတွေကို ဒုက္ခမရောက်စေချင်။ ကိုယ်လည်း စိတ်နဲ့တည့်ဆောက်ထားတဲ့လူပဲလေ။

ခေါ်သထွက်တတ်တယ်၊ နာကျင်တတ်တယ်။ ဒါပေမဲ့ သားသမီးတွေ မျက်နှာထောက်ပြီး ရေငုံနှုတ်ပိတ်နေခဲ့တာကို ကိုယ့်စေတနာမေတ္တာကို တစ်နေ့ နားလည်လာမလားလို့ပါ။ နားမလည်လို့ ခြေစုံကန်သွားမယ်ဆိုတော့လည်းသွားပေါ့။ ကိုယ်ကတော့ ကြက်မကြီးလိုသားသမီးတွေအပေါ် အတောင်ဖြန့်အုပ်ပြီး နွေးထွေးမှုတွေ ပေးနေချင်သေးတာ။ မကောင်းတဲ့သူဆီမှာ လိုရာတွေတောင်းဆိုတော့ရော ဘာထူးမှာလဲ။ ဖျောင်းဖျနားချပြီး ကိုယ် အတန်တန်တားခဲ့ပြီးပါပြီ။





တားလို့မှမရခဲ့တာ။

ရှားတစ်ချောင်းကြောင့် အုတ်တစ်သောင်းပျက်ဆိုသလို ကိုယ်မွေးထားတာ သားတွေနဲ့မို့ သူတစ်ယောက်မကောင်းတာနဲ့ ကျန်တဲ့မိသားစုကို ဘဝပျက်မခံနိုင်ပါဘူး။

ဒါကြောင့် –

"ဒီကိစ္စက ကြမ်းလိုက်ရင် ကိုယ့်အလွန်အဖြစ် လက်ညှိုးထိုးပြီး ကွာမယ်၊ ကွဲမယ်ဖြစ်တောင် စည်းစိမ်တွေ ခွဲဝေပေးရဦးမှာ။ အဲဒီလို ဖေဖေ မပေးနိုင်ဘူး။ မပေးနိုင်တာကလည်း ဖေဖေ့အတွက်မဟုတ်ပါဘူးကွာ။ အေးအေးဆေးဆေး နားချတောင်းပန်တော့လည်း သဲထဲရေသွန်တာကမှ ခွက်ခွက်ရာထင်ကျန်ခဲ့ဦးမယ်"

"သားကတော့ ဘာစည်းစိမ်မှ မမက်မောဘူးဖေဖေ။ မကောင်းတဲ့သူကို မကောင်းတဲ့အတိုင်း သားတို့ဘဝထဲကနေ ထုတ်ပစ်လိုက်ချင်ပြီ"

"သွားငယ်"

ဒီစကားက ပြောဖို့မသင့်တာမို့ ဦးအောင်ထိုက် ဟန့်တားလိုက်တာ ဖြစ်၏။ သားသမီးနဲ့မိဘ သားသမီးကသာ မိဘကိုပြတ်နိုင်မယ် မိဘက သားသမီးကို ပြတ်နိုင်ရိုးထုံးစံမှ မရှိဘဲလေ။ သူတို့အမေကတော့ အပျော်ကို ဦးထိပ်ပန်ဆင်ထားသူမို့ ပြတ်နိုင်မှာပေမယ့် သားသမီးတွေကို အပြစ်မရစေချင်။



www.burmeseclassic.com

www.burmeseclassic.com



သူ မကောင်းလို့ စိတ်ပျက်မိတော့ သားသမီးတွေပဲ အပြစ်ရမှာပေါ့။

"သားတို့ပါးစပ်ကနေ အဲဒီလိုစကားမျိုးမပြောသင့်ဘူး သားငယ်။ သူက သားတို့ကို မွေးထားတဲ့ အမေကွ။ သူ မကောင်းတာ သူ့အကြောင်း၊ ကိုယ့်ဘက်က အပြစ်မဖြစ်စေနဲ့"

"ဒါဆို သားတို့က မျက်စိမှိတ် နားပိတ်ပြီး ရေငုံနှုတ်ပိတ်နေရမှာလား ဖေဖေ။ အဲဒီလိုတော့ မနေနိုင်ဘူးနော်။ အမေဆိုတာ မှန်ပေမယ့် မကောင်းတာကြီးကိုတော့ လက်ခံဖွတ်မှိတ်မနေနိုင်ဘူး။ ကြားရတဲ့သတင်းတွေက နားရှက်မပါတဲ့လူ ဖြစ်ချင်လောက်အောင် ရှက်ဖို့ကောင်းနေပြီ"

"သားကြီးပြောတာကို ဖေဖေလက်ခံပါတယ်။ ဒါပေမဲ့ . . . သူ့အပြစ်ကနေ ကိုယ့်အပြစ် မဖြစ်စေနဲ့သားကြီး။ တစ်နေ့ သူ့ကြမ္မာ သူ ဖန်လိမ့်မယ်"

"ဟော"

ချစ်လင်း ပါးစပ်က ဟောဆိုတဲ့အသံနှင့်အတူ မျက်လုံးတွေက တစ်နေရာမှာ ဆုံမှတ်ဖြစ်သွားကြပြီး –

"သူပြန်လာပြီ"

"ပြောမှဖြစ်မယ့်ကိစ္စကို သားပြောမယ်"

"မင်းမပြောရဘူး သားကြီး"





"ဖေဖေ"

"မင်းတို့ နှစ်ယောက်စလုံးသွားကြတော့"

"ဖေဖေ"

"သွားကြတော့"

မကြည့်ကြည့်တွေကိုပဲ မြားကိုလွှတ်ပြီး ညီအစ်ကိုနှစ်ယောက်စလုံး ထွက်သွားဖို့ ပြင်လိုက်ကြစဉ်မှာပဲ –

"ဘာဖြစ်နေကြတာလဲ"

ထွက်သွားမယ့်ခြေလှမ်းတွေ ရှေ့ဆက်ဖို့ တွန့်ဆုတ်သွားကြပြီ။ ပြောချင်တဲ့စကားတွေက ရင်ဘတ်နဲ့အပြည့်လေ။ ဖေဖေက ခြေပြောခိုင်းလို့သာ နေကြရတာ။ ကိုယ့်အမေဆိုပေမယ့် မကောင်းတာ သိနေမှတော့ ဘယ်လိုကြည်ဖြူပေးနိုင်မှာလဲ။ မအေဆိုတာ မကောင်းတဲ့ မိန်းမ ဖြစ်နေရင်တောင် မအေက မအေပဲတဲ့။

အဲဒီစကားကို လက်ခံပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် ဘဝနဲ့ရင်းလိုက်ရတယ်ဆိုရင်လေ။ အခုက စည်းစိမ်ချမ်းသာအပြည့်နဲ့ ဘာတွေများ လိုအပ်ချက်ရှိလို့လဲ။ ဘာမှ လိုအပ်ချက်မရှိဘဲ အိမ်ထောင်ရေးဖောက်ပြန်တာကိုတော့ ဘယ်လိုနည်းနဲ့မှ နားလည်မပေးနိုင်ဘူးလေ။

ဒါကြောင့် အကြီးကောင်ကပဲ –

"ဘာဖြစ်နေတယ်လို့ မေမေထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး"

"အိမယ် ... နင်ကပဲ ငါ့ကို ပြန်မေးနေသေးတယ်။ နင် ငါ့ကို ကြည့်တဲ့ပုံစံက ဘာလဲ။ အခု ပြန်ပြင်လိုက်စမ်း"

"အခု မေမေက ဘယ်ကပြန်လာတာလဲ၊ ကိုယ့်အကြောင်း ကိုယ်သိမှာပေါ့။ မနိုင်လုံတဲ့ reason တွေတော့ မပြောနဲ့။ သား ကိုယ်တိုင် ဒီမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

"ဘာ"

အမေလုပ်နေတာက တစ်လွဲ။ သားတွေက စောင်မဲနရွဲတွေ နှင့်တော့ ခက်ပြီ။ ဦးအောင်ထိုက် ဘယ်သူ့ကို ဘာပြောရမှန်းပင် မသိတော့ပါဘူး။ သားကိုကြည့်လိုက်တဲ့ မိခင်ရဲ့မျက်ဝန်းတွေက နွေးထွေးမှုတွေ ကင်းမဲ့နေသည်လေ။

"နင်က ဘာကိုမြင်ခဲ့တာလဲ"

"မေမေနဲ့ ဟိုလူကြီး မိုးမမြင် လေမမြင် ဖြစ်နေကြတာလေ။ ဘေးကနေ ကိုယ့်သားတစ်ယောက်လုံး ဖြတ်သွားတာတောင် မေမေ မြင်ခဲ့လို့လား။ ရှက်တယ် ကျွန်တော် အရမ်းရှက်တယ်ဗျ"

ဒေါ်မင်းမင်းစံ တွေခနဲဖြစ်သွား၏။ အဲဒါတကယ်ပဲလား။ သားကြီး သူမတို့ကို မြင်သွားတယ်ဆိုတာလေ။ သိသာသိစေ မမြင်စေ နဲ့ ဆိုတာမျိုး အရင်က သိပေမယ့် လက်တွေ့မပြနိုင်ခဲ့ကြဘူးလေ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုထိုက်ကတော့ ကျယ်ကျယ်လောင်လောင်





ပြဿနာမရှာဘဲ တိုးတိုးတိတ်တိတ်တော့ ကျိတ်ဖြစ်နေရတာပါပဲ။

အခု သားကြီးမြင်ခဲ့တယ်ဆိုတော့ –

"မေမေ ဘာလို့ သားသမီးတွေမျက်နှာကို မထောက်ရတာ လဲဗျာ။ တကယ်ဆို သားတို့ မလိမ္မာရင်တောင် မေမေက ဆုံးမရမှာ မဟုတ်ဘူးလား။ မေမေ သားတို့အနာဂတ်ကို မဖျက်စီးပါနဲ့။ မေမေ့ အသက်အရွယ်နဲ့ အဲဒီလိုလုပ်တာ ရှက်တတ်ရင် လဲသေဖို့တောင် ကောင်းတယ်"

ဒီတစ်ခါပြောတာက အငယ်ကောင်။

"သေကြလေ သေကြပေါ့။ စီးပွားရေးကိစ္စကြောင့် တွဲသွား တွဲလာလုပ်နေတာကိုပဲ နင်တို့က အထင်လွဲပြီး ပြဿနာရှာနေကြတာ။ ငါ စီးပွားရှာနေတာ နင်တို့အတွက်ဟဲ့ နားလည်လား"

"ဘယ်လို"

စောစောက ကျောခိုင်းလိုက်မိတဲ့ ချစ်မင်းထိုက်က ချက်ချင်းပဲ မိခင်ဘက်သို့ ပြန်လှည့်လာလေသည်။

"ဒီအိမ်မှာ ဖေဖေနဲ့သားနှစ်ယောက်တောင် စီးပွားရှာနေတာ လေ။ ချစ်လင်းလည်း သူ့လုပ်ငန်းနဲ့သူ ထူထောင်ဖို့လုပ်နေပြီ။ မေမေ ဘာမှစီးပွားရှာစရာမလိုဘူး။ အေးအေးဆေးဆေး ထိုင်စားလို့ ရတယ်"

"ငါ နင်တို့ဆီမှာ လက်ဖြန့်တောင်းမနေနိုင်ဘူး။ အဲဒါကြောင့် ငါ့ဘာသာ ငါရှာတာ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်းစံ . . . အဲဒီကတည်းက မင်းရဲ့လုပ်ရပ်တာလဲဆိုတာ ထင်ရှားနေပြီနော်။ မင်းပြောတဲ့စကား ရှေ့နဲ့နောက် ညီရဲ့လား ပြန်စဉ်းစားဦး။ စောစောကတော့ သားသမီးတွေအတွက်ပါဆိုကွ။ ငါ့ကို ဘာမှမသိတဲ့ နလပိန်းတုံးများ ထင်နေလား။ မင်းကို ငါပေါင်းရတာ မသတီတော့ဘူး"

"မသတီရင် ကွာလိုက်လေ"

"မင်း"

"ဖေဖေ"

"ဟင်"

ခေါ်သံကြားလို့ ကြည့်လိုက်တော့ ထာဝရမို့ အားလုံး ပျက်နေတဲ့မျက်နှာကိုပြင်ပြီး အပြုံးတွေ ဖန်ဆင်းလိုက်ကြ၏။ အဲဒီအထဲမှာ ဒေါ်မင်းမင်းစံတော့မပါဘူးပေါ့လေ။

"သမီးလေး ပြန်လာပြီလား"

"ဟုတ် . . . ဖေဖေ။ ဒါနဲ့ ဘာဖြစ်နေကြတာလဲ"

"ဩော် . . . ဘာမှမဖြစ်ပါဘူး သမီးရဲ့။ သမီးရဲ့အစ်ကိုလေး အလုပ်ကိစ္စအတွက် တိုင်ပင်နေကြတာ"

"အလုပ်ကိစ္စတိုင်ပင်တာက မတ်တတ်ကြီးတွေပါလား"

"တိုင်ပင်တာ အဆင်မပြေလို့ သွားတော့မလို့ပေါ့"

ပြောပြီး ချစ်မင်းနဲ့ချစ်လင်းက အပေါ်ထပ်သို့ တက်သွား





လေတော့၏။ ဒေါ်မင်းမင်းစံ လွန့်ခနဲပြုံးလိုက်မိသည်။ သူမကရော နိုးတဲ့သူ့ခိုး လက်ညှိုးထောင်ပြီး ငါခိုးပါတယ်လို့ ပြောချင်ပါ့မလား။

ဒါကြောင့် –

"မေမေ ပင်ပန်းလာလို့ သွားနားလိုက်ဦးမယ်နော် သမီး"

"ဟုတ် . . . မေမေ"

ဘာမှမသိတဲ့ ထာဝရကတော့ သူ့စိတ်ထဲမှာ အရာရာ အကောင်းတိုင်းပေါ့လေ။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဒေါ်မိုးက ဈေးထဲကနေ သစ္စာပန်းတွေ ဝယ်လာတာကြောင့် ထာဝရ ဘုရားပန်းလဲဖို့ ပြင်နေသည်။ ပြောရရင်တော့ မကောင်းပါဘူး။ မိခင်ဖြစ်သူက ဘုရားမှန်းမသိ တရားမှန်းမသိ ဖြစ်နေချိန်မှာ သမီးဖြစ်သူက ဘာသာတရားကို ကိုင်းရှိုင်းရှိသေလို့ပေါ့လေ။ ဝတ်တာ စားတာကရော မအေလုပ်သူက သမီးနဲ့အပြိုင်။

ထာဝရဆိုတဲ့ မိန်းကလေးက မိခင်ရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် လိမ္မာသိတတ်ခွင့်ရတာမဟုတ်ပါဘဲ ဖခင်ရဲ့ သွန်သင်ဆုံးမမှုတွေကြောင့်သာ ဒီလို လိမ္မာသိတတ်ခဲ့တာဆိုရင် မမှားပါဘူး။

"သမီး"



ခြေသံနှင့်အတူ ခေါ်သံပါ ကြားလိုက်လို့ ထာ လှည့်ကြည့်လိုက်တော့ –

"ဪ . . . မေမေ"

"သမီးက ဘုရားပန်းလဲနေတာကို။ ကောင်းပါတယ်။ မေမေကတော့ သားတွေ သမီးတွေအတွက် အပြင်ထွက်ပြီး စီးပွားရှာရတာနဲ့ ဘုရားမှန်းမသိ တရားမှန်းမသိကို ဖြစ်နေတော့တာ"

"မေမေရယ် . . . တကယ်ဆိုရင် မေမေ စီးပွားရှာဖို့ မလိုအောင် အရာရာပြည့်စုံပြီးသားပါ။ ဖေဖေနဲ့ကိုကြီး ရှာတာလည်း ဒီမိသားစုအတွက်ပဲလေ"

ဒေါ်မင်းမင်းစံ ခေါင်းခါလိုက်ပြီး –

"သမီးက ငယ်သေးတော့ နားမလည်ပါဘူးကွယ်။ လူ့လောဘ အနန္တတဲ့။ ပြည့်စုံတယ်ဆိုတာ ဘယ်တော့မှမရှိဘူး။ ကားတစ်စီးကနေ နှစ်စီးလိုချင်တယ်။ ငါးစီးရှိရင်တောင် ထည့်လဲစီးချင်တဲ့စိတ်။ အဲဒီလောဘတွေ လူအတော်များများမှာရှိကြတယ် သမီးရဲ့"

ကောင်းလိုက်တဲ့ဆင်ခြေ။ လူကြားကောင်းအောင် ဘုရားရှိခိုးသံ ကျယ်တာမျိုးပေါ့လေ။ သားသမီးတွေအတွက်လို့ အကြောင်းပြချက်ပေးပြီး သူရှာနေတဲ့ စီးပွားရေးလုပ်ငန်းက လောင်းကစားကုမ္ပဏီခဲရောနှစ်လုံးရောပါပဲ။ အမှန်တကယ် လုပ်ငန်းတွေရှိထားပေမယ့် ဝင်ငွေထွက်ငွေကမမျှဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



သူရှာတာ သူပဲသုံးနေတာ။

လောင်းကစားသမားက နဲ့သမားနဲ့အတူတူပဲဥစ္စာ။ ပူလိုက်ပိန်လိုက်ပဲလေ။ ဒါကိုပဲ ကြေးကြော်နေတာက သားသမီးတွေအတွက်တဲ့။

"သမီးကတော့ ဒီထက်ပိုပြီး လောဘမကြီးဘူး မေမေ။ အခု လက်ရှိဘဝကိုပဲ ပြည့်စုံတယ်လို့ထင်တယ်။ တစ်ခါတလေ အိမ်မှာနေပြီး မိသားစုအပေါ် မေမေ့ကို နွေးထွေးစေချင်တယ်။ မေမေ အပြင်ထွက်ပြီးအလုပ်မလုပ်ပါနဲ့လားဟင်"

"ဒီမှာ သမီး"

"ရှင်"

"ငွေဆိုတာ ဒုတိယဘုရားသခင်သမီးရဲ့။ ငွေရှိရင် ဘာမဆိုဖြစ်နိုင်တယ်။ အိမ်မှာနေရတာ မွန်းကျပ်တယ်လေ။ အပြင်ကိုထွက်မှ စိတ်လွတ်လပ်မှုအရသာကိုသိတာ။ ကိုယ့်အိမ်က မီးဖိုချောင်ထဲမှာ တကုပ်ကုပ် ချက်ပြုတ်နေပြီး ကိုယ့်ကိုယ်ကိုယ် ထောင်ချတဲ့အလုပ်မျိုး မေမေ မလုပ်နိုင်ဘူး"

"မေမေ"

"လူ့ဘဝဆိုတာ ရခဲတယ်လေ။ မေမေတို့က လူ့ပြည်ကို ခေတ္တအလည်လာကြတဲ့ ဧည့်သည်တွေပါ။ ရောက်တုန်းရောက်ခိုက်မှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးပဲနေချင်တယ်"



"မေမေရယ်"

ထာဝရရင်ထဲမှာ ဆို့နင့်နင့်ဖြစ်သွားရ၏။ မေမေက သားသမီးတွေထက် ကိုယ့်ကိုယ်ကိုယ် ပိုချစ်တဲ့သူလား။ ဒီလိုတော့ မဖြစ်နိုင်ကောင်းပါဘူးလေ။

"ကဲ ... သမီး"

"ရှင်"

"မေမေ သွားတော့မယ်"

"ဟုတ်"

ဒေါက်ဖိနပ်သံပေးပြီး ထွက်သွားတဲ့ မေမေ့ကျောပြင်ကိုကြည့်၍ ထာ သက်ပြင်းလေးချလိုက်မိသည်။ ငွေကိုရေလိုသုံးခွင့်ရခဲ့ပါတယ်။ သူငယ်ချင်းတွေက လိုတရမင်းသမီးလို့ခေါ်ပြီး အားကျလောက်အောင် အပေါ်ယံမှာတော့ ထာ့ဘဝ ပြည့်စုံလုပခဲ့ပါတယ်လေ။ ရင်ထဲမှာတော့ မေတ္တာလစ်လပ်နေရာနဲ့ပေါ့။

ထာလိုချင်တာ ဒီလိုအပေါ်ယံပြည့်စုံမှု မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက ထမင်းချက် ဒေါ်မိုးကသာ ထာ့အပေါ် မိခင်တစ်ယောက်လို ပြုစုယုယခဲ့ပြီး ထာ့မိဘတွေက ထာ့အတွက် အချိန်မပေးနိုင်ခဲ့ဘူးလေ။ ထာလိုချင်တောင်းတခဲ့တာက မိသားစုတွေ နွေးနွေးထွေးထွေးနဲ့ အပြန်အလှန် ချစ်ခင်ယုယဖို့ပါပဲ။

"ဟိတ်"

www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

နောက်ကနေ ပခုံးကိုကိုင်ပြီး လှုပ်လိုက်တာကြောင့် ထာလှည့်ကြည့်လိုက်တော့ ဇေသုရယ်ပါ။

"ဘယ် . . . အသံမပေး ဘာမပေးနဲ့ လန့်လိုက်တာ ဇေသုရယ်"

"ဟာ . . . ငါလာတာ ဒီလမ်းကပဲ ရိုးရိုးလာခဲ့တာလေ။ ဘယ်အပေါက်ကျိုး အပေါက်ကြားကမှ တိုးဝင်လာခဲ့တာ မဟုတ်ဘူး။ ဒီလောက် ခြေသံတရှပ်ရှပ်နဲ့ လာနေတာကို မကြားရ မမြင်ရအောင် နင့်စိတ်က ဘယ်ရောက်နေလဲ ပြောစမ်း"

ပြောရင်း ခေါင်းကိုကိုင်ပြီး လှုပ်လိုက်တော့ –

"ဇေသုနော်"

"ဘာလဲ"

"နင် အနိုင်မကျင့်နဲ့"

"အဲဒါဆို ငါမေးတာ ဖြေလေ။ နင့်စိတ်တွေ ဘယ်ကောင့်ဆီရောက်နေလဲ။ ယီးတီးယားတားတော့မလုပ်နဲ့နော်။ ငါ့အကြောင်းသိသွားမယ် ဘာမှတ်လဲ"

"အံမယ် . . . လူကို စွပ်စွပ်စွဲစွဲနဲ့။ နင့်လိုမှတ်နေလား။ နင်သာ ချောချောလှလှကောင်မလေးတွေက ကိုဇေသုနဲ့ ခင်ချင်လို့ပါဆိုတာနဲ့ နွားပြာကြီးအောက်သွားမရှိပုံစံ ဖြစ်နေတာလေ"





"အဲဒါ လူမှုရေးအရလေ။ အဲဒီလူတွေကို ငါ ပြန်ခင်ခဲ့လို့ သား"

ထာဝရ မျက်စောင်းထိုးပစ်လိုက်၏။ ဇေသုဆိုတဲ့ကောင်က သူ့ကျတော့ခင်ချင်တဲ့သူနဲ့ ခင်၊ ပေါင်းချင်တဲ့သူနဲ့ပေါင်းပြီး ထာဝရကျတော့ ဟိုလူနဲ့ခင်တာမကြိုက်၊ ဒီလူနဲ့ပေါင်းတာမကြိုက်နဲ့လေ။ တစ်ခါတလေ ထာဝရကပဲ သူ့သမီးလေးကျနေတာပဲ။ အော်တာ ပေါက်တာသည်း ခံရသေး၏။

"ဟဲ့"

"ဘာလဲ"

"နင့်ကို ငါ မှာထားမယ်နော်။ ငါမသိဘဲနဲ့ နင် ရည်းစားထားလိုက်ကတော့ ဟွန်း"

"ဘာလုပ်မှာလဲ"

"နှစ်ယောက်စလုံးကို ဓားတုံးတုံးနဲ့ ကြိတ်လှီးပြီး သတ်ပစ်မယ်"

ဒီစကားကျတော့ ထာဝရ ပြုံးချင်ချင်ဖြစ်သွားရ၏။ ဓားထက်ထက်နဲ့ ခုတ်သတ်မှာတောင်မဟုတ်ဘဲ ဓားတုံးတုံးနဲ့ ကြိတ်လှီးပြီး သတ်ပစ်မယ်ဆိုလို့လေ။ ဒါပေမဲ့ –

"ငါ ဘုရားပန်းလဲနေတယ်နော် ဇေသု"

"မြင်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရင် နင် အလိုက်သိလေ။ ကုသိုလ်ယူနေတဲ့လူကို အကုသိုလ်များအောင် လာမလုပ်နဲ့"

"ဘာ"

"ငါ့ကို နေရာတိုင်းမှာ လိုက်ပိတ်ပင်နေရအောင် နင်က ငါ့အဖေ မဟုတ်ဘူး"

"ဒါဆို နင်က ငါ့စကား နားမထောင်ဘူးပေါ့ ဟုတ်လား"

"မထောင်ဘူး"

"မိထာ"

ထာ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ပန်းတွေကိုသာ ပန်းအိုးထဲသို့ ထိုးထည့်နေမိ၏။ ဇေသု လက်ရွယ်ပြီးမှ စိတ်လျှော့ဟန် သက်ပြင်းချလိုက်မိသည်။ ထာ စိတ်ကောက်လို့ စကားမပြောရင် သူမှမနေတတ်ပဲလေ။

ဒီတော့ –

"ထာ"

"– – – – –"

"ထာ"

ထာက ထူးလည်းမထူး၊ လှည့်လည်းမကြည့်တော့ပေ။ ကိုယ်ပဲ ဆရာကြီးလေသံနဲ့ပြောပြီး တစ်ဘက်ကတင်းသွားပြီဆိုတော့ ကိုယ့်ဘက်က ပြန်လျှော့ပေးဖို့ မျက်နှာချိုသွေးလိုက်ပုံမှာ –





"သစ္စာပန်းတွေနော်"

"– – – –"

"ဟုတ်လား"

"– – – – –"

"ထာ"

"ငါ မေးနေတယ်လေ။ သစ္စာပန်းတွေ မဟုတ်လားလို့"

ထာ မျက်နှာလေး ဆတ်ခနဲလှည့်လာကာ –

"နင့်မှာ မျက်စိမပါဘူးလား"

"ပါတယ်လေ၊ ပါလို့မြင်နေတာပေါ့။ သစ္စာပန်းတွေက လှတယ်။ ငါ့သူငယ်ချင်းလေးက အဲဒီပန်းတွေနဲ့အပြိုင်လှတယ်။ နှုတ်ခမ်းစူထားတဲ့ပုံက တကယ်သစ္စာပန်းဖူးလေးအတိုင်းပဲ၊ နှုတ်သီးဖျားလေးက ချွန်ထွက်နေတာပဲ"

"ဇေသုစုတ်"

"မစုတ်ပါဘူးဟာ၊ ရုပ်ကိုကြည့်။ ရှေ့ကကြည့်ရင် နေတိုးဆွားကကြည့်ရင် ဂူလွှန်ဖြိုး"

ဇေသု လက်ပိုက်၍ ခြေချင်းချိတ်ကာ မျက်ခုံးပင့်ပြီး ဟန်ပါပါနှင့်ပြောလေတော့ –

"နောက်က ကြည့်တော့ရော"

"ဘန်နီဖြိုးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တူပါလိမ့်မယ် အားကြီး"

"ထာဝရ"

မညှင်သာတဲ့အသံကြီးနဲ့ ခေါ်လိုက်တာကြောင့် ထာနဲ့ဖေသု လှည့်ကြည့်လိုက်သည်။ ခါးထောက်ပြီးရပ်နေတဲ့ ကိုလေးအကြည့်က အလိုမကျမှုတွေအပြည့်နှင့်ပါပဲ။ ဘာကိုအလိုမကျဖြစ်နေပါလိမ့်။ ဒီရက်ထဲမှာ ကိုကြီးရော ကိုလေးရော စကားသိပ်မပြောကြဘဲ မျက်နှာတွေ တည်နေကြသည်။

ပြောဖြစ်ရင်လည်း ညင်ညင်သာသာမရှိ။ စကားသံတွေက တိပြတ်ပြတ်နှင့်ပါ။ အဆိုးဆုံးက မေမေနှင့် မျက်နှာချင်းမဆိုင်ကြဘူး လို့ထင်တာပဲ။ မေမေ့ကြည့်ရတာတော့ ဘာမှ မထူးခြားပေ။

"ဘုရားပန်းလဲတာ ကြာလှချေလား"

"ပြီးပါပြီ ကိုလေးရဲ့"

"ကိုယ်လုပ်စရာရှိတာ လုပ်ပါလား။ ဘာလို့ စကားများနေတာ လဲ။ မြန်မြန်လုပ် ဟိုမှာ ကိုကြီး နင့်ကို စောင့်နေတယ် ပြောစရာရှိလို့တဲ့။ ကိုကြီးဆီသွားရင် အပိုလူခေါ်မသွားနဲ့နော်။ ကိုကြီးပြောမယ့် စကားက အရေးကြီးပုံရတယ်"

ထာဝရ ဖေသုကို အားနာသလိုကြည့်ပြီး ပန်းအိုးတွေကိုင်ကာ ထွက်လာခဲ့တော့သည်။ ကိုလေးပုံစံက ဖေသုလာတာကိုပဲ မကြိုက်သည့်ပုံပါ။ ဘာဖြစ်လို့လဲ။ အရင်ကတော့ ညီလေး ညီလေးနဲ့





အရမ်းခင်ခဲ့ကြတာပဲဥစ္စာ။ ဖေသု မေမေ ထာ့အပေါ် ဆက်ဆံရေး ပြောင်းသွားတာကို သိလို့များ ကိုလေးလည်း မခံချင်စိတ်နဲ့ ဖေသု အပေါ် ဆက်ဆံရေးပြောင်းသွားတာလား။

"ဖေသု"

"ဗျာ"

"မင်းကို ငါပြောစရာရှိတယ်"

"ဟုတ် ... ပြောပါ ကိုလေး"

"နောက်နေ့တွေ ကျောင်းသွားရင် မင်း ထာ့ကိုလာခေါ်စရာ မလိုတော့ဘူး။ ငါ့ညီမကို ငါကိုယ်တိုင်ပဲ ကျောင်းပို့ကျောင်းကြိုလုပ် တော့မယ်"

"ဘာ ... ဘာဖြစ်လို့လဲ ကိုလေး"

"ငါ့ကို ဘာမှမမေးနဲ့။ အကောင်းဆုံးကတော့ မင်း ဒီအိမ်ကို နောက် လုံးဝမလာပါနဲ့"

"ဗျာ"

"အခုလည်းမင်းပြန်တော့"

ပြောပြီး မျက်မှန်ကိုတပ်ကာ ထွက်သွားတဲ့ကျောပြင်ကို ကြည့်၍ ဖေသု ခေါင်းခါလိုက်မိသည်။ မေမေရော ကိုလေးရော ဘာတွေဖြစ်နေကြတာလဲ နားမလည်နိုင်တော့ပေ။

တူမျှသောဆက်ဆံရေးတွေက ဘာတွေကို အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



ကြမှန်းမသိ။ ကြားထဲက ထားနဲ့ ကိုယ်ကပဲ မခေါ်မပြော နေရဦးမှာ လား။

"ကျွတ်"

စိတ်ရှုပ်စွာနှင့် ခေါင်းကုတ်ပြီး ဖေသုထွက်လာခဲ့တော့၏။ အိမ်ရှင်က နှင်မှတော့ ပြန်ရတော့မှာပေါ့လေ။

ထားတက်မှာလည်း ဘုရားပန်းကပ်ပြီးတာနှင့် ကိုကြီးဆီသို့ သွားလိုက်တော့ –

"ကိုကြီး"

ခေါ်လိုက်တော့ ချစ်မင်း လက်ပ်တော့ပ်တစ်လုံးနှင့် အလုပ် ရှုပ်နေရာမှ –

"ဘာလဲ"

ထားကို မကြည့်ဘဲ ထူးတာဖြစ်၏။ မကြည့်ဆို မျက်လုံးက လက်ပ်တော့ပ်ဆီမှာ စူးစိုက်နေတာလေ။

"ကိုကြီး ထားကိုခေါ်တယ်ဆို"

တုံ့ပြန်သံ ချက်ချင်းမကြားရဘဲ ခဏကြာမှ ထားဆီသို့ အကြည့်ရောက်လာကာ မျက်မှောင်ကြုတ်၍ –

"နှင့်ကိုငါ ခေါ်နေတယ်လို့ ဘယ်သူပြောတာလဲ"

"ကိုလေးပြောတာပါ ကိုကြီး။ ကိုကြီးက ထားကို ပြောစရာ ရှိလို့ ခေါ်နေတယ်ဆိုလို့ ဘုရားရှိခိုးတာတောင် စိတ်မဖြောင့်ဘူး"





ချစ်မင်း တွေခနဲဖြစ်သွား၏။ ချစ်လင်းက ဘာဖြစ်လို့ ထားကို ညာပြီး သူ့ဆီ လွှတ်လိုက်ရတာလဲ။ ဒါ အကြောင်းမဲ့တော့ မဖြစ်နိုင်ပေ။ အဖြစ်နိုင်ဆုံးကတော့ –

"ဖေသု အိမ်ကိုလာသေးလား"

"ဟုတ် ... လာတယ်ကိုကြီး။ အခုတော့ ပြန်သွားပြီ ထင် တယ်။ ဘာဖြစ်လို့လဲဟင်"

ဒါကြောင့်ကိုး။ ချစ်မင်း ထင်တဲ့အတိုင်းပါပဲ။ ဒီတော့ –

"ညီမလေး ဖေသုနဲ့အတူတူ သွားတာလာတာကို ကိုကြီး ကြိုက်ဘူး။ နောက်ကို ဖေသုနဲ့ကင်းအောင်နေပါ။ ကိုကြီးပြောတာ ကြားလား"

"ကိုကြီးကလည်း ဖေသုနဲ့ညီမလေးက ငယ်ငယ်ကတည်း က"

"ငယ်ငယ်ကအကြောင်းကို မပြောနဲ့ညီမလေး။ အခု အခြေ အနေ မတူတော့လို့ပြောနေတာ"

"ဘာဖြစ်လို့လဲ ကိုကြီးရယ်"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့ကိုကြီးတို့ကြားမှာ ညီမလေး သိတဲ့အကြောင်းတွေ ရှိနေတယ်။ ရန်သူမဟုတ်ပေမဲ့ မိတ်ဆွေ လည်း ဖြစ်ခွင့်မရှိတော့ဘူး"

"ရှင်"



www.burmeseclassic.com

ချစ်မင်း ပြောစရာရှိတာပြောပြီး ကိုယ့်အလုပ်ကိုယ်ဆက်လုပ်နေလိုက်သည်။ ဒီထက်ပိုပြီး ပြောမပြောချင်ဘူးလေ။ ညီမလေး စိတ်ထိခိုက်မှာစိုးလို့ပါ။

ထာလည်း ဘာကိုမှ နားမလည်နိုင်စွာနှင့် ခေါင်းလေးငုံ့ကာ နှင့်သာ ဆက်ရပ်နေမိပေမယ့် နောက်ထပ် ဘာမှ မမေးရဲတော့ပေ။

❋



# အခန်း (၅)

"ငါတော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူးဟာ။ ငါ့မေမေနဲ့ နှင့်အစ်ကိုတွေ ဘာဖြစ်နေကြတာလဲ။ ပြဿနာရှိထားတယ်ဆိုလည်း ပွင့်ပွင့်လင်းလင်းပြောပေါ့။ ခုတော့ ကျွတ်"

လူကြီးတွေရှေ့မှာတော့ ငြိမ်နေပြီး အခု ထာနဲ့နှစ်ယောက် ညည်းကျမှ ဖေသု ပေါက်ကွဲနေတာလေ။ ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ် ကောင်းရာမကောင်းကြောင်းတွေ ရှိခဲ့ပြီးမှ အခု ကင်းကင်းနေပါဆိုတော့ သံယောဇဉ်ကြိုးက အပ်ချည်မျှင်လို သွားနဲ့ကိုက်ဖြတ်ရုံနဲ့ ပြတ်တောက်သွားနိုင်တာမျိုးမှ မဟုတ်တာ။

"ထာ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"____"

"နင် သံယောဇဉ်တို့ အချစ်တို့ကို ယုံကြည်လား"

ထာက ဖေသုကို ကြည့်ရုံသာကြည့်နေပြီး ဘာမှပြန်မပြောပေ။ ထာလည်း စိတ်ညစ်နေတာပဲလေ။ အရင်တုန်းက သွားအတူလာအတူ။ ခုကျတော့ သူ့ငယ်ချင်းကို ရည်းစားလို ခိုးကြောင်ခိုးဝှက်နဲ့ တွေ့နေရတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ။

"ထာ"

"_____"

"ဟာ . . . နင်ကလည်း ခုမှ ကျောက်ရုပ်ကြီးကျနေတာပဲ ငါ့ကို တစ်ခုခုပြန်ပြောဦးလေဟာ"

"ငါက ဘာပြောရမှာလဲ"

"ငါ မေးထားတယ်လေ။ သံယောဇဉ်နဲ့အချစ်ကို ယုံလားလို့"

ထာ အကြည့်လွှဲလိုက်ပြီးမှ –

"ဒါကတော့ ကမ္ဘာဦးအစကတည်းက ရှိခဲ့တာပဲ ဖေသုရယ်။ မယုံလို့ရပါ့မလား။ အဲဒီသံယောဇဉ်နဲ့အချစ်ကြောင့် လူတွေအားလုံး ပျော်ရွှင်မှု ဝမ်းနည်းမှုတွေ ဖြစ်တည်လာခဲ့တာပဲ။ လူမပြောနဲ့ တိရစ္ဆာန်တွေတောင်မှ သံယောဇဉ်နဲ့ မကင်းကြလို့ သူနဲ့ ဆိုင်ရာဆိုင်ရာ ပုံပြင်လေးတွေ ရှိလာခဲ့တာပဲလေ။ ပုံပြင်ဆိုတာ ယုံတမ်းစကားပေမယ့်





အကယ့်အဖြစ်အပျက်တွေကို အခြေခံပြီး ဖြစ်တည်လာခဲ့တာပါ"

"ဒါဆို နင့်ကို ငါ မေးမယ်"

"အင်း . . . မေးလေ"

ကင်းကင်းနေပါဆိုပေမယ့် မကင်းနိုင်တာက သံယောဇဉ်ဆိုတာ စုတ်ဖြဲပစ်လို့ရတဲ့ စာရွက်တစ်ရွက်မဟုတ်လို့ပဲလေ။ ဖေသု ခတ်တတ်ရပ်နေရာမှ ထာ့ဘေးမှာဝင်ထိုင်လိုက်ပြီး ထာ့မျက်နှာကို ငေးငေးလေးကြည့်၍ –

"နင် ငါနဲ့မခေါ်မပြောဘဲ နေနိုင်လား"

မေးမှမေးတတ်လေပါ့ ဖေသုရယ်။ မနေနိုင်လို့မှ မကြိုက်ပါဘူးဆိုတဲ့ကြားက ခုလိုတွေ့ဖြစ်နေတာပေါ့။ သံယောဇဉ်အတိမ်အနက်ကို အချိန်ကာလတွေနဲ့ သတ်မှတ်ပိုင်းခြားလို့မှ မရဘဲလေ။

"နင်ပဲ မေးရက်တယ် ဖေသုရယ်။ နင့်ကို မခေါ်ဘဲနေနိုင်မှတော့ ခုလိုတွေ့ပါ့မလား"

"ငါလည်း မနေနိုင်ဘူးဟ"

"အဲဒါနဲ့ ဘာလို့ မေးနေသေးလဲ။ သိပ်လည်း စိတ်ပူမနေပါနဲ့ သူတို့တွေ တို့ကိုမျက်လုံးဒေါက်ထောက်ကြည့်နေနိုင်တာမှ မဟုတ်ဘာ။ တို့အတွက် တွေ့ဖို့အခွင့်အရေးတွေ အများကြီးပါ"

"အင်း . . . ခိုးတွေ့ရတာ ပိုပြီးအရသာရှိသလိုပဲ။ ဘာနဲ့တူနေလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဇေသု"

"____"

"နင် ပေါက်ကရတွေ မပြောနဲ့နော်"

"ငါ ဘာပြောလို့လဲ။ နင်သာ လိုရာဆွဲတွေး"

"ဇေသု"

ထာ အော်လိုက်တော့ ဇေသုက ရယ်နေသည်။ တွေးကြည့်ရင် ဟုတ်တော့လည်း ဟုတ်နေတာပါပဲ။ အရင်လို လွတ်လွတ်လပ်လပ် အတူသွားလာခွင့်မရှိဘဲ ကျောင်းရောက်မှ တွေ့ခွင့်ရတာ၊ ဒါတောင် ဘယ်လိုလိုက်ချောင်းပြီး ဘယ်နေရာကနေ ဘယ်လိုပေါ်လာမလဲ တွေး နေရတာ နောက်ကျောမလုံဘူးလေ။

မသိရင် သမီးရည်းစားလိုလို ဘာလိုလိုကြီး။ ဒါကိုတွေး တော့ ထာ့ရင်ထဲမှာ ရှိုးတိုးရှိန်းတိန်း ဖြစ်ရသည်သာ။

"တို့ ဒီအတိုင်းနေလို့ မဖြစ်ဘူးဟာ"

"ဟင် ... ဒီအတိုင်းမနေလို့ နင်က ဘာလုပ်ချင်လို့လဲ ထကချင်လို့လား။ ကလေ ငါ လက်ခုပ်တီးပေးမှာပေါ့"

"ထာဝရ အစုတ်ပလုတ်မ။ ငါပြောတာက မေမေနဲ့ နှ အစ်ကိုတွေ ဘာတွေတင်းမာနေကြလဲသိအောင် စုံစမ်းဖို့ပြောတာ"

"သြော်"

"ဘာသြော်တာလဲ"





"ပဲပြုတ်"

"မဝယ်သေးဘူး"

"ဒါဆို ဆံပင်တွေဝယ်တယ်၊ ကော်ဘူးကော်ခွက်တွေ ဝယ် တယ်၊ သစာင်းစာအဟောင်းတွေ ဝယ်တယ်"

"တစ်ခုမှ ရောင်းစရာမရှိဘူး"

"ငါရောင်းတာကို နင် တကယ်ဝယ်မှာလား"

"နင်က ဘာရောင်းမှာလဲ"

"နင်ဝယ်မှာလား မဝယ်ဘူးလားပဲပြော"

"နင်က ဘာရောင်းမှာလဲ။ ကြိုက်ရင် ဝယ်မယ်လေ"

ဇေသု ရုပ်တည်ကြီးနဲ့ ဘယ်ဘက်ရင်အုံကို လက်မနှင့် ထောက်ပြီး –

"နှလုံးသား"

အဲဒီလိုပြောလိမ့်မယ်လို့ ထင်မထားတာကြောင့် ထာဝရ ဆ်ကြောင်ကြောင်လေး ဖြစ်သွားလေသည်။ ထာဝရက ရှိုးရိုးပဲ အမြဲ သွားပြီး သူငယ်ချင်းထက်ပိုတဲ့ စိတ်ကူးမျိုး မယဉ်ခဲ့ဖူးဘူးလေ။

"ဘယ်လိုလဲ ဝယ်မှာလား"

"မဝယ်ပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ။ ဝယ်ပါဟာ၊ ငါ လျှော့ဈေးနဲ့ ရောင်းမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်မပြောပါဘူး။ ထိုင်ပြီးပြောနေတာကို"

"ဖေလု"

"အင်း"

အင်းဆိုပြီး မျက်ခုံးပင့်ကာ ထာ့ကိုကြည့်တော့ ထာ့မျက်နှာ လွှဲပစ်လိုက်သည်။ အဲဒီအကြည့်က ဘာလဲ။ ဘာသာမပြန်တတ်ပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးဖြစ်သွားရသည်လေ။

"နင် စိတ်ကူးမရှိသေးဘူးလား ထာ"

"ဘာကိုလဲ"

"ရည်းစားထားဖို့လေ"

"မထားချင်ပါဘူး။ ဘာလို့ထားရမှာလဲ စိတ်ရှုပ်စရာကြီး။ ရည်းစားထားလိုက်တာနဲ့ သူ ဘာတွေလုပ်နေမလဲ။ သူ ခုအချိန် ဘယ်သူနဲ့အတူတူရှိနေမလဲ။ ငါ့ကို တကယ်မှ ချစ်ရဲ့လား။ ငါ့ထက်သာတဲ့သူတွေ့ရင် ငါ့ကိုထားခဲ့မလား။ အဲဒါတွေ တွေးနေရတာကိုက ကိုယ့်အပူကိုယ်ရှာသလိုပဲ။ အေးအေးဆေးဆေးနေတာပဲ ကောင်းပါတယ်"

"အဲလိုလည်း မဟုတ်သေးဘူးလေဟာ"

"ဘာလို့မဟုတ်ရမှာလဲ။ နင်နော် အလကားနေရင်း လာမရှုပ်နဲ့။ ငါ့ဘာသာအေးအေးဆေးဆေးနေတာကို မကြည့်နိုင်ဘူးလား"





"မဟုတ်ပါဘူးဟာ။ နင် သိပ်အပြောမကြီးနဲ့နော်။ အချစ်ဆိုတာ ဘယ်သူမှမကင်းနိုင်တဲ့အရာဟ။ နင်လည်း တစ်နေ့ ဒီဘူတာပဲ ဆိုက်မှာပါ"

ထာက နှုတ်ခမ်းလေး မဲ့ပစ်လေ၏။ မှန်ပါတယ်။ အချစ်နဲ့ လူတိုင်းမကင်းနိုင်ကြဘူးလေ။ ဒါပေမဲ့ . . . ထာက အဲဒီအချစ်ကိုပဲ ကြောက်တာ။ ဇာတ်ကားတွေ၊ ဝတ္ထုတွေထဲမှာ ချစ်ကြိုက် ကွဲညားဆိုတာတွေကို စိတ်ကူးယဉ်ရင်ခုန်ရမယ့်အစား တွေးပြီးကြောက်နေမိတာလေ။ ချစ်ပြီးဝေးရမှာ ကြောက်လို့ မချစ်ခင်ကတည်းက အချစ်နဲ့ ဝေးဝေးနေချင်ခဲ့တာပါ။

"ဆိုက်ကာမှ ဆိုက်ရောဟာ။ ငါကတော့ ကြိုမတွေးချင်ဘူး။ အရာရာကို ကံတရားက စီမံသွားပါလိမ့်မယ်"

"ဟိတ်နှစ်ယောက်"

"ဟိတ်"

"ဝါး"

"အမေ့"

နောက်ကနေ သူငယ်ချင်းတွေ ချောင်းလာတာကို မသိလိုက်တော့ လန့်လိုက်မှပဲ လန့်ဖျပ်သွားကာ ထာက ရင်ဘတ်ကလေးကို ဖိလိုက်မိကာ —

"နင်တို့ကလည်းဟယ် . . . လန့်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် . . . တို့လာတာကိုတောင်မမြင်ဘဲ လန့်ရအောင် နင်တို့နှစ်ယောက် ဘာတွေပြောနေကြတာလဲ"

"တို့ကတော့ ပျောက်လို့ ရှာလိုက်ရတာ။ ခင်းတို့နှစ်ယောက် က ဒီမှာလာပြီး သာယာနေကြတာကိုး။ ဘယ်လိုလဲ၊ ခွဲထွက်တယ် ဆိုတာ မရှိးသားမှုပဲနော်"

"ဘာတွေပြောနေကြတာလဲ။ တို့က ရိုးရိုးသားသားပါ"

"ဘာရိုးသားတာလဲ။ ချစ်စုပြောတာမှန်တယ်နော်။ ဟော့ ကောင် ဇေသု . . . ထာက မိန်းကလေးမို့လို့ ရှက်ပြီးဝန်မခံတာ လက်ခံ နိုင်တယ်နော်။ မင်းကတော့ ဝန်ခံရဲတဲ့သတ္တိရှိတယ် မဟုတ်လား"

"ထောက်ခံပါတယ်"

ချမ်းလင်းစကားကြောင့် ဘုန်းမြတ်က လက်မထောင်၍ အော်လေသည်။ တကယ်ဆို သိပ်ခင်တဲ့သူတို့နှစ်ယောက်ကို သူငယ် ချင်းတွေက အဆင့်တက်လို့ ချစ်သူတွေဖြစ်စေချင်တာပါ။ ဒါလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး။

"ဟဲ့ . . . ထာ"

"ဘာလဲဟ"

"ဟီး ဟီး"

"ဘာ . . . ဟီးဟီးလဲ၊ လူကို နွားကုန်သည်များ မှတ်နေလား"

"အေး . . . နှစ်ချောင်းတော့ကျိုး။ အယ် . . . ဘာတွေလဲဟ



ဒီက နင်တို့အကြောင်းကို ပြောခိုင်းမလို့ဟာကို"

"ဘာပြောရမှာလဲ၊ ဘာမှပြောစရာမရှိဘူး။ ရိုးရိုးလေးတွေး နီနီပဲမြင်မှာ။ ဇေသုနဲ့ငါကြားမှာ အဖြူရောင်သက်သက်ပဲ"

"ဟုတ်လား ဇေသု"

ဘုန်းမြတ်မေးလိုက်တော့ ဇေသုက ခေါင်းမညိတ် ခေါင်း ခါ။ ကြမ်းကျွံရင် နုတ်လို့ရတယ်လေ။ နုတ်လို့မရတဲ့စကားတွေ ကျွံမထားချင်ပါဘူး။ ဒါကိုပဲ သူငယ်ချင်းတွေက စပ်ဖြဲဖြဲမျက်နှာတွေ နဲ့ ဝိုင်းကြည့်နေကြတာ မျက်နှာတော့ ပူသလိုလိုပါပဲ။

ချမ်းလင်းက . . .

"တွေ့လား ဇေသုက ခေါင်းလည်း မညိတ်ဘူး၊ ခေါင်းလည်း ခါဘူးနော်။ အဲဒါ ရှေ့တိုးသာ နောက်ဆုတ်သာ လုပ်တာကွ"

"ဟုတ်တယ်နော် ဇေသု"

"မင်းတို့ကလည်း မသိဘူးကွာ"

ဇေသု ထာ့ကိုအားနာတာနှင့် စကားတွေရှည်လာမှာစိုးပြီး ဆက်လာခဲ့တော့ –

"ဟား ဟား . . . သိတာပေါ့ ဇေသုရာ။ မင်းပါးစပ်ဟာလိုက် တာနဲ့ ဘယ်သွားမှာ သွားချေးပိုကပ်နေလဲဆိုတာကိုလေ"

"ညာဘက်အံသွားက ပိုကပ်မှ။ အဲဒီဘက်က အစာစားတာ ဆိုတော့လေ"



www.burmeseclassic.com

www.burmeseclassic.com

နောက်ကနေ လိုက်လာကြရင်း ပြောနေတာကို ဖေသု မကြားချင်ယောင်ပဲ ဆောင်နေလိုက်သည်။ သူငယ်ချင်းတွေ စုံပြီဆို ဒီလိုပဲ ပေါက်ကရတွေ ပြောနေကျပဲလေ။

❋



## အခန်း (၆)

ကျောင်းပိတ်ရက်ကျတော့ ဖေသုအိမ်မှာနေရတာ ပျင်းတာနှင့် ခါတိုင်းဆို ထာနဲ့ အပြင်ထွက်နေကျပါ။ အခု ထာနဲ့တွဲသွားတွဲလာ မလုပ်ရဘူးလို့ တားမြစ်ပိတ်ပင်ထားတော့ သူငယ်ချင်း ဘုန်းမြတ်ကို ဖုန်းဆက်ချိန်းပြီး ချမ်းလင်းတို့အိမ်သို့ ရောက်လာခဲ့ကြ၏။ ယောကျ်ား လေးချည်းပဲ သုံးယောက်ဆုံပြီဆိုတာနှင့် –

"ချမ်းလင်း"

"ဘာလဲကွ"

"မင်းကို ငါမေးစရာရှိတယ်ကွ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းလင်းက ဘုန်းမြတ်ကိုလှည့်ကြည့်ပြီး မေးလေလျှင်–

“မျက်ဝန်းဆိုတာ နှလုံးသားရဲ့တံခါးပေါက်ဆိုတော့ နှာခေါင်းကျတော့ ဘာရဲ့ တံခါးပေါက်လဲ”

“ဟော့ကောင် ... ဟော့ကောင်၊ ငါ့ကို ကြိုကြိုဖန်ဖန်တွေ လာမမေးနဲ့”

“မင်းကလည်း မသိလို့မေးတာကို”

“မင်း တော်တော်သိချင်လား”

“အင်း”

ချမ်းလင်း မေးစေ့ကိုပွတ်ပြီး ဘယ်လိုပြန်ဖြေရင် ကောင်းမလဲလို့ စဉ်းစားနေမိ၏။ သူက ကြိုကြိုဖန်ဖန်မေးတော့ ကိုယ်ကလည်း ကြိုကြိုဖန်ဖန် ပြန်ဖြေရတော့မှာပေါ့။ ဒါကြောင့် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်စဉ်မှာပဲ –

“ဖြေလေကွာ”

“ရော့”

ချမ်းလင်းက စီးကရက်ကို ကမ်းပေးလေတော့ ဘုန်းမြတ် ငုံ့ကြည့်ပြီး အူကြောင်ကြောင်နှင့်သာ။

“ဘာလုပ်ရမှာလဲ၊ ငါက မင်းတို့လို ဆေးလိပ်မှ မသောက်တတ်တာ”

“မသောက်တတ်လည်း ယူလိုက်၊ မျက်ဝန်းက နှလုံးသားရဲ့





တံခါးပေါက်ဆိုရင် နှာခေါင်းက ဘာရဲ့တံခါးပေါက်လဲဆိုတာ မင်းသိချင်တယ် မဟုတ်လား။ ဒီဆေးလိပ်ကို မင်း နှာခေါင်းမှာ မီးညှိကြည့်လိုက်။ အဲဒါဆို သိလာလိမ့်မယ်”

“ဟာကွာ”

“ဘာလဲ”

“မင်းပြောပုံက ငါကပဲ နှာဘူးကျနေတာပဲ။ မဘူး,ဘူး ဟော့ကောင်ရေ၊ ရှိတဲ့တစ်ယောက်လေးကိုပဲ အရိုးကြေကြေ အရေခမ်းခမ်းချစ်မှာ နားလည်လား”

“အဲဒါဆို မင်း ကြိုကြိုဖန်ဖန် မမေးနဲ့လေကွာ၊ မင်းလို ရည်းစားရှိတဲ့ကောင်က ငါ့လို ဘာညှော်နံ့မှ မကွက်သေးတဲ့ကောင်ကို ပြန်မေးနေတာ တရားသလား”

“မင်းက ညှော်နံ့ထွက်ချင်လို့လား”

မေးလိုက်တာက ဇေလှပါ။ စိတ်ညစ်လို့ထွက်လာပါတယ်ဆိုမှ ဘာတွေပြောနေကြမှန်းမသိပါဘူး။ အခု အကြားမတော်လို့ ဝိတ်နေတဲ့ပါးစပ်ကို ဖွင့်လိုက်မိတာလေ။

“မထွက်ချင်ပါဘူး၊ ထွက်ပြီဆိုရင်လည်း ငါက တူးတူးခါးခါးချစ်တဲ့အနံ့မှ ကြိုက်တာ”

“အဲဒါဆို လာ၊ မင်းကို ငါ မီးနဲ့ရှို့ပေးမယ်”

“အံမယ်”



www.burmeseclassic.com

www.burmeseclassic.com

ချမ်းလင်း ဒူးနှစ်လုံးကို ဖက်ထားလေတော့ ဘုန်းမြတ်က ရယ်လေသည်။

"ခုမှ မျောက်ရုပ်ကလေးအတိုင်းပဲ"

"ခွေးကောင်"

ဇေသုကတော့ မရယ်နိုင်ပေ။ မျက်စောင်းကြီးထိုးပြီး တစ်ဖက်သို့ လှည့်သွားလေသည်။ သူက စိတ်ညစ်နေတဲ့ကောင်လေ။ ပျော်ရွှင်စရာအချိန်ဆိုတာ ရေထဲ ဆားထည့်လိုက်သလို ပျော်ကျသွားပြီထင်ပါရဲ့။

"ဟေ့ကောင်"

"ဘာလဲ"

"မင်းမျက်နှာက ဘာဖြစ်နေတာလဲ"

"ညစ်နေတာလေ ညစ်နေတာ"

ဒီတော့မှ ချမ်းလင်းနဲ့ဘုန်းမြတ် သူ့ဘက်သို့လှည့်လာကြ၏။

"မင်းညစ်တာ ချစ်တာကြောင့် ထင်တယ်"

"ဘာ"

"ဟုတ်တယ်လေ၊ မင်းနဲ့ထားကို ကင်းကင်းနေဖို့ လူကြီးတွေ ကြပ်နေလို့ မင်းညစ်တာမဟုတ်လား။ မင်းက ထားကို မခေါ်မပြောဘဲ မနေနိုင်ဘူးလေ။ မျက်စိအောက်ကတောင် ပျောက်သွားမှာစိုးနေတာ မဟုတ်လား"





"ဟုတ်တယ်ကွ။ အဲဒါတော့ ငါ ဝန်ခံပါတယ်။ အကြောင်းတစ်ခုခုကြောင့် ထားနဲ့ငါ ဝေးရရင်လို့ တွေးမိတိုင်း အသက်ရှူရပ်သွားမလားထင်ရအောင် ငါခံစားရတယ်"

"ဖျောက်"

"ဟုတ်ပြီ ... အဲဒါဆို သေချာတယ်"

"ဟင် ... ဘာလဲ"

ဘုန်းမြတ်က လက်ဖျစ်တီးပြီးဆိုလေတော့ ဇေသု မျက်မှောင်ကြုတ်သွားလေသည်။ သူက ဘာသိလို့ ဘာတွေသေချာနေတာလဲ။ အရင်ကဆို ကျောင်းပိတ်ရက်မှာ ထားနဲ့သူ အတူတူ အပြင်ထွက်ရင်ထွက်၊ ဒါမှမဟုတ် သူ့အိမ်မှာဖြစ်ဖြစ် ကိုယ့်အိမ်မှာဖြစ်ဖြစ် အတူတူရှိနေတာပဲလေ။

အခုကျတော့ ထားကို သူ့အစ်ကိုတွေက အလစ်မပေးသလို ကိုယ့်မှာလည်း လှုပ်ခနဲဆိုတာနဲ့ သား ဘယ်လဲဆိုတာတွေ။ ဘာကြောင့် ဒီလောက်ကြပ်နေမှန်းမသိ။ အဲဒီလိုကြပ်ကာမှပဲ ကိုယ့်ရင်ထဲမှာ ဖြစ်တည်နေတာသည် ထားကို မမြင်ရမနေနိုင် စကားသံလေး မကြားရရင်ပဲ လောကကြီးက ပျော်စရာတွေ ဆိတ်သုဉ်းလို့ သချိုင်းအစ်စပြင်လိုပါပဲ။

"မင်း ထားကိုချစ်နေတာ ဇေသု"

"ဟာ"


www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးလို့ ခေါင်းမခါနဲ့ ဇေသု။ အချစ်စိတ်က ဖိနှိပ်ရင် ရုန်းကြွတဲ့သဘောမှာရှိတယ်။ အရင်တုန်းက အတူသွားအတူလာဆိုတော့ မင်းရင်ထဲမှာ ကာလာမကွဲပြားဘူးပေါ့။ အခု မခေါ်နဲ့ မတွေ့နဲ့ဆိုမှ မင်းရင်ထဲက ကာလာတွေ အပြာရင့် အနီရင့်ဖြစ်နေတာ"

"ဘုန်းမြတ်ပြောတာ ဟုတ်တယ်နော် ဇေသု။ မင်းက မင်းကိုယ်မင်း ဘာမှန်းမသိပေမယ့် တို့က သိနေတာကြာပြီ။ ထာနဲ့ ပတ်သက်လာရင် မင်း ပုံမှန်မဟုတ်တာတွေ။ အခြားကောင်လေးတွေနဲ့ ခေါ်တာပြောတာ၊ ရင်းနှီးမှာစိုးတာတွေ။ အဲဒါတွေက မင်း ထာ့ကို ချစ်လို့ သဝန်တိုခဲ့တာပဲဥစ္စာ"

ဟုတ်လားလို့ သူများကို မေးစရာမလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မေးဖို့လိုနေတဲ့အဖြစ်ပါ။ သံယောဇဉ်နဲ့အချစ်က အတူတူပဲလား။ ဒါမှမဟုတ် ဆင်တူယိုးမှားလိုလိုနဲ့ တသီးတခြားစီလား။ မခွဲတတ်တဲ့ကြားကပဲ သူသိနေတာသည် ထာနဲ့မပတ်သက်ဘဲ သူ မနေနိုင်ပါဘူး။

"ဇေသု"

"————"

"မင်း ထာ့ကိုဖွင့်ပြောသင့်နေပြီနော် ဟော့ကောင်။ ကျောင်းက ပြီးကြတော့မှာ။ တော်ကြာမှ ကိုယ်က မှန်းလိုက် လင်နောက်လိုက်ဖြစ်နေဦးမယ်"





"ဘာ"

"ဘုန်းမြတ်က သဘောပြောပြတာပါ။ ကျောင်းပြီးရင် မင်းဆိုင်ကဖြစ်ဖြစ် ထော့အိမ်ကဖြစ်ဖြစ် လက်ထပ်ပေးရမယ့်သူ ရှိနေပြီဆိုရင် င်းပဲ ငွမ်းမှာ"

ဇေသု သက်ပြင်းချပြီး မျက်နှာကို လက်ဝါးနှင့်ဖိပွတ်လိုက်မိသည်။

"ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူးကွာ"

"ဟာ ... အခုထိ ဘာလုပ်ရမှန်းမသိသေးဘူးလား။ အဲဒါဆိုလည်း မင်း ရင်ကွဲရင် တို့ ဆားသိပ်ပေးဖို့ ဆားပဲ ကြိုဝယ်ထားတော့ မယ် သူငယ်ချင်းရေ ဘာမှမလုပ်နဲ့"

"ရင်ကွဲပါတယ်ဆို ဆားသိပ်ရင် ပိုဆိုးမှာပေါ့ကွ"

"မင်းကို ကြည့်မရလို့ပြောတာ"

"ပြောထားကြပေါ့ကွာ"

ပြောပြီး ဇေသု ထသွားလေတော့၏။ သူငယ်ချင်းတွေ အားလို အားမရဖြစ်အောင် ကိုယ်က ကကယ်ပဲ အသုံးမကျတဲ့ကောင်ဖြစ်နေပြီလားဆိုတာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒေါ်မင်းမင်းစံတို့ခြံရှေ့မှာ ကားကရပ်သွားပြီး ဒေါ်မင်းမင်းစံ ကားပေါ်မှဆင်းဖို့ ကားတံခါးကို တွန်းဖွင့်လိုက်စဉ် –

"စံစံ"

"ဟင်"

ဦးဇေယျက လက်ကို လှမ်းဆွဲထားကာ အပြုံးချိုချိုနှင့်–

"ကိုယ့်ကို နှုတ်မဆက်တော့ဘူးလား"

"ကိုဇေကလည်း နှုတ်ဆက်စရာမှမလိုတာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"နေ့တိုင်းတွေ့နေတာပဲလေ။ ညဘက်ကလေးပဲ ခွဲနေရ





ာကို။ အဲဒီလောက်အကဲမပိုနဲ့ သိလား"

"အကဲပိုတာမဟုတ်ဘူး စံစံရဲ့ ချစ်တာလေ၊ ချစ်တာ။ ဖြစ်နိုင်ရင် ညဘက်လည်း စံစံနဲ့ ကိုယ်က အတူရှိနေချင်တာ။ ဟိုကောင် အောင်ထိုက်ရင်ခွင်ထဲမှာ မထားချင်တော့ဘူး"

"ဒီကလည်း အဲဒီလိုပါပဲနော်။ ကိုယ်မချစ်တဲ့သူရဲ့ရင်ခွင်ထဲ မှာ မနေချင်တော့ဘူး။ ဟန်ဆောင်ရတာ သိပ်မွန်းကျပ်တာပဲ။ ပြီးတော့ ကိုဇေ့ရင်ခွင်ထဲက စုမာကို မနာလိုဘူး သိလား"

ဦးဇေယျ ဒေါ်မင်းမင်းစံ၏ကိုယ်လေးကို ပွေ့ဖက်ထားလိုက်မိ သူတို့ဟာနဲ့သူတို့တော့ ဟုတ်နေကြတာပေါ့လေ။ အခြားသူတွေ ြင်ရင်တော့ တော်သလင်းဇာတ်ခင်းနေတယ်လို့ ပြောကြမှာ။ အဆိုး ဆုံးကတော့ ကိုအောင်ထိုက်နဲ့ စုစုမာပဲဖြစ်မှာပါ။ ဒီအဖြစ်မျိုးကို သူတို့ က ခွင့်လွှတ်ကြည်ဖြူနိုင်မှာတဲ့လား။

ဘယ်သူ့မျက်နှာကိုမှ ထောက်ရကောင်းမှန်းမသိ။ အိမ် ဆောင်ရေးဖောက်ပြန်နေသူတွေကတော့ သူများဘဝတွေကို ချနင်းပြီး ပျော်ကြီးပျော်နေကြခြင်းပေါ့လေ။ သူတို့ကြောင့် နာကျင်အခံစားရ သူတွေက ဘယ်သူတွေဖြစ်မလဲဆိုတာလည်း သူတို့ လုံးဝတွေးမှာ ဟုတ်တာ။

"မနာလိုမဖြစ်ပါနဲ့ စံစံရယ်။ ဒါကတော့ ... သူနဲ့ကိုယ်က ရားဝင်လင်မယားအဖြစ် ရှိနေသေးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ . . . အပြောက တော်တော်ကောင်းတယ်"

ခပ်လှလှထိုးလိုက်တဲ့ မျက်စောင်းက နုလွန်းလို့ အရွယ်နဲ့ မလိုက်ပေ။ ဒါကိုပဲ ရှုမဝလို့ ပြုံးစစနှင့် ကြည့်နေသူက ဦးဇေယျပါ။ နေတော့ ခြိုချင်းကပ်။ ခင်းတဲ့ဇာတ်က ဘယ်သားသမီး ဘယ်အိမ် ထောင်ဘက်ကမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စပါ။

"ကဲ . . . စံစံသွားတော့မယ်နော်"

"နေပါဦး စံစံရဲ့"

"ဘာပြောစရာကျန်သေးလို့လဲ"

"အာဘွားပေးခဲ့"

"ဟာ . . . မကြီးမငယ်နဲ့ ဘယ်လိုဖြစ်နေတာလဲ။ သိပ်ကဲ တာပဲ"

ပါးကိုတိုးကပ်ပေးတော့ ဒေါ်မင်းမင်းစံက ရှက်စနိုးပြုံး၍ တွန်းလွှတ်လေလျှင် –

"ချစ်တာကိုး စံစံရဲ့"

"ကိုယ့်အသက်ကိုယ် အားနာပါဦး"

"ဘာဖြစ်လဲ၊ အသက်သာကြီးတာ အချစ်က ဘယ်တော့မှ အိုမင်းဟောင်းနွမ်းမသွားဘူး စံစံရဲ့။ အဲ့ဒါမြဲတမ်း နုပျိုလတ်ဆတ်နေတာ အချစ်ပဲလေ"

"အပြောကောင်းတယ်"





"ကဲ . . . ပေးကွာ၊ တော်ကြာ စံစံအိမ်က တစ်ယောက် ယောက် ကိုယ့်ကားကိုမြင်သွားရင် မကောင်းဘူး"

"မျက်စိမှိတ်"

ဦးဇေယျ နာခံစွာ မျက်စိမှိတ်လိုက်တော့ ဒေါ်မင်းမင်းစံက ပြုံးနမ်းလိုက်လေသည်။ အစကတော့ အိမ်နီးချင်းတွေမို့ ခင်ကြတာ။ နောက်တော့ စီးပွားရေးအရ ပတ်သက်ခဲ့ပြီး အခုကျတော့ သဒ္ဒါလွန် ရာကနေ ဟိုဟာကျဲ့ဖြစ်ခဲ့ကြတာလို့ပဲ ပြောရမလား။ ကြီးမှမိုက်ကြတဲ့ ကြီးမိုက်တွေ။

သူတို့ကတော့ ပျော်လို့။

မပျော်နိုင်တဲ့သူတွေကတော့ လက်သီးဆုပ်အံကြိတ်ရုံမှလွဲပြီး ဘာမှ မတတ်နိုင်သလို။ မတတ်နိုင်ခြင်းက အရှက်တရားကို မလှစ်ဟ ချင်လို့ပေါ့။

"ကျေနပ်ပြီလား"

"ကျေနပ်ပါတယ်ဗျာ"

"ဒါဆို စံစံသွားတော့မယ်"

"Ok Ok"

ဒေါ်မင်းမင်းစံ ကားပေါ်ကဆင်းလာသည်အထိ ထင်းရှူးပင် အကွယ်ကနေ မှိတ်မသုန် ရပ်ကြည့်နေသူက အငယ်ကောင်ချစ်လင်း ပိုက်ပါ။ ဒေါ်မင်းမင်းစံကတော့ လက်ကိုင်အိတ်ကို ခါယမ်းလို့ ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်ကလေးလို ပေါ့ပါးဖျတ်လတ်နေ၏။

ချစ်လင်း ပြောမှဖြစ်တော့မယ်ဟု လျှောက်လာခဲ့ပြီး –

"မေမေ"

"-----"

"မေမေ"

"ဟင်"

ဒေါ်မင်းမင်းစံ လှည့်ကြည့်ပြီး သားငယ်ကိုမြင်တော့ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ပြီးမှ ဟန်ဆောင်အပြုံးတွေက ပိုရှိုနေလျှက်

"သားငယ်ပါလား"

"မေမေ့ကို သားပြောစရာရှိတယ်"

"အင်း ... ပြောလေ"

သားသမီးတွေ မလိမ္မာတော့ မိဘဆုံးမ ဖမဆုံးမ သားသမီးတွေလို့ အပြောခံရတာ။ မိဘတွေ သိသိနဲ့မိုက်တာကျတော့ ဘယ်လို ပြောကြမလဲ။ သားသမီးက မိဘကိုပြန်ပြီးဆုံးမ သွန်သင်ခွင့်မရှိပေမယ့် ကင်ပွန်းတပ်လို့မရတဲ့ နည်းတစ်ခုနဲ့တော့ –

"မေမေ ဦးဇေယျနဲ့ သွားတာလာတာ ဆင်ခြင်ပါ။ သား ဒါပဲ ပြောချင်တယ်"

"ဘာ"

"မေမေတို့ရဲ့ပတ်သက်မှုကို သားတို့ သိနေတယ်နော်။ ပြော





နေတဲ့ကြားက မေမေတို့ မဆင်ခြင်ဘဲ ထပ်ပတ်သက်နေရင်"

"ဘာဖြစ်လဲ"

"အဲဒီလူကြီးကို သား သတ်ပစ်မှာ"

"ဘာပြောတယ် ချစ်လင်း"

သားနဲ့အမေ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်တဲ့ အကြည့်တွေက သားအမိရယ်လို့ နွေးထွေးမှုမရှိ။ ရန်သူများလိုပင်။ အချစ်ဆိုတဲ့အရာကို တိုက်ရိုက်ဖျက်ဆီးရင် မိသားစုကအစ ရန်သူလို ဖြစ်သွားတာ သဘာဝလိုဖြစ်နေပေမယ့် လူငယ်လူလွတ်တွေအတွက် သာ ကြားကောင်းမှာပါ။

အိမ်ထောင်ရေးဖောက်ပြန်သူတွေအတွက်တော့ –

"ဟုတ်တယ် မေမေ၊ မေမေတို့ လူငယ်တွေမဟုတ်ဘူးနော်။ လူငယ်ဖြစ်နေရင်တောင် ဒီကိစ္စကို ဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူး"

"ဒီမှာချစ်လင်း"

"-----"

"ငါက နင့်ကို မွေးထားတဲ့ အမေနော်။ မအေထက် သား အစ်လကြီးမလုပ်နဲ့"

"ဟာ ... လုပ်သင့်လို့လုပ်နေရတာပေါ့ မေမေ။ အဲဒီလို လုပ်တာ မအေဖြစ်နေလို့"

"မအေမဟုတ်ရင် နင်က ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မအေမို့လို့ မပြောထိုက်ပေမယ့် ဒေါ်သာက ပါးစပ်ပိတ်ပြီး မျိုသိပ်ခွင့်မပေးပေ။ နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း စကားလုံးတွေ တက်ဆောင့်လို့ ရင်ဘတ်ပင်အောင့်လာသလိုလို။

ယုံ့ကြောင့် ပြောလိုက်ရမှ သက်သာမလားလို့။

"အမေသာမဟုတ်ရင် ရိုက်သတ်ပစ်လိုက်တာ ကြာပြီ"

"ဘာ"

"သားကို ရိုင်းတယ်လို့ပြောပါ။ အဲဒီလိုရိုင်းအောင် မေမေ လုပ်နေတာ"

"ငါက"

"မယုံမရှိနဲ့ မေမေ့ကို ကလေးလို ရိုက်ဆုံးမလို့မရတဲ့အတွက် ဟိုလူကြီးကိုပဲ သတ်ပစ်မှာ"

"ချစ်လင်း။ ကြည့်စမ်း . . . . ငါ့ကိုပြောသွားတာ"

ချစ်လင်း လှည့်မကြည့်တော့ပေ။ ဒေါ်မင်းမင်းစံ မိုး အောက်ကနေလှန်ရှာတဲ့အဖြစ်မျိုး ကြုံလိုက်ရတော့ ဒေါ်သာဖြစ် အသားတွေ တဆတ်ဆတ်တုန်ကျန်ခဲ့၏။

❋



# အခန်း (၈)

"အား"

ဆိတ်ဖလူးပန်းနံ့တွေက နှာခေါင်းထဲသို့ မွှေးကြိုင်စွာတိုးဝင်လာတာမို့ ထာ ပန်းရနံ့တွေကို သယ်ဆောင်လာတဲ့လေကို မျက်လုံးလေးမှိတ်ပြီး အားရပါးရ ရှူရှိုက်ပစ်လိုက်၏။ ပြီးမှ ဆိတ်ဖလူးပင်ရှိရာ ခြံထောင့်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်တွင် –

"ဟင်"

အကျီက တီရှပ်အစိမ်းရောင်ကို ဝတ်ထားတာမို့ အဝေးကနေ ရုတ်တရက် မသိနိုင်ပေမယ့် ဆိတ်ဖလူးပင်နှင့် နီးလာတော့ မြင်လိုက်ရတာသည် ဆိတ်ဖလူးပန်းတွေကောက်နေတာ –



www.burmeseclassic.com

www.burmeseclassic.com



"ဇေသု"

"____"

"ဇေသု"

"ဟင်"

ဇေသုက လှည့်ကြည့်ပြီး ထာ့ကိုမြင်တော့ နှုတ်ခမ်းသားလေးတွေ ပြုံးသွားသည်။

"နင် ဘာလုပ်နေတာလဲ"

"ပန်းကောက်နေတာလေ"

"ဘုရားတင်ဖို့လား"

ထာမေးတော့ ဇေသု နားရွက်ကို ပွတ်လိုက်မိ၏။ ဘုရားတရားကို မေ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အခု သူပန်းလာကောက်တာ ကိုယ့်အိမ်က ဘုရားကိုလှူဖို့ ရည်ရွယ်ချက်မရှိဘူးလေ။ ဒါကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားတာပါ။ အစကတော့ ပန်းရနံ့တွေ မွှေးလို့ လာခဲ့မိတာ။

ဆိတ်ဖလူးပင်အောက်ကိုရောက်တော့ ပန်းတွေက ကြွေနေတာ ဖွေးဖွေးဖြူလို့ပါ။ ဒီအတိုင်း နွမ်းသွားရင် နှမြောစရာကြီးဆိုပြီး အိမ်ကိုသွားခေါက်ပြန် ထည့်စရာ စတီးလင်ဗန်းလေးနှင့်အတူ သီစရာကြိုးတွေပါယူလာပြီး အခုလို ပန်းတွေကောက်သီဖြစ်တာသည် ထာတို့အိမ်က ဘုရားကိုလှူဖို့နဲ့ ထာပန်ဖို့အတွက် ရည်ရွယ်ခဲ့တာပါ။





"ဟဲ့"

"ဘာလဲ"

ထာက သူ့ဘေးနားမှာဝင်ထိုင်ပြီး ထပ်ခေါ်လေ၏။

"ငါမေးတာကို မဖြေဘူး"

"ဖြေမလို့ပါဟ။ ဘုရားတင်ဖို့တော့ ဘုရားတင်ဖို့ ဟုတ်ပါတယ်"

"ဘာက မဟုတ်တာလဲ"

"တို့အိမ်ကဘုရားကိုတင်ဖို့တော့ မဟုတ်ဘူး"

"ဟင် . . . ဟုတ်လား၊ ဒါဆို နင် ဘယ်ဘုရားသွားမလို့လဲ ဇေသု။ ငါပါ လိုက်ခဲ့မယ်လေ၊ နင်နော် အရင်လိုမဟုတ်ဘူးသိလား။ ဘုရားသွားမှာတောင် ငါ့ကို ကြိုမပြောဘူး"

"ငါက ဘာကို အရင်လိုမဟုတ်တာလဲ။ အရင်အတိုင်းပဲ ဘာမှမပြောင်းလဲဘူး"

"ဒါနဲ့များ"

ထာက မျက်စောင်းလေးထိုးပြီး ဇေသုကောက်ထားတဲ့ ပန်းတွေထဲသို့ သူမကောက်ထားတဲ့ပန်းတွေကိုထည့်လိုက်သည်။

"နင်ကလည်း အပြစ်တင်ဖို့ပဲသိတယ်။ ငါ ဘယ်ဘုရားမှ သွားပါဘူးဟ။ ဒီပန်းတွေကို ငါသီပြီးရင် နင့်ကို လာပေးမလို့ပါ။ နင်တို့အိမ်က ဘုရားကိုလှူဖို့နဲ့ နင်ပန်ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"တကယ်မဟုတ်လို့ ငါက ညာရမှာလား"

"ဟွန့်"

ထာက နှာခေါင်းလေးရှုံ့လေတော့ –

"အဲဒါ ဘာဖြစ်တာလဲ"

"ကဗျာမဆန်လိုက်တာ"

"ဘာကိုလဲ"

"နင်ပဲ စဉ်းစားကြည့်လေ။ ဘုရားတင်ဖို့ကထားပါတော့။ ဘာပန်းပဲဖြစ်ဖြစ်ရတယ်။ ငါပန်ဖို့အတွက်ဆိုရင်တော့ ဘယ်လိုလုပ်ပြီး ကဗျာဆန်မှာလဲ။ သူများတွေက ခရေ၊ စံပယ်၊ နှင်းဆီ၊ သစ်ခွ ဒါမျိုးတွေ ပေးကြတာလေ။ နင့်ကျမှ ဆိတ်ဖလူးပန်းပေးရတယ်လို့"

ထာ ပြောလိုက်တာက ဘာရယ်မဟုတ်ပါဘူး။ ရင်ထဲမှာလည်း ဘာမှမရှိပေ၊ ဧသုကို စချင်ရုံသက်သက်နဲ့ ပြောလိုက်တာပါပဲ။ ဒါပေမဲ့ ဧသုရင်ထဲမှာက ကာလာတွေ ရင့်နေပြီဆိုတော့ –

"ကဗျာဆန်တာ မဆန်တာက လက်ခံသူရဲ့ ခံစားချက်အပေါ်မှာပဲမူတည်တာလေ။ တန်ဖိုးထားတတ်ရင် ခွေးသေးပန်းက သဇင်ပန်းထက် ပိုမွှေးပြီး ပိုလှချင်လှနေမှာ။ ငါပေးမှာ ခွေးသေးပန်း မဟုတ်ဘူး"

"ကဲ . . . ဟုတ်ပါပြီ"

"မဟုတ်တာက ဘာလဲ"





"နင်ကလည်း ကတ်သတ်မေးပြန်ပြီ၊ အကုန်လုံး ဟုတ်တယ်ဆိုတာ၊ နင် ဘာပဲလုပ်လုပ် အကုန်ဟုတ်တယ်"

"တကယ်လား"

"ဟင်"

ပန်းကောက်နေရင်း ထာ လှည့်ကြည့်လိုက်တော့ ဧသုက ပန်းတွေသီရင်း ပြုံးစိစိနှင့်မို့ –

"ငါက အကောင်းပြောတာကို နင် ဖောက်မလာနဲ့နော်"

"ငါဖောက်ရင် နင်ဖာပေးလေ"

"ဘာ . . . ဧသု ခွေးစုတ်၊ ကဲ"

ထာ ပန်းတွေနှင့် ပစ်ပေါက်လေတော့ ဧသုက လက်ကာရင်း တဟားဟားနှင့်ရယ်လေသည်။ ဧသု ဒီလိုအချိန်လေးတွေကိုပဲ လိုချင်မိတာ။ ဒါပေမဲ့ အမြဲမရနိုင်ဘူးဆိုတာ တွေးမိတော့ ရင်ထဲမှာ ဘာခနဲဖြစ်သွားသလိုလိုနှင့်ပါ။

အခုလည်း ထာနဲ့တွေ့ရလိမ့်မယ်လို့ မထင်ဘဲ တိတ်တိတ်ဆိတ်ဆိတ် တစ်ယောက်တည်း ပန်းကောက်နေခဲ့တာ။ မထင်မှတ်ဘဲ ထာ ရောက်လာလို့ အခုလိုလေး စိုပြေသွားခဲ့တာပါလေ။

"မိထာ"

"မခေါ်နဲ့"

"ငါက အကြောင်းမဟုတ်ဘူးနော်။ ပန်းလေးတွေ နင့်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ။ နွမ်းမှာစိုးလို့တောင် လာကောက်တာကို''

''အရှုံး''

''ဘာ''

''အခုလိုကောက်ပြီးသီတော့ရော မနွမ်းဘဲနေမှာမို့လို့လား''

''နွမ်းတော့နွမ်းတာပေါ့ဟ။ ဒါပေမဲ့ နွမ်းရမှာချင်းအတူတူ အကျိုးရှိစေချင်လို့ပေါ့''

ထာ့လက်တွေ ရပ်တန့်သွားပြီး ဇေသုကို ငေးခနဲကြည့်ဖြစ်သွား၏။ ဒီလိုကျတော့ ဒီကောင်က ကဗျာဆန်တတ်ပါလား။ ယောက်ျားပေမယ့် ကြည့်လို့ကောင်းတဲ့ လက်ချောင်းဖြူဖြူသွယ်သွယ်လေးတွေက ပန်းတွေကို တစ်ပွင့်ချင်းကောက်သီနေတာ စိတ်ရှည်လက်ရှည်ပါ။ ထာတို့အိမ်က ဘုရားကိုလှူဖို့နဲ့ ထာပန်ဖို့အတွက်တဲ့လား။

သူပြောတာလည်း ဟုတ်သလိုလိုပါ။ ဒီအတိုင်းထားရင် ပန်းကလေးတွေ နွမ်းသွားမယ့်အတူတူ ဘုရားတင်တော့ ကုသိုလ်ရ၊ ခေါင်းမှာပန်တော့ သူတို့ဘဝလေး ပန်ရသွားတာပေါ့။ သူ့စိတ်ကူးကို သဘောကျပေမယ့် စချင်တဲ့စိတ်က –

''တကယ့်ဂေါက်သီးပဲ''

''ဘာပြောတယ်''

''အား''

ဇေသု ထာ့လက်ကို ခပ်ကြမ်းကြမ်းဆွဲလိုက်တော့ ထာ သူ့





ဘက်သို့ ယိုင်ပြီး ဖင်ထိုင်လေးကျသွားလေသည်။ ဇေသုက သူ့မအနားသို့ ပူးပူးကပ်ကပ်ရောက်လာပြီး –

''ထပ်ပြောကြည့်စမ်း . . . ငါ့ကို ဂေါက်သီးလို့''

''ပြောတယ် ဘာဖြစ်လဲ။ ဂေါက်သီး ပေါပွင့်ချာရွက်''

''ထပ်ပြော''

''အ''

နောက်ကနေ သိမ်းဖက်လိုက်တာကြောင့် ထာ အလန့်လန့်အဖျတ်ဖျတ်နှင့်ရုန်းကာ –

''ဇေသု နင် ဘာလုပ်တာလဲ ဖယ်နော်''

''ထပ်ပြောလေ . . . ထပ်ပြော''

''ဂေါက်သီး ပေါပွင့် ချာရွက်''

''ကဲ''

''ဇေသု''

ဖက်ထားသည့်အပြင် နားသီးဖျားကိုပါ လိမ်ဆွဲလိုက်သေး။ ထာ သူ့လက်မှလွတ်မြောက်ရေးအတွက် ကြိုးစားနေတာ မအောင်မြင်။ ထို့ကြောင့် သူ့လက်ခုံကို ဆွဲဆိတ်လိုက်တော့–

''အား''

သည်တော့မှ သူ ထာ့ကိုလွှတ်ပေးပြီး ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် လက်ခုံကို ပွတ်နေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်နာသွားလား"

"နာတာပေါ့ဟ၊ နင် အရမ်းရက်စက်တာပဲ"

"အံမယ် . . . နင် ဘာဖြစ်လို့ ငါ့ကိုလုပ်သေးလဲ"

"ငါက ချစ်လို့စတာကို"

"ဟင်"

ဖေသု လွှတ်ခနဲထွက်သွားပြီး ရင်ထဲမှာ နွေးခနဲဖြစ်သွားခြင်းနှင့်အတူ –

"ရပါတယ်၊ စောစောက ပန်းနဲ့ပေါက်တာလို့ပဲ ရောပြီး သဘောထားလိုက်ပါ့မယ်"

"ပြစမ်း"

ထာ လက်ခုံကိုပွတ်နေတဲ့ ဖေသုလက်တစ်ဖက်ကို ဆွဲဖယ်လိုက်တော့ စိတ်မကောင်းဖြစ်သွားရ၏။ လက်ခုံမှာ သွေးတွေစို့နေသလေ။ ထာ လွန်သွားပြီလားလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှအပြစ်တင်မိရင်း –

"ဆောရီးနော် . . . ငါ မန်းပေးမယ်"

"မန်းပေးလို့ နာတာက ပျောက်မှာမှ မဟုတ်တာ"

"ဒါဆို ငါဘာလုပ်ပေးရမလဲ"

"လက်ကို မမန်းနဲ့၊ ပါးကို နမ်း။ အဲဒါဆို ပျောက်မှာ"

ဖေသုစကားကြောင့် ထာ သူ့လက်ကိုလွှတ်ချပြီး တစ်ဖက်





...လှည့်သွားလေသည်။ ခေါင်းကိုငုံ့ထားသဖြင့် ဆံပင်တွေက မျက်နှာ...ကွယ်နေလျှင် ထိုဆံပင်တွေကို ဖေသု ဖယ်လိုက်စဉ်မှာပဲ –

"ဖေသုတ"

"____"

"ဟင်"

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်တော့ သူတို့ဆီသို့ ခြေ...လှမ်းကျဲနှင့် လျှောက်လာနေသော ဖေသုမေမေ ဒေါ်စုစုမာပါ။ အနား...ရောက်တော့ ခြေလှမ်းတွေရပ်သွားပြီး သူတို့ကိုကြည့်လိုက်တဲ့မျက်ဝန်း...တွေက မီးကွင်းမီးစက်များပမာ။

"မေမေ"

"ဒါ ဘာလုပ်နေကြတာလဲ"

"ပန်းကောက်နေတာလေ မေမေရဲ့"

"ပန်းကောက်တာ မိန်းကလေးတွေရဲ့အလုပ်။ နင်က ဘာ...လို့ လုပ်နေရတာလဲ"

"ဘုရားတင်"

"ငါ့ကို ဆင်ခြေမပေးနဲ့။ ဘုရားတင်ဖို့အတွက် ဈေးထဲမှာ ...ချီးစုံ ဝယ်လို့ရတယ်။ ဘယ်သူမှ အသုံးမချလို့ မြေခနေတဲ့ပန်းကို ...က ဘာလို့ အပင်ပန်းခံပြီးကောက်နေရတာလဲ။ သူ့အပင် ...ယ်လောက်မြင့်မြင့်၊ သူ့ရနံ့ ဘယ်လောက်ပဲမွှေးမွှေး အကြွေလွယ်



www.burmeseclassic.com

www.burmeseclassic.com

လို့ မြေဝယ်ခနေတဲ့ပန်းကို ငါ့သား တယုတယနဲ့ ကောက်နေစရာမလို ဘူး''

''မေမေကလည်း ဘာပဲဖြစ်ဖြစ် ပန်းကပန်းပဲလေဗျာ။ မြေ လို့ကောက်ပြီး လှလို့ပန်ကြတာ သဘာဝပဲဥစ္စာ''

''မေမေကလည်း သဘာဝကို ဆန့်ကျင်နေတာ မဟုတ်ဘူး အပင်ဘယ်လောက်ပဲမြင့်မြင့် ကိုယ့်အဆင့်ကို ကိုယ်ကိုယ်တိုင် တန်ဖိုး ထားမှ လူမြင်တင့်တယ်သား''

ဒေါ်စုစုမာ သူ့သားကိုပြောနေတာပေမယ့် ထော့ကိုကြည့်ပြီး ပြောနေတာမို့ ထော့စိတ်ထဲမှာ မတင်မကျ ဖြစ်သွားရသည်။ ဒါ ကိုယ့်ကို ပြောချင်တာလား။ ဘာကိုပြောချင်တာလဲဆိုတာကို မမျှသိပ်နိုင်စွာ

''နေပါဦး ...အန်တီက ထော့ကိုကြည့်ပြီးပြောနေတာဆို တော့ ထော့ကို ပြောချင်လာလား မသိဘူး''

''ဟုတ်တယ်''

ဒေါ်စုစုမာကလည်း ခပ်ပြတ်ပြတ်ပါပဲ၊ အရင်က သမီး တစ် ယောက်လိုချစ်ခဲ့ပေမယ့် အဲဒီမေတ္တာတရားကို ဆားခတ်ပြီး ငန်အောင် လုပ်တာက သူ့အမေ။ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့အမှားကိုမှ ကျူးလွန် ခဲ့တာဆိုတော့ လက်သည်းဆိတ်မှာ လက်ထိပ်နာမှာ မဟုတ်ဘူးလား

''အန်တီ ဘာကိုပြောချင်တာလဲ။ ထော နားလည်အောင် ရှင်းရှင်းပဲပြောပါ''





''သားသမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ မင်းကို ငါ မျက်နှာတည့် ...ည့်ကြည့်ပြီး မပြောရက်ဘူး ထော၊ မင်းသိချင်ရင် မင်းအမေကို ...ကြည့်လိုက်''

ဘယ်သူက ဘာဖြစ်နေလို့ မေမေ့ကို မေးကြည့်ရမှာလဲ။ ...နှုတ်စကားထဲမှာက မြင့်တာတွေ နိမ့်တာတွေနဲ့၊ ထော ဘယ်သူကို ...ဘယ်လိုနားလည်ရမှန်းကို မသိတော့ပါဘူး။

''သား လာသွားမယ်''

''မေမေ''

''လာစမ်း''

ဒေါ်စုစုမာ သားကိုဆွဲခေါ်တော့ ဖေသု လက်ထဲမှာ ပန်းဗန်း ...သားက ကိုင်ထားလျက်ပါ။ ဒါကို ဒေါ်စုစုမာ ဆွဲယူလိုက်ပြီး –

''ပေးစမ်း''

''မေမေ ဘာလုပ်မလို့လဲ''

''လူတစ်ယောက်ရဲ့သိက္ခာထက် ဒီဗန်းက ပိုပြီးတန်ဖိုးမရှိ ...''

''ခွမ်း''

''အမေ့''

''ဟာ''

ဗန်းကိုလွှင့်ပစ်လိုက်တော့ ပန်းတွေက ပြန့်ကြဲသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နွမ်းတာတောင် တန်ဖိုးမဲ့စွာ အလဟဿနွမ်းသွားမှာစိုးလို့ ဇေသု ကောက်ထားတဲ့ပန်းတွေက အခုတော့လည်း တန်ဖိုးမဲ့စွာနဲ့ နွမ်းရဦးမှာပါလား။ မထင်မှတ်လို့ မယုံနိုင်စွာနှင့်သာ။

"မေမေ . . . ဘယ်လိုလုပ်လိုက်တာလဲ"

"သားလက်နဲ့မတန်လို့ လွှင့်ပစ်လိုက်တာ ရှင်းလား"

"မေမေဗျာ၊ ဒီပန်းတွေမှာ ဘာအပြစ်ရှိလို့လဲ။ ပန်းကို ပန်းလို့ပဲ မြင်ပေးစမ်းပါ"

"နှင့်ပါးစပ်ကိုပိတ်ထား။ ငါ့ပါးစပ်က ဒီထက်ကြမ်းတဲ့စကားလုံးတွေ ထပ်ထွက်တာ မကြားချင်ရင် အခုပြန်လိုက်ခဲ့"

ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ။ ထာ ကြည့်နေတုန်းမှာပဲ ဇေသု မေမေက ဇေသုကို မရမက ဆွဲခေါ်သွားလေသည်။ အရင်တုန်းကတော့ အတူတူသွားပါ၊ အတူတူစားပါခဲ့ိုင်းပြီး အခုကျတော့ ထာတို့ခြံထဲကပန်းနဲ့ သူ့သားလက်က မတန်ဘူးတဲ့လား။

မတန်ဘူးဆိုရင် မတန်တဲ့အတိုင်း ထာဝရဆိုတဲ့မိန်းကလေးသည် ဘယ်လိုစိတ်ပိုင်းဆိုင်ရာနဲ့ တည်ဆောက်ထားသလဲဆိုတာ။

*



# အခန်း (၉)

"မေမေ ဘာဖြစ်နေတာလဲ။ သားကို ဘာဖြစ်စေချင်တာလဲ။ ပွင့်ပွင့်လင်းလင်း ပြောပါ။ ထာ့ကို ခုလိုဆက်ဆံတာတော့ မကောင်းပါဘူး။ မေမေပြောတဲ့စကားတွေကြောင့် သား ထာ့ကို မျက်နှာပူတယ်။ ဘာလိုင်းကြီးဆိုတော့ ဘယ်လောက်အားနာဖို့ကောင်းလဲ"

"ဇေ သု တ"

ဇေသုတဆိုတဲ့နာမည်ကို ခေါ်စုစုမာ ခေါ်လိုက်တာ တစ်လုံးချင်းပါ။ ဤသို့ဤနှယ် ခေါ်လိုက်ခြင်းအားဖြင့် လေပြေသွေးနေမယ် မဟုတ်မှန်း သိသာလှပေ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားခြင်းအားဖြင့် ပြောချင်တဲ့စကားလုံးတွေမှုးပြီး အချို့စကားတွေကို မျိုသိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတာ မွန်းကျပ်လို့လေ။

"မင်းက မေမေ့ကိုပဲ မှားတယ်လို့ အပြစ်မြင်နေတာလား သား"

"အပြစ်မြင်တာ မဟုတ်ဘူးလေ။ ဘုမသိ ဘမသိနဲ့ ထာ အခံရခက်ကျန်ခဲ့မယ့်အကြောင်းကို ပြောပြတာ။ တကယ်ဆို မေမေ ဘာဖြစ်နေတယ်ဆိုတာ သိအောင် အကြောင်းပြချက်တစ်ခု ပေးသင့်တာ။ အခုက အကြောင်းပြချက်မရှိ ဘလိုင်းကြီးဖွဲ့နေတာနဲ့ မတူဘူးလား"

"ဒီမှာ သား"

"_____"

"မေမေ ထာ့ကို သမီးလေးတစ်ယောက်လို ချစ်ခဲ့တယ်။ မေမေ ဘာကြောင့် ခုလို ဆက်ဆံရလဲဆိုတာ ခိုင်လုံတဲ့ကြောင်းပြချက် ရှိတယ်။ ဒါပေမဲ့ အဲဒီအကြောင်းပြချက်ကို မေမေ့ပါးစပ်က ပြော မထွက်ဘူး။ တကယ်ဆိုရင် ထာ့ကို မေမေ လက်ညှိုးငေါက်ငေါက်ထိုး ပြီး ရစ်ရာမရှိအောင် ပက်ပက်စက်စက် ပြောလို့ရတယ်။ အဲဒီလောက် အထိ မပြောတာကိုက လက်ကျန်သံယောဇဉ်လေးရှိနေသေးလို့ မပြောရက်ခဲ့တာ"

"မေမေ"

"___"





"ထာက ဘာဖြစ်နေလို့လဲ။ သူ့ကို မပြောချင်နေ သားကို တော့ မေမေ ပြောသင့်တာပေါ့။ ဘာမှမသိရဘဲနဲ့တော့ သားကို ဘာနဲ့ မပတ်သက်ဖို့ မပြောပါနဲ့၊ သား လက်မခံဘူး"

"သား"

ဒေါ်စုစုမာ သားကိုကြည့်ပြီး မျက်ရည်တွေ ဝဲလာ၏။ ဘယ် လိုပြောထွက်ပါ့မလဲ။ မင်းဖေဖေနဲ့ ထာ့မေမေက ဒီလိုဒီအကြောင်း ရှိနေပါတယ်လို့လေ။ ကိုယ့်ရင်ထဲမှာသာ မီးတောက်နေပြီး သားကို ပြောရက်လို့မပြောခဲ့တာ။ သားသိရင် ရှက်မှာပေါ့။ သားလေး အရမ်း ခံစားရမှာစိုးလို့ ကိုယ်ဘာသာ ကျိတ်ပြီး ဖြေရှင်းဖို့ကြိုးစားနေခဲ့တာ။

ဒါပေမဲ့ စိတ်ဆိုတာ ကြိုးချည်တုပ်နှောင်ထားလို့ရတဲ့အရာမှ မဟုတ်ဘဲလေ။ ထောက်ထားစရာမျက်နှာတွေ ရှိနေပါလျက်နှင့် ဘယ်သူ့မျက်နှာကိုမှမထောက်ဘဲ ဖောက်ပြန်နေတဲ့သူတွေကို ဒေါသ ထွက်ရင်း ထိုဒေါသတွေက မကောင်းရာမကောင်းကြောင်းတွေဆီ ကူးစက် သွားခဲ့တာပါ။

"ထာက ဘာမှမဖြစ်ပါဘူး။ ဖြစ်နေတာက သူ့အမေ"

"ဗျာ"

"မေမေ ဒီအကြောင်းတွေ ပြောမပြချင်ဘူး သား။ မပြော ချင်လို့ပဲ မေမေတစ်ယောက်တည်း ကျိတ်ခံစားနေရတာ ဘယ်လောက် ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ။ အန်တီမင်းက ဘာဖြစ်နေလို့ မေမေက ကို ခံစားနေရတာလဲ။ တကယ်ဆို အိမ်နီးချင်းတွေမို့ မကောင်းရာမကော ကြောင်း အန်တီမင်းအတွက် စိတ်မကောင်းဖြစ်စရာရှိလည်း တော တန့်ရုံပေါ့။ ဒီခုက အစွန်းရောက်နေသလိုလို။

"အန်တီမင်းက ဘာဖြစ်နေလို့လဲ မေမေ"

သားနဲ့မျက်နှာလွှဲလိုက်ချိန်မှာပဲ ရှိုက်သံက မသိမသာ ထွ သွားရသည်။

"ဘယ်လိုလူမျိုးမှ ခွင့်မလွှတ်နိုင်တဲ့အမှားကို သူတို့ ကျူ လွန်နေကြတာလေ"

လေသံက မာသွားပြန်၏။

"သူတို့ ဟုတ်လား"

"ဟုတ်တယ် သား"

"ဒါဆို အန်တီမင်းအပြင် အခြားလူရှိသေးတယ်ပေါ့။ အဲ လူတွေက ဘယ်သူတွေလဲ။ သူတို့က ဘာတွေလုပ်နေကြလို့ မေ ဒီလောက် ခံစားနေရတာလဲ။ ပြီးတော့ . . . အန်တီမင်းပြုခဲ့တဲ့အ က ထာနဲ့ ဘယ်လိုသက်ဆိုင်နေသလဲ မေမေ။ ထာ့ဆီကို ကူးစ လောက်အောင် အန်တီမင်းက အန်တီမင်း၊ ထာက ထာပဲလေ"

"မေမေ ဒီထက်ပိုပြီး ဘာမှမပြောချင်ဘူး သား။ မေမေ ဘာမှထပ်မမေးပါနဲ့တော့"





"မေမေ"

"မင်း ထာနဲ့ လုံးဝမပတ်သက်ပါနဲ့။ အတန်တန်တားနေတဲ့ ကြားက ပတ်သက်နေဦးမယ်ဆိုရင် မေမေ့ပါးစပ်က ယုတ်မာကြမ်းတမ်းတဲ့စကားလုံးတွေထွက်ဖို့ စဉ်းစားစရာမလိုအောင် အဆင်သင့် ရှိနေတယ်"

မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်ပြီး ထထွက်သွားတဲ့ ခြေလှမ်းတွေက မညင်သာ။ ဖေသု မေမေ့ကျောပြင်ကို လိုက်ကြည့်ရင်း စိတ်တွေ ရှုပ်ထွေးလျက် ခေါင်းခါလိုက်မိ၏။

မေမေ ဘာတွေကိုများ လျှို့ဝှက်သိပ်သည်း ခံစားနေရတာလဲ။ သိအောင်စုံစမ်းမှဖြစ်တော့မည်။ အရာရာပြည့်စုံတယ်ဆိုပြီး အိမ်ကိစ္စတွေ သိပ်စိတ်မဝင်စား စပ်စပ်စုစု မလုပ်ခဲ့တာတွေ။

ခုတော့ လျစ်လျူရှုထားလို့ မဖြစ်နိုင်တော့ပေ။ ဖေသုဘက်မှာ ဒီလိုဖြေရှင်းရသလို –

ထာ ဘက်မှာလဲ –

"ထာ"

"____"

"အဲဒါ ဘယ်ကပြန်လာတာလဲ"

"ဆိတ်ဖလူးပင်အောက် ခဏသွားတာပါ ကိုလေး"

"ဟိုကောင်နဲ့ တွေ့လာတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဒေါသမျက်ဝန်းတွေနှင့် ချစ်လင်း ရှေ့တိုးလာပြီး -

"အဲဒီကောင်နဲ့ မပတ်သက်ပါနဲ့လို့ နင့်ကို ဘယ်နှစ်ခါပြော ရမလဲ ထား။ အမျိုးယုတ်ရဲ့သား၊ အောက်တန်းကျတဲ့ကောင်ကြီးရဲ့ သား။ တောက် ... နင် အသားမနာချင်ရင် ပြောစကားနားထောင် ပြီး အေးအေးဆေးဆေး နေစမ်း ထား။ မဟုတ်ရင် ငါ့အဆိုးမဆိုနဲ့"

"ကိုလေး ဗေသုကို အဲဒီလိုမပြောပါနဲ့"

"ဘာ"

"ဗေသုနဲ့ ဘာဆိုင်လို့လဲ၊ ဗေသုက ဘာဖြစ်နေလို့လဲ၊ အန်ကယ်လ်ကရော ဘာတွေအောက်တန်းကျနေလို့လဲ"

"နင် သိပ်သိချင်နေသလား"

"သိချင်တာပေါ့။ ဘာမှအကြောင်းပြချက်မရှိဘဲနဲ့တော့ ဗေသုနဲ့မပတ်သက်ပါနဲ့ ကင်းကင်းနေပါမပြောနဲ့။ ထား မပတ်သက်ဘဲ မနေနိုင်ဘူး"

"မိုက်တာ ... တောက် ကဲ"

"ဖြန်း"

"အား"

"သားငယ်"

"ချစ်လင်း"





"သမီးလေး"

ချစ်လင်းရဲ့ရိုက်ချက် ပြင်းပြင်းကြောင့် ထားမျက်နှာလေး လည်ထွက်သွားလေသည်။ ဦးအောင်ထိုက်နဲ့ချစ်မင်း အပြေးအလွှား ရောက်လာပြီး နောက်ထပ်မရိုက်အောင် ချစ်မင်းက ချစ်လင်းကိုဆွဲ၊ ဦးအောင်ထိုက်က သမီးကိုယ်လေးကိုပွေ့ကာ -

"သမီး"

"ဖေဖေ ... ဟင့် ဟီး"

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ သားငယ်၊ ပြဿနာနဲ့ ဇာစ်မြစ်က သမီးမဟုတ်ဘူးလေကွာ။ မဆိုင်တဲ့ကလေးတွေကို မနှိပ်စက် ကြပါနဲ့ကွာ။ ဖေဖေ တောင်းပန်ပါတယ်။ သမီးလေးနဲ့ ဘာမှမဆိုင်ပါ ဘူး ... အ"

"ဟင်"

"ဖေဖေ"

ပြောနေရင်း ဦးအောင်ထိုက် ရင်ဘတ်ကို လက်နှင့်ဖိပြီး ခွေကျသွားလေလျှင် -

"ဖေဖေ"

"ဖေဖေ"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တောက်"

"ဝုန်း"

"ဟာကွာ"

"ခွမ်း"

ဒီတစ်ခါပေါက်ကွဲနေသူက အကြီးကောင်ချစ်မင်းပါ။ ဖေဖေ ဆေးရုံတင်လိုက်ရလို့ မေမေ့ဆီကိုဖုန်းဆက်တာ "ငါလာတော့ရော ဘာထူးမှာလဲ။ ငါက ဆရာဝန်မှမဟုတ်တာ"တဲ့။ သားသမီး သုံး ယောက်တောင်ရခဲ့ပြီးမှ အဲဒီလို ဥပေက္ခာပြုနိုင်သတဲ့လား။ ဦးဖေယျာ လွဲရင် မေမေ့အတွက် မိသားစုဝင်တွေက အရေးမကြီးတော့ဘူးလား။



ချစ်လင်းဆိုရင် သူ့ထက်ပိုပြီး ပေါက်ကွဲမှာပေါ့။ အခု ချစ်လင်း က ဖေဖေ့အနားမှာ ကျန်ခဲ့ပြီး သူက လိုအပ်တာတွေ ပြန်လာပြီးယူတာ လေ။ ထော့ကိုမခေါ်တာက ဘာမှမလုပ်တတ်လို့ဆိုတာထက် သူတို့ နှင့်တွင်းကသောကနှင့် ကျေနပ်ခြင်း မကျေနပ်ခြင်းတွေကို သိ...ချင် လို့ပါ။

"ဝုန်း"

"အမယ်လေး"

"သားကြီး"

အသံဗလံတွေကြားလို့ ပြေးထွက်လာတဲ့ ထာနဲ့ဒေါ်မိုး၊ နိုင်ခင် တို့သည် ချစ်မင်းသောင်းကျန်းနေတာကိုမြင်တော့ ခြေလှမ်းတွေ ရပ် တန့်သွားလေ၏။ ဒေါ်မိုး သွားမယ်လုပ်တော့ ထာက ကြောက်ကြောက် နှင့် ခါးကိုဖက်ထားသည်လေ။

"တောက် ... ကွာ"

"သားကြီး"

ဒေါ်မိုး ထာ့လက်တွေကို ဖြေချပြီး ချစ်မင်းကို ကမန်းကတန်း ပြေးဆွဲရသည်။ မဆွဲရင် နံရံကိုလက်သီးနှင့်ထိုးတော့မှာလေ။ ဒါ သား တစ်ယောက်ရဲ့ခံစားချက်နှင့် ပေါက်ကွဲသံတွေ။ မွေးထားတဲ့မအေ ဆိုတော့ ရိုက်နှက်ဆုံးမလို့လည်းမရ။

ခံစားရသမျှတွေ ရင်နှင့်မကာတော့။ ကိုယ့်ကိုယ်ကိုယ် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com

ပေးပြီး စိတ်ထွက်ပေါက်ရှာဖို့ ကြိုးစားနေတာ။

သနားလိုက်တာဆိုပြီး ကိုယ်လည်း ဘာမှမကူညီနိုင်ဘူးလေ။ ဒါကြောင့် မျက်ရည်တွေသာ ဖြိုင်ဖြိုင်ကျလျက် –

"စိတ်ကိုလျှော့ပါ သားကြီးရယ်။ ဖအေက ဆေးရုံမှာလေ။ သားကြီးမှာ ဒဏ်ရာတစ်ခုမြင်လိုက်တာနဲ့ သားကြီး အဖေပိုပြီး စိတ်မကောင်းဖြစ်ရမှာ။ ဘယ်သူမပြု မိမိမှုပါပဲ။ ကိုယ့်ကိုယ်ကိုယ်တော့ ဒုက္ခပေးပြီး စိတ်ထွက်ပေါက်မရှာပါနဲ့။ ဒေါ်မိုး တောင်းပန်ပါတယ်။ ပြီးတော့ မင်းရဲ့ညီမလေး"

ညီမလေးဆိုတာနှင့် အကြည့်က ထာ့ဆီသို့ရောက်သွားကာ–

"ညီမလေး"

"ကိုကြီး"

ထာ ကိုကြီးခါးကိုပြေးဖက်မိလိုက်တော့ ကိုကြီးက သူမကို တင်းကျပ်စွာ ပြန်လည်ဖက်ထားပြီး –

"ညီမလေးရယ်"

"ကိုကြီး"

"အိ အိ ဟီး"

"ဟီး"

အကြောင်းအရာသည် ဘာမှန်း ရေရေရာရာ တိတိကျကျ မသိဘဲ ကိုကြီးရဲ့ ပေါက်ကွဲမှုတွေကိုကြည့်ပြီး ကိုကြီး ငိုလို့ ထာ





ငိုက်ငိုတာပါ။ ဖေဖေ့အတွက် စိုးရိမ်စိတ်နှင့်အတူ ကိုကြီးကိုလည်း ဘာတွေ သနားမှန်းမသိ ဝမ်းနည်းမှုတွေကြောင့် ရင်ထဲမှာ တလှိုက်လှိုက်နှင့်ပါ။

"ညီမလေးရယ်၊ ငါ့ညီမလေး ငါ့ညီမလေး ဘာမှမသိရှာဘူးနော်။ မသိတာပဲ ကောင်းပါတယ်"

"ကိုကြီး ဘာဖြစ်လို့လဲ။ ညီမလေး သိချင်တယ်။ ညီမလေးကို ပြောပြပါနော်"

ချစ်မင်း ညီမလေးနှင့် ကိုယ်ချင်းစာလိုက်ပြီး မျက်ရည်တွေ သုတ်ကာ ခေါင်းကိုခါ၍ –

"မသိချင်ပါနဲ့ ညီမလေးရယ်"

"ဟင့်အင်း ... ညီမလေးကို ပြောပြပါ။ ဒါမှ ညီမလေး အေး ခံစားလို့ရမှာပေါ့။ ဖေဖေ့ရောဂါအခြေအနေ ဆိုးလို့လားဟင်"

"ညီမလေး"

"ရှင်"

"ညီမလေး ဖေသုနဲ့ လုံးဝမပတ်သက်ပါနဲ့နော်"

"ဘာဖြစ်"

"သားကြီး"

အကြည့်က ဒေါ်မိုးဆီသို့ ရောက်သွားသည်။ ဒေါ်မိုးက ခေါင်းခါပြီး ခိုင်ခင်ကလည်း မျက်ရည်တွေနှင့်ပါ။ သူတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြစ်မှုကို ကျူးလွန်မိလို့ ဘာကံတွေ ထိုက်နေတာလဲ။

"ဘယ်အရာမဆို ဖိနှိပ်ရင် ရုန်းကြွတဲ့သဘောရှိတယ် သားကြီး။ လက်ငါးချောင်းစလုံးက လက်ဖဝါးကနေ ပေါက်ပွားလာတာမှန်ပေမယ့် လက်မ မကောင်းရင် လက်မကိုပဲ ဖြတ်သင့်ပါတယ်။ လက်တစ်ချောင်းပိုးတွယ်တာနဲ့ ကူးမယ်အထင်ရှိပြီး အခြားလက်ချောင်းတွေကိုပါ ဖြတ်လိုက်ရင် အင်္ဂါမစုံတဲ့ လက်ပြတ်ဖြစ်တာပဲ အဖတ်တင်မှာပေါ့။ သူတို့မိသားစုလည်း သားတို့လို ထပ်တူထပ်မျှ ခံစားနေရမှာပါ"

"အဲဒါတွေ ကျွန်တော်မသိတူး ဒေါ်မို။ ကျွန်တော်သိတာက တောက် ... ဟာဗျာ"

ညီမလေးရှေ့မှာမို့ စကားက ဆက်ထွက်မလာလေ။ အချိန်တန် သူ့ဘာသာသူ သိကာမှသိရော။ ကိုယ့်ပါးစပ်ကတော့ ကိုယ့်အမေ မကောင်းကြောင်းမပြောချင်ပေ။ အပြစ်များရင် မိုးလုံတယ်လို့ ဖွတ်တချွတ်မိုက်ရိုင်းနိုင်ကျတော့လည်း ညီမလေးမျက်နှာကို ထောက်နေရသေး၏။

"ညီမလေး"

"ကိုကြီး"

"ကိုကြီး ဆေးရုံကို လိုက်သွားလိုက်ဦးမယ်နော်"

"ညီမလေးပါ လိုက်ခဲ့မယ်"



"မလိုက်နဲ့ ညီမလေး။ ဟိုရောက်တော့လည်း ညီမလေးဘာမှမလုပ်တတ်ဘူးလေ။ အိမ်မှာပဲနေခဲ့ပါ"

ထော့ခေါင်းလေးကိုပွတ်ပြီး ချစ်မင်းထွက်လာခဲ့စဉ် ကားဒင်လာသံကြား၍ ခြေလှမ်းတွေက ရပ်တန့်သွားလေ၏။ သိပ်ကြာကြာစောင့်လိုက်ရပါဘူး မိခင်ဖြစ်သူရဲ့ ဖိနပ်သံပျောက်သွားခြင်းနှင့်အတူ။

"ဆေးရုံမှာ ဘယ်သူစောင့်နေလဲ"

"____"

"ဟဲ့ ... ချစ်မင်း"

"_____"

"ငါ မေးနေတယ်လေ။ ဘာလဲ နင်က ငါ့ကို မတူမတန်ဘူးဆင်လို့ ပြန်မဖြေတာလား"

"ချစ်လင်း စောင့်နေတယ်"

ဖြေပုံက တိုပြတ်ပြတ်နှင့်မို့ ဒေါ်မင်းမင်းစံ မျက်မှောင်ကြုတ်သွားလေ၏။ ဒီအိမ်မှာ ငါရှင်ဘုရင် ဘယ်နှယတ်လှည့်လှည့်လုပ်နေတာချဲပေမယ့် အမှားကို ဝန်မခံသူများ ပြိုငြင်တာကျ မကြိုက်ပြန်ဘူးလေ။

"နင် ငါ့ကို ဘယ်လိုအသံမျိုးနဲ့ ဖြေလိုက်တာလဲ"

"ကိုယ့်အပြစ်ကိုဖုံးဖို့ သူများကိုအဖြစ်မရှိဘူးပုံစံမျိုးနဲ့ ခြိုဝင်ဘတည်းက တုတ်ပြလာတာမျိုးလား မေမေ။ မေမေ့ကိုလည်း သားကခွင့်မေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မေမေ အိမ်ကိုပြန်လာသေးတယ်နော်"

"ဘာ"

ဒေါ်သတွေ ရှူးရှူးရှားရှားနှင့် တည်တင်းသွားတဲ့မျက်နှာကို ကြည့်ပြီး ချစ်မင်း ငိုချလိုက်ရမလား။ ဒါမှမဟုတ် ဟားတိုက်ပြီး ရယ်မောလိုက်ရမလား။

"ငါက အိမ်ပြန်မလာလို့ ဘယ်သွားပြီး အလေလိုက်နေရမှာ လဲ ချစ်မင်းရဲ့။ နင့်စကားက ငါ့ကို အရမ်းစော်ကားလွန်းတယ်နော် နင် အခုလိုပြောလိုက်တာ နင့်ကိုမွေးထားတဲ့ နင့်အမေပဲ။ နင့်အမေ နားလည်လား နွား"

"အမေ ဟုတ်ပါတယ်။ မိခင်တစ်ယောက်ရဲ့တာဝန်၊ ဇနီး တစ်ယောက်ရဲ့ဝတ္တရား။ အဲဒါတွေနဲ့ ညီညွတ်ရဲ့လားဆိုတာ မေမေ ပြန်စဉ်းစားပေါ့"

"ကြည့်စမ်း . . . ချစ်မင်း။ ငါ့ကို ခွေးစကားပြောသွားတာ ခွေးသား"

ဒေါ်မင်းမင်းစံ ဆွေ့ဆွေ့ခုန်ကျန်ခဲ့တာကို ချစ်မင်း လှည့် မကြည့်တော့ပေ။ ပါးပြင်ပေါ်မှာတော့ မျက်ရည်ပူတွေနှင့်ပေါ့။

❋



## အခန်း (၁၁)

မေမေနဲ့ အစ်ကိုတွေကြားမှာ ဆက်ဆံရေးက အဆင်မပြေ ကြာပြီ။ မေမေက သားသမီးတွေကို ဂရုစိုက်ရကောင်းမှန်း မသိ သလို အစ်ကိုတွေကလည်း မေမေ့ကို ရိုသေလေးစားရကောင်းမှန်းမသိ ကြတော့ပေ။ စကားပြောလိုက်တိုင်း သူစိမ်းတွေစကားများနေကြသလို [illegible] ထာ ဟိုတွေး ဒီတွေးနှင့်ပဲ ဘုရားပန်းလဲနေတာ။

အရွက်တွေကို အမှိုက်ပုံးထဲထည့်ဖို့ စုမထားမိဘဲ ကြွေချင် ကြွေ၊ ကျချင်ရာကျ ဖြစ်နေသည်လေ။

"ထာ"

"______"



www.burmeseclassic.com

www.burmeseclassic.com



"ထာ နေဦး"

"ဟင်"

ပန်းလဲပြီးလို့ ဘုရားပန်းအိုးကို မ,ယူလိုက်စဉ် ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ -

"ဇေသု"

"ခဏလေး ... ခဏနေဦး"

"ရေးကြီးသုတ်ပျာနဲ့ ဘာလဲဟ"

ထာ ဘုရားပန်းအိုးကို ပြန်ချပြီး စောင့်နေလိုက်တော့ ခပ်သွက်သွက်ရောက်လာတဲ့ ဇေသုလက်ထဲမှာ ဆိတ်ဖလူးပန်းတွေ။ ပန်းကုံးတွေက တိုးလို့ တွဲလောင်း ခါယမ်းနေလျက်။

"ဆိတ်ဖလူးပန်းတွေပါလား"

"အေး ... ဟုတ်တယ်၊ ငါကောက်ပြီး သီလာတာ။ ဟိုနေ့က မပေးဖြစ်လို့လေ။ ရော့ ... ဘုရားတင်လိုက်"

ထာ တွေတွေကလေးဖြစ်ပြီးမှ -

"နှင့်အမေသိရင် အဲဆူခံနေရဦးမယ်"

"မသိပါဘူးဟာ။ သိလည်း ပြဿနာမရှိပါဘူး။ ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲနဲ့တော့ နှင့်ကို ငါ သံယောဇဉ်မဖြတ်နိုင်ဘူး"

"အကြောင်းပြချက် ခိုင်လုံရင်တော့ နှင်ဖြတ်နိုင်မယ်ပေါ့ ဟုတ်လား"





"ထာ"

ခေါ်လို့ ထာ မေးဆတ်ထူးတော့ ဇေသု ဘာမှမပြောတော့ဘူး။ သံယောဇဉ်ဆိုတာ တော်ရုံအကြောင်းပြချက်လောက်နဲ့တော့ ထုချေပြီး အရည်ဖျော်ပစ်လို့မှမရတာ။ နွယ်တစ်ပင် မြက်တစ်ပင်လို သွယ်လွယ်နဲ့ ဖြတ်တောက်ပစ်လို့ရတဲ့အရာလည်း မဟုတ်ပေ။ အကြောင်းပြချက်ခိုင်လုံရင် ဖြတ်နိုင်မှာလားလို့ မေးနေပြီ။ ဘယ်လို ပြန်ဖြေရမလဲဆိုတော့ -

"ငါမေးတာ ဖြေလေ ဇေသု"

"ငါ့ အမှန်ကိုဝန်ခံရရင် ဘယ်လိုအကြောင်းပြချက်တွေပဲ ရှိရှိ နှင်နဲ့မခေါ်မပြောဘဲ မနေနိုင်ဘူး။ လိုအပ်လာရင် စွန့်စားဖို့ သတ္တိလည်း ရှိတယ်။ အဲဒီစိတ်ကို ဘယ်လိုကင်ပွန်းတပ်ရမလဲဆိုတာတော့ ငါမသိဘူး"

ထာလည်း ဇေသုနဲ့ထပ်တူထပ်မျှပါပဲ။ ဒါပေမဲ့ နှုတ်ကတော့ ဖွင့်ဟမပြောပေ။ ဟိုဘက်ဒီဘက် တင်းမာနေကြတာ ဘာအကြောင်းကြောင့်မှ မသိတာ။

"ပန်းတွေယူလေ"

"အင်း ... နှင်နဲ့ငါ ကုသိုလ်မျှယူကြတာပေါ့"

"အဲဒါမှ နောင်ဘဝမှာပါ ထပ်ပြီးရေစက်ဆုံမှာ၊ အဲဒီပန်းတွေကို ငါ့စိတ်ကူးနဲ့ငါ နာမည်ပြောင်းထားတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"သစ္စာပန်းလို့"

"ဘာဆိုင်လို့လဲ၊ ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့ဟ။ ဒီပန်းမှရယ် မဟုတ်ဘူး။ ရာသီအလိုက် ပွင့်တဲ့ပန်းမှန်သမျှ သစ္စာပန်းလို့ ခေါ်လို့ရတယ်။ ဘာဖြစ်လို့လဲဆို သူတို့ပွင့်ရမယ့်လ မရောက်မချင်း လုံးဝမပွင့်ကြဘူးလေ။ သူတို့ပွင့်ရမယ့်လရောက်မှ ပွင့်ကြတာ။ အဲဒါ သစ္စာရှိတာပေါ့"

"မှတ်တောင်ထားရဦးမယ်"

ထာ ခပ်မဲ့မဲ့လေးပြောရင်း ပန်းတွေကိုယူလိုက်၏။ သူ့အဖြစ်ကလည်း စားပွဲထားတဲ့ကြားက စားအောက်ကိုငုံ့တိုးနေမိသလို ပါပဲ။ သူ့ဘက် ကိုယ့်ဘက် တားနေတဲ့ကြားက လက်ခံစကားပြောနေ တာလေ။ နင် ငါနဲ့မပတ်သက်ပါနဲ့လို့ ဘယ်လိုပြောရမလဲ။

"ဟဲ့"

"– – –"

"နင့်ဖေဖေ ဘယ်လိုနေသေးလဲ။ ငါလည်း ဆေးရုံလိုက်ပြီး မေးချင်ပါတယ်ဟာ။ အခြေအနေက နင်သိတဲ့အတိုင်းပဲ။ နင့်အစ်မ တွေက ငါ့ကိုကြည့်တော့တာမဟုတ်ဘူး"

"နင့်အမေကရော ငါ့ကိုကြည့်လို့လား"

"အေးလေ ... အတူတူပဲလေ။ အဲဒါကြောင့်ပြောတာ"





"နေဦး၊ ငါ ဘုရားပန်းသွားကပ်လိုက်ဦးမယ်"

"ငါ လိုက်ပို့ရဦးမလား"

"ရတယ်၊ နင် ဒီမှာပဲစောင့်နေ"

ထာ ဘုရားပန်းအိုးကိုယူပြီး ထွက်သွားလေ၏။ ဘုရားရှိခိုး တာ ဖြောင့်မှဖြောင့်ရဲ့လားမသိပါဘူး။ ဖေသု ကြာကြာမစောင့်လိုက်ရ ပဲ ထာ ပြန်ရောက်လာလျှင် ဒေါ်မိုးလည်း ရောက်လာပြီး –

"ဟယ် ထာ"

"ဟင် ... ဘာလဲ ဒေါ်မိုး"

ဖေသုကိုမြင်လိုက်တာနှင့် ဒေါ်မိုး မျက်နှာပျက်သွားလေသည်။ အရင်က ဒီအိမ်ကို တံခါးမရှိ စားမရှိ ဝင်ခွင့်ထွက်ခွင့်ရနေပေမယ့် အခု အခြေအနေက မတူတော့ဘူးလေ။ အခုလာတာကို ချစ်မင်းနဲ့ ချစ်လင်းတွေ့လို့ကတော့ မိုးမီးလောင်ဖြစ်တော့မှာ။ အခြေအနေမှန်ကို ကိုယ်ကသိနေသူမို့ စိုးရိမ်ရေအမှတ်က ထိပ်ဆုံးမှာပဲပေါ့။

"ဖေသု ဘာလာလုပ်တာလဲ"

"ဟာ ... ဒေါ်မိုးကလည်း ကျွန်တော်လာတာ ဘာဆန်းလို့ လဲ။ အရင်ကလည်း လာနေကျပဲဥစ္စာ"

"အရင်ကမဆန်းပေမယ့် အခုဆန်းတယ်လေ။ ပြောင်းလဲမှု တွေကို မင်းသိမှာပါ"

"ဒေါ်မိုး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမပြောနဲ့ ထား။ ဟိုနေ့က သမီးအစ်ကို သမီးကို ပါး ရိုက်ပြီးပြီလေ။ နောက်ထပ်အရိုက်မခံချင်စမ်းပါနဲ့ကွယ်"

"ဟင်"

ဒေါ်မိုးရဲ့စကားကြောင့် ဇေသု မျက်လုံးဝိုင်းနှင့် ထားကိုကြည့် လိုက်မိ၏။ ဟိုနေ့က ထား ပါးရိုက်ခံရတယ်တဲ့။ ဘယ်နေ့ကလဲ ပါးပြင်ကိုကြည့်လိုက်တာမို့ ထားက မျက်နှာလွှဲသွားကာ –

"ပြီးခဲ့တာတွေကို ပြီးပါစေတော့ ဒေါ်မိုးရယ်၊ ဘာပဲဖြစ်ဖြစ် ဒေါ်မိုး ဘာမှမသိဘူး။ ဘာမှမမြင်ဘူးလို့ သဘောထားလိုက်။ ထား ကိုယ်ဖြစ်ရင်ကိုယ်ခံမယ်"

ဒေါ်မိုး သက်ပြင်းချလိုက်မိ၏။ ကလေးတွေကလည်း ခေါ် လိုက်တာ။ မပြောရက်လို့ မပြောတာကို အရိပ်သုံးပါးပဲ နားမလည် ကြဘူးလား။

"ထား"

"သွားမယ် . . . နင်နဲ့ငါ ခြံထဲဆင်းပြီး စကားပြောရအောင်"

ထားက ထွက်သွားပြီး ဇေသုက ရပ်ကျန်နေခဲ့သည်။ ဒေါ်မိုးကို မေးစရာရှိလို့လေ။

"ဒေါ်မိုး"

"ဟင်"

"ထား . . . ပါးရိုက်ခံရတယ်ဆိုတာ တကယ်ပဲလားဟင်





ဘာဖြစ်လို့ ရိုက်တာလဲ"

"တကယ်ပေါ့ ဇေသု။ ဘာလို့ ရိုက်သလဲဆိုရင်"

"ဟဲ့ . . . ဇေသု"

ထား ဇေသုရပ်ကျန်ခဲ့တာမို့ နောက်ကြောင်းပြန်လှည့်လာ တာ–

"လာလေ ဘာလုပ်နေတာလဲ"

"အေး . . . အေးပါ"

ရှေ့မဆက်ဖြစ်တဲ့စကားအတွက် ဇေသု ကိုယ့်ဘာသာပဲ တွေးကြည့်ပြီး နားလည်လိုက်ပါတော့မည်။ ကိုယ်နဲ့ပတ်သက်မိလို့ လား၊ တွေးသလို တကယ်ဖြစ်နေရင်တော့ ကိုယ့်ကြောင့် ထားကို နောကျင်စေချင်ပါဘူးလေ။

"ထား"

"ဟင်"

"နင် တကယ်ပဲ အရိုက်ခံရတာလား။ ငါနဲ့ပတ်သက်မိလို့ လား ထား။ အဲဒါဆိုရင်တော့ နင်နဲ့ငါ"

"အဲဒါတွေ ထားလိုက်စမ်းပါ။ နင့်ကိုငါ မေးစရာရှိတယ်"

"ဘာလဲ"

"ကျောင်းပြီးရင် နင် ဘာလုပ်မလဲ"

ဇေသု တွေခနဲဖြစ်သွားပြီးမှ –



www.burmeseclassic.com

www.burmeseclassic.com

"မိန်းမယူမယ်"

"ဘာ"

"ဟုတ်တယ်လေ၊ ကျောင်းပြီးရင် အလုပ်တစ်ခုလုပ်မယ်၊ ပြီးရင် မိန်းမယူမယ်"

"နင်က ယူဖို့မိန်းမတွေ့ထားပြီလား"

"အင်း . . . တွေ့ထားပြီ"

"ဘယ်သူလဲ . . . ဘယ်ကလဲ"

ပျာပျာသလဲမဟုတ်ပေမယ့် မတည်ငြိမ်တာလည်းအမှန်၊ ကိုယ့်ကလွဲပြီး အခြားသူကို ပိုမခင်စေချင်တာက တစ်ကဏ္ဍ။ အခုထ အိမ်ထောင်ရေးကိစ္စဆိုတော့ ထာ့မှာသဝန်တိုပိုင်ခွင့်မှ မရှိတာ။

"နင် အရမ်းသိချင်နေလား"

"နင် ဆန္ဒရှိမှပြောပါ"

"ရှိပါတယ်ဟာ။ ရှိတယ် . . . ရှိတယ်။ ဒါပေမဲ့ . . . အင်း"

ဖေသု မေးစေ့ကိုပွတ်ပြီး စဉ်းစားလိုလုပ်နေပြီးမှ –

"ငါ့ဘက်ကသာ ကျိတ်ချစ်ပြီး ဗိုတ်စာတစ်ခြမ်းရိုက်ထား တာဟ။ သူက ငါ့ကိုပြန်ချစ်မယ် မချစ်မယ်ဆိုတာ မသိသေးဘူးလေ"

"ဟာ . . . နင်ကလည်း စစ်မရောက်ခင်က မြားကုန်နေတာ ပဲ၊ ငါ့သူငယ်ချင်းလို ဉစ္စာပေါရုပ်ချော သဘောကောင်းလေးကို ဘယ် မိန်းကလေးက ငြင်းမှာလဲ"





"သေချာလား"

"ရှစ်ဆယ်ရာခိုင်နှုန်းလောက် သေချာတယ်"

"ဒါဆို ငါ အခုပဲ ဖွင့်ပြောလိုက်တော့မယ်"

"ဟင်"

အခုပဲ ဖွင့်ပြောလိုက်တော့မယ်ဆိုတော့ ထာ မျက်လုံးဝိုင်း လေးနှင့် သူ့ကိုကြည့်မိ၏။ ထာ့ကို ပြန်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေက ရွှန်းလဲ့တောက်ပနေသည်လေ။ ဒါကြောင့် ထာ ရင်မဆိုင်ရဲစွာနှင့် မျက်နှာလွှဲလိုက်မိတော့ –

"ထာ"

"– – – –"

"ငါ နင့်ကိုချစ်တယ်။ ငါချစ်တဲ့မိန်းကလေးနဲ့ ငါလက်ထပ် မယ့်မိန်းကလေး တစ်ယောက်တည်းပဲ။ အဲဒီမိန်းကလေးက နင်ပဲ ထာ"

တစ်နေ့ ဒီလိုပြောလာလိမ့်မယ်လို့ မထင်ဝံ့ထင်ဝံ့နဲ့တော့ ထင်မိသားပဲလေ။ သူငယ်ချင်းတွေကလည်း ဒီလိုပဲ ထင်ကြေးပေးပြီး စနေကြတာ ကြာခဲ့ပြီပဲ ဥစ္စာ။ အခုထင်သလိုပဲ ဖြစ်လာခဲ့ပြီပေါ့။

"ငါ့ကို တစ်ခုခုပြန်ပြောဦးလေ ထာရဲ့"

ထာ သက်ပြင်းချလိုက်မိပြီး –

"အရင်တုန်းကဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့ဟာ။



www.burmeseclassic.com

www.burmeseclassic.com



အခု နင်နဲ့ငါ့ကြားမှာ ဘယ်လိုအဖုအထစ်တွေရှိနေလဲဆိုတာ နင်မသိတာမှ မဟုတ်တာ''

''ဘာဆိုင်လို့လဲ။ အဲဒါ နင်နဲ့ငါဖြစ်နေတဲ့ ပြဿနာမဟုတ်ဘူးလေ။ လူကြီးတွေရဲ့ရင်ထဲမှာ ဘာတွေပဲရှိနေရှိနေ အဓိကလိုအင်တာက နင်နဲ့ငါ နားလည်မှုရှိနေကြဖို့ပဲ''

ပြောတော့ လွယ်လိုက်တာ။ လက်ထပ်ခြင်းဆိုတာ သူနဲ့ကိုယ်နှစ်ယောက် ပေါင်းစည်းခွင့်ဆိုတာထက် မိသားစုနှစ်စု ပေါင်းစည်းခြင်းပဲ မဟုတ်လား။ လက်လွှတ်စပယ် ဆုံးဖြတ်လိုက်ရအောင် ပြုကျတဲ့အခါ ပြန်ဆောက်လို့ရတဲ့ အိမ်တစ်လုံးမဟုတ်လေတော့ –

''ထုံးစံအတိုင်းပေါ့ဟာ။ ငါစဉ်းစားပါရစေဦး''

❋



## အခန်း (၁၂)

''ငါ အတန်တန်တားနေတဲ့ကြားက ငါ့စကားကို နားမထောင်ဘဲလွှမိုက် ကဲ''

''ဖြန်း''

''____''

''ကဲ''

''ဖြန်း''

ဒေါ်စုစုမာ ဒေါသကို မထိန်းနိုင်ဘဲ သားဖေါ်ပါးပြင်ကို ဘယ်ညာပြန် ရိုက်ချပစ်လိုက်၏။ သူ့ပါးမပြောနဲ့ ရိုက်လိုက်တဲ့ကိုယ့်လက်ဝါးမှာပင် စပ်ဖျင်းဖျင်းနှင့် အတော်နာသွားသည်။ ကိုယ် အတွင်



www.burmeseclassic.com

www.burmeseclassic.com

တန် တားခဲ့ပါတယ်။ ထာဝရနဲ့ မပတ်သက်ပါနဲ့လို့လေ။ ဒါကို ... ဒင်းက ဖွတ်တိုးပြီး ပတ်သက်တဲ့အပြင် ပန်းတွေ ဘာတွေ ကောက်ပေးလို့။

ပန်းကောက်ပြီး သီပေးတယ်ဆိုကတည်းက –

ဒါ ... သာမန်သံယောဇဉ်မှ မဖြစ်နိုင်တော့တာ။ ကိုယ်လည်း ငယ်ရာက ကြီးလာခဲ့တာပဲလေ။ မလွန်ခင် တားနေတာ လွန်သွားတော့မှ ဇာတ်သိမ်းမလှမှာစိုးလို့ အခုလို ပါးရိုက်ရတဲ့အထိ ဖြစ်လာတာပါ။

"မေမေ ... မေမေ သားကို ပါးရိုက်တယ် ဟုတ်လား"

"ရိုက်တယ် ရိုက်သင့်လို့ ရိုက်လိုက်တာ။ ဖြစ်နိုင်ရင် သတ်တောင် ပစ်ချင်တာသိလား။ အေး ... တားနေတဲ့ကြားက ရှေ့ဆက်တိုးရင် သတ်ပစ်သင့် သတ်ပစ်ရမှာပဲ"

"နေပါဦး ... သားမသိလို့ မေးပါရစေ။ မေမေ အဲဒီလောက်အထိ ဖြစ်နေရအောင် ထာက ဘာဖြစ်နေလို့လဲ။ ထာ့မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာလဲ ... ငါက ပြစ်ချက်တွေ နိုင်နိုင်မာမာနဲ့ ထောက်ပြနိုင်မှ နင်က နောက်ဆုတ်မှာလား"

"မဖြစ်နိုင်တော့ဘူး မေမေ"

"ဘာ"





ဖေသု စိတ်ကို တင်းပစ်လိုက်၏။ တကယ်နောက်ဆုတ်ဖို့ ...

"ဘာ"

ဖေသု စိတ်ကို တင်းပစ်လိုက်၏။ တကယ်နောက်ဆုတ်ဖို့ မဖြစ်နိုင်တော့ဘူးလေ။ သူ ထာ့ကိုချစ်တယ်လို့ပြောခဲ့ပြီးပြီ။ ဘယ်လို အတားအဆီး အခက်အခဲတွေပဲရှိရှိ စွန့်စားဖြတ်ကျော်ဖို့ သတ္တိခွန်အားတွေ ရှိနေပြီ။

နောက်ဆုံး ထာက ပျက်စီးနေတဲ့မိန်းကလေးပဲဖြစ်ဖြစ် ကိုယ့်အချစ်တွေနဲ့ ပြုပြင်ထိန်းသိမ်းသွားမှာပေါ့။ ဒါဖြစ်လည်း မဖြစ်နိုင်ဘူးလေ။ ထာ ဘာပဲလုပ်လုပ် ကိုယ်သိနေတာပဲဥစ္စာ။ ထာ့မှာ အပြစ်မရှိတဲ့နဲ့ ဘာလို့ အဲလောက်တင်းကြပ်နေရတာလဲ။ ဒါကိုပဲ ဖေသု လက်မခံနိုင်ဘူးလေ။

"ဖေသုတ"

"နင်က ငါ့စကားကို နားမထောင်ဘူးပေါ့လေ ဟုတ်လား။ အဲဒီကောင်မက ဘယ်လောက်တန်ဖိုးရှိနေလို့လဲ။ သူ့ထက်သာတဲ့ မိန်းကလေးတွေ လောကမှာ ရိုက်သတ်လို့မကုန်ဘူးဟဲ့"

"တော်ပေ့ တတ်ပေ့ဆိုတဲ့ မိန်းကလေးတွေ ဘယ်လောက်များများ နှလုံးသားက ကိုယ်ချစ်တဲ့သူတစ်ယောက်တည်းကိုပဲ လက်ခံတာပါ မေမေ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို နင်နဲ့ထာက"

ဖေသု မေမေ့ကို ရဲရဲ ပြန်ကြည့်လိုက်၏။ ယောကျ်ားပဲလေ ဝန်ခံရဲရမှာပေါ့။

"ဟုတ်တယ် ... ကျွန်တော် ထာ့ကို ချစ်တယ်လို့ ပြောခဲ့ပြီးပြီ"

"ဖေသု"

ဒေါ်စုစုမာ ရှေ့တိုးသွားပြီး ဖေသု ရင်ဘတ်ကအင်္ကျီစကို ကျစ်နေအောင် ဆုပ်ကိုင်ထားမိ၏။

"မင်း ... မင်း"

"ကျွန်တော့်ရင်ထဲမှာ ထာကလွဲပြီး အခြားတစ်ယောက် အစားထိုးဖို့ ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး။ ကျွန်တော် ထာ့ကို အရမ်းချစ်တယ်"

"လူမိုက်၊ ငါက နင့်ကိုအကြောင်းမဲ့တားနေတယ်လို့များ နင်ထင်နေသလား။ နင်တို့နှစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ဘူး ဘယ်တော့မှ မဖြစ်စေရဘူး"

"မေမေ"

"ငါ့အသက်နဲ့ရင်းပြီး တားဆီးသွားမယ်"

အံကြိတ်သံနှင့်ပြောပြီး မျက်ရည်တွေကလည်း ပိုးပိုးပေါက် ပေါက်နှင့်ပါ။ အဖြစ်မှန်တွေဖွင့်ပြောမှ နောက်ဆုတ်မှာလား။ မပြော





ချက်လို့ မပြောခဲ့တာကနေ ခုတော့ ပြောဖို့ ဘယ်လိုခွန်အား မွေးရမလဲ။ အင်္ကျီစကို ဆုပ်ကိုင်ထားတဲ့ လက်တွေက ပြေလျော့သွားပြီး –

"မင်း ရှေ့ဆက်တိုးမယ်ဆိုရင် ငါ့ကိုပဲ သတ်လိုက်တော့ ဖေသုတ"

"မေမေ ကျွန်တော့်ကို အပြစ်မပေးပါနဲ့"

"ဘာဖြစ်နေကြတာလဲ"

"-----"

"အဲဒါ ဘာဖြစ်နေကြတာလဲ"

အပေါ်ထပ်ကနေ ဆင်းလာပြီး လှမ်းပြောလိုက်တာ ဦးဖေယျ နဲ့ ဒေါ်စုစုမာ ချာခနဲလှည့်၍ ကျောခိုင်းပစ်လိုက်သည်။ ဒီယောကျ်ား ကို မျက်နှာကြည့်ရမှာတောင် မသတီတော့တာ။ ဒါကြောင့် အခန်းခွဲ အိပ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ဒါကို သူကလည်း လိုလိုချင်ချင် နဲ့ လက်ခံပြီး မတားဆီးခဲ့ဘူးလေ။

ဘယ်တားဆီးပါ့မလဲ။ သူက မင်းမင်းစံဆိုတဲ့မိန်းမနဲ့ ဖြစ် ချင်တိုင်းဖြစ်နေတာပဲဥစ္စာ။ သူတို့ ခွေးဇာတ်ခင်းတဲ့ကြားမှာ ကိုယ့်သား အပေါ် လိုက်ဟောင်ပြီး သိက္ခာကျအရှက်ရစေတာမျိုးတော့ မဖြစ်စေ ချင်။ ဒါကြောင့် အသက်နဲ့လဲပြီး တားဆီးဖို့ ဆုံးဖြတ်ခဲ့တာ။

"စုမာ"

"-----"



www.burmeseclassic.com

www.burmeseclassic.com

"ငါမေးတာကို ဘာလို့မဖြေကြတာလဲ"

"ရှင့်သားကို ရှင်မေးကြည့်"

အကြည့်က သားဆီသို့ရောက်သွားကာ –

"သား"

"____"

"ဘာဖြစ်နေတာလဲ ဖေဖေ့ကို ပြောပြစမ်းပါ"

ဇေသု သက်ပြင်းချလိုက်မိပြီး –

"သား ထားကိုအရမ်းချစ်တယ် ဖေဖေ"

"ဟ ... လူပျိုက အပျိုကိုချစ်တာ ဘာဆန်းလဲ။ ဒါသဘာဝ ပဲ ဥစ္စာ။ အဲဒါကို မင်းအမေက ပြဿနာရှာနေတာလား"

"ဟုတ်တယ် ... ကျွန်မက ပြဿနာရှာနေတယ်ပဲထား တော့။ လူပျိုက အပျိုကိုချစ်တာ သဘာဝမို့မဆန်းပေမယ့် "လူပျို အပျိုမဟုတ်တာတွေ ခွေးဇာတ်ခင်းနေတာက အဆန်းပေါ့ ကိုဇေယျ ရဲ့။ ရှင်ခင်းတဲ့ဇာတ်ထဲမှာ ကျွန်မသား လိုက်ပေါင်မိမှာစိုးလို့ ကျွန်မ တားနေတာ"

"ဘာကွ"

"သားသိရင် စိတ်ဆင်းရဲမှာစိုးလို့ ကျွန်မ မျိုသိပ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ အခု ကျွန်မ မမျိုသိပ်နိုင်တော့ဘူး"

"မမျိုသိပ်နိုင်တော့ မင်းက ဘာလုပ်ချင်လဲ"





ဒေါ်စုရမာ၏အကြည့်တွေက စိမ်းသရဖူစိမ်းပါပဲ။ လင်မယား ပေမယ့် သူ့ မကြင်လို့ ကိုယ်စိမ်းခဲ့တာပဲလေ။ အစကတည်းက ချစ် လို့ ယူခဲ့ကြတာမဟုတ်ပေမယ့် ကိုယ့်ဘက်ကတော့ ဖြစ်မိတဲ့အိမ်ထောင် ရေး မပြိုကွဲအောင် တာဝန်တွေ၊ ဝတ္တရားတွေအားလုံး ကျေပွန်ခဲ့ သည်။

သူ့ဘက်ကလည်း အိမ်ထောင်ရေးသာယာအောင် ထိန်းသိမ်း ခဲ့သားပဲ။

အခုကျမှ ဘာထဖြစ်မှန်းမသိ ဆေးမိတဲ့လူလို မင်းမင်းစံနဲ့ တော်သက်ပြီး ဘာကိုမှ ဂရုမစိုက်တော့တာ။ မင်းမင်းစံကပဲ မြူဆွယ် အကောင်းလို့လား။ သူကပဲ ကိုယ့်ကိုယ်ကိုယ် ဖျက်ပြီး သံချေးတက် နေတာလား။

"ရှင်နဲ့ကျွန်မ ကွာရှင်းကြတာပေါ့"

"ကောင်းတာပေါ့။ မင်းကြိုက်တဲ့အချိန်ကိုပြော၊ ငါ့ဘက်က အဆင်သင့်ဖြစ်စေရမယ်"

"ဟာ"

ဇေသု မယုံနိုင်စွာနှင့် ဖေဖေ့ကိုတစ်လှည့်၊ မေမေ့ကိုတစ် လှည့် ကြည့်ကာ –

"ဖေဖေနဲ့မေမေ ဘာဖြစ်နေကြတာလဲ။ ဘာလို့ကွာရှင်းရ မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်မလွှတ်နိုင်တဲ့အပြစ်တစ်ခုကို ကျူးလွန်တဲ့သူနဲ့ ရှေ့မဆက်ချင်တော့လို့ပေါ့ သားရယ်။ ဒီအိမ်ထောင်ရေးမပြိုကွဲအောင် မေမေ ဘယ်လောက်ပဲ ကျားကန်ထားထား မှန်တိုင်းဝင်မွှေနေမှတော့ ... ဟွန့်"

ဒေါ်စုစုမာ နှုတ်ခမ်းကို မဲ့ပစ်လိုက်ပြီး ရင်နာနာနှင့်ထွက်လာတဲ့ စကားလုံးက –

"တစ်အိမ်လုံးပြိုကျတဲ့အထိ မေမေ ထိုင်စောင့်မနေနိုင်ဘူးသား"

❋



## အခန်း (၁၃)

မေမေ ပါးရိုက်လိုက်တာနာပေမယ့် ထိုနာကျင်မှုသည် ရင်ထဲက ခံစားမှုကို မထိုးဖောက်နိုင်ပေ။ မပတ်သက်ပါနဲ့ဆိုမှ နှလုံးသားက ထော့ကို ချစ်နေမိတာ စူးစူးနစ်နစ် ရှုရှုမူးမူးပါ။ ထော့ကို ဆုံးရှုံးလိုက်ရင် ဖေသုတဆိုတဲ့ကောင် လောကကြီးထဲကနေ ပျောက်ကွယ်သွားလောက်အောင်ပါပဲ။

ဝေးတော့မှ ပိုလို့လွမ်းဆိုသလို ဝေးသွားတာမဟုတ်ဘဲ ခေါ်ရင် ပြောခွင့်ကို တားဆီးလိုက်တာနှင့် အချိန်တိုင်းပဲ လွမ်းနေရတာ။ အခုလည်း လွမ်းနေတာကြောင့် ဖုန်းကိုဖွင့်ပြီး ထော့ဖုန်းနံပါတ်လေးကို နှိပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြော မေသု"

"နင် အခု ဘာလုပ်နေလဲ ထာ"

"ဝတ္ထုထိုင်ဖတ်နေတာလေ ပျင်းလို့"

"ဟုတ်လား၊ အလုပ်တွေ ကြိုးစားနေတယ်ပေါ့"

"ကျောင်းက ပြီးသွားပြီဆိုတော့ အလုပ်မှမရှိတာဟာ။ အဲဒီတော့ ဝတ္ထုပဲ ထိုင်ဖတ်နေတာပေါ့"

"ပျင်းရင် ငါ့ဆီ လာခဲ့လေ"

"ဘာ"

ထာ့အသံက ကျယ်သွားလေတော့ –

"အမယ်လေး မအော်ပါနဲ့ဟ ငါ နားမပင်းပါဘူး"

"နင့်စကားကို နင်ပြန်စဉ်းစားကြည့်ဦးလေ။ ဒီအချိန်ကြီးမှာ ငါက နင့်ဆီကိုလာရမယ်ဟုတ်လား။ နင် တော်တော်နစ်နာနေဦးမယ် မေသု"

"ဒါဆို ငါလာခဲ့မယ်လေ"

"သေလိုက်ပါလား၊ မေသု နင် ဘယ်လိုဖြစ်နေတာလဲ။ ပါးစပ်က စည်းကမ်းမရှိဘူးနော်"

"ငါရူးနေတာဟ နင်သိလား"

"ဘယ်လို"

"နင်ကလည်း အတွေးမခေါင်စမ်းပါနဲ့။ ငါပြောတာက နင်





ဲ့တွေ့ပြီး အေးအေးဆေးဆေး စကားပြောချင်တာ။ နင်ခြံထဲကို ဆင်းလာခဲ့ပါလား။ ဆိတ်ဖလူးပင်အောက်မှာတွေ့ကြမယ်လေ"

ထာ တွေတွေကလေး ဖြစ်သွားလေ၏။ အချိန်က ညကိုးနာရီ ကျော်ဖြစ်နေပြီလေ။ ထာက ဗီဒီယိုထက် ဝတ္ထုကို ပိုပြီး စိတ်ဝင်စားလို့ သာ ဖတ်နေတာ၊ အခုချိန် ကိုကြီးနဲ့ကိုလေး ဗီဒီယိုကြည့်နေဦးမှာပေါ့။ သာ ထွက်သွားလို့ သိတော့မသိနိုင်ဘူး ထင်ပါရဲ့။

"ထာ"

"ဟင်"

"နင်လာမယ်မို့လား၊ ငါ စောင့်နေမယ်နော်"

"အဲဒါ"

"မဖြစ်ဖြစ်အောင် လာခဲ့ဟာ"

"ဟဲ့"

"တီ"

ထာ ဘာမှ မပြောလိုက်ခင်ပဲ တစ်ဖက်မှ ဖုန်းချသွားလေသည်။ ထာ ဘာလုပ်ရမလဲ၊ မသွားဘဲနေရင် မေသုက စောင့်နေမှာ။ ကြောင့် ထွက်လာခဲ့တော့ မျက်လုံးက ကိုးကန်းတောင်းမှောက်နှင့်ပါ၊ ဆိတ်ဖလူးပင်အနားကိုရောက်တော့ ထင်တဲ့အတိုင်းပါပဲ။ မေသုက ရောက်နှင့်နေပြီလေ။

"ထာ နင်လာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မလာရင် နင်စောင့်နေမှာပဲ မဟုတ်ဘူးလား"

"အင်း . . . သေချာတာပေါ့။ နင်မလာရင် အခု ညဉ့်
ဒီအပင်အောက်မှာအိပ်ဖို့ အစီအစဉ်ရှိတယ်"

"မှင်ကလည်း"

"ဘာဖြစ်လို့"

"အရူးကျနေတာပဲ"

"ရူးတော့ ရူးနေတာပဲ အချစ်ရူးလေ။ အခု မခေါ်ပါနဲ့ မပြော
ပါနဲ့ဆိုရုံနဲ့ ငါ အဲဒီလောက်ရူးနေတာ။ နင်နဲ့သာ ဝေးရရင် သေသွား
နိုင်တယ်။ အဟုတ်"

ပိုလိုက်တာဟု မျက်စောင်းလေးဝင့်လိုက်တာကို ဖေသု မြင်
ချင်မှ မြင်မှာပါ။ တကယ်တော့ ထာ့ရင်ထဲမှာလည်း ဒီအတိုင်းပါပဲ
ကိုယ့်ရင်ထဲက သံယောဇဉ်ကို သေသေချာချာ ခွဲခြမ်းစိတ်ဖြာလိုက်
တော့ အချစ်ဟု အဖြေထွက်သည်လေ။ ချစ်မိပြီဆိုမှ အနှောင့်အယှက်
အတားအဆီးတွေက အမျိုးမျိုးပါပဲ။

ထာလည်း ဖေသုကို မတွေ့ရရင် မနေနိုင်။ အရင်က
သံယောဇဉ်လို့ အမည်ခံထားပေမယ့် မသိစိတ်မှာ အချစ်ဆိုတဲ့အရာ
တွယ်ကပ်နေခဲ့တာသည် အခုခွာထုတ်မယ်ကျန်ကာမှ ကွက်ကနဲ
ကွင်းခနဲ မြင်လိုက်သိလိုက်ရတာပါ။ ဆိတ်ဖလူးပန်းရနံ့တွေ နှာခေါင်း
ထဲကို တိုးဝင်လာလို့ ရင်ကိုအေးမြစေမယ့်အစား အခုတော့ ပူလောင်





အစအနတွေနှင့် လိုသလောက် မအေးမြနိုင် ဖြစ်နေတာသည်။

"ထာ"

"ဟင်"

"နင် စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

ထာ သိသိနှင့် ဝေ့လည်ကြောင်ပတ်လုပ်လိုက်တာဖြစ်၏။

"နင် ဝေ့လည်ကြောင်ပတ် မလုပ်နဲ့နော်။ ဘာလဲ ဖက်နမ်း
ပစ်လိုက်ရမလား"

"ဖေသုနော်"

ကြောက်ကြောက်လန့်လန့်ပုံစံလေးနှင့် ထာ နောက်ဆုတ်
သွားလေတော့ ဖေသုက ရယ်လေသည်။

"ဒါဆို အဖြေပေးတော့လေဟာ။ ငါက နင် ဒီထက်ပိုပြီး
စဉ်းစားနေရမယ့်လူလား"

"ဟဲ့ . . . စဉ်းစားရမှာပေါ့။ ငါက မိန်းကလေးလေ"

"မိန်းကလေးရော ဘာဖြစ်လဲ။ နင်နဲ့ငါက အကြောင်းသိတွေ
ပဲဥစ္စာ။ ဖေသုဆိုတဲ့ကောင်လေးက လူတော်လူကောင်းလေးပါ။
ဦးခေါင်းနဲ့ရင်းပြီး ငါအာမခံတယ်ဟာ"

"အံမယ် . . . လိပ်ကြီး"

လေတစ်ချက်အဝှေ့မှာ သစ်ရွက်တွေ လှုပ်ခတ်သံနှင့် နှယ်သံ



www.burmeseclassic.com

www.burmeseclassic.com



လေးများက မသဲကွဲပဲ ရောနှောသွားသည်သာ။ ဂီတဆိုတာ သစ်ရွက်ကြွေသံက အစချီပြီး တီထွင်ခဲ့သလို ချစ်တတ်သူတွေ၏ရင်တွင်းခံစားချက်တွေမှ တေးသွားဖြစ်လာခဲ့တာဆိုတော့ ရယ်သံနှင့်သစ်ရွက်တို့ လှုပ်ခတ်သံသည် လိုက်ဖက်ညီသော သံစဉ်ချိုတေးသွားတစ်ပုဒ်ပါ။

"ကဲ . . . ပြောတော့လေဟာ။ ဒီမှာ နားစွင့်ရတာ နားရွက်တွေ ကားထွက်လာပြီ"

"ငါက ဘာပြောရမှာလဲ"

"ချစ်တယ်လို့ပြောပေါ့"

ထာ ရှက်ကိုးရှက်ကန်းနှင့် လက်မထိပ်ကလေးကိုကိုက်ပြီး ခေါင်းငုံ့သွားလေသည်။ ရည်းစားစကား အပြောခံရဖူးတာတော့ ထပ်နေပြီပေါ့။ အချစ်ဆိုတာကို နားမလည်သေးတော့ ပြောသမျှလူကို ဘုတောလွှတ်ပြီး နလုံးလည်း မတုန်ရင်လည်း မခုန်ခဲ့ဘူးလေ။ အခုက ကိုယ်ချစ်တဲ့သူဖြစ်နေတော့ ရင်ဘတ်ထဲမှာ ဘယ်အရာတွေက ဂဏာမငြိမ် ဖြစ်နေမှန်း မသိတော့ပါဘူး။

သူငယ်ချင်းတွေ စခဲ့ကြပေမယ့် မထင်ခဲ့ဘူးလေ။ ကိုယ့်တက်က တစ်ဖက်သတ်မျှော်လင့်နေရတာမျိုးဖြစ်မှာစိုးလို့ မရိုးမသား အခြေအနေမျိုး မစဉ်းစားမိအောင် ကိုယ့်ကိုယ်ကိုယ် ဆုံးမထားခဲ့တာ။

အခုတော့ –

"ဖြေတော့လေ ထာရဲ့၊ ငါ စိတ်မရှည်တော့ဘူးနော်"





"ဘာ"

"မဖြေဘူးလား ဖြေမလား"

စိတ်မရှည်တော့ဘူးဆိုတဲ့စကားကြောင့် ထာ့စိတ်ထဲမှာ တင်းခနဲဖြစ်သွားပြီး –

"စိတ်မရှည်ဘူး ဟုတ်လား။ နင့်ကို ဘယ်သူက ရှည်ခိုင်းနေလို့လဲ။ စိတ်မရှည်ရင်သွား။ ငါလည်း ဖြေစရာအကြောင်းမရှိတော့ဘူး။ အခုတောင် စိတ်မရှည်ရင် နောက်ဆို ပိုဆိုးမှာပေါ့"

"ထာ"

"ဖယ်"

ထာ စိတ်ကောက်သွားမှန်းသိလို့ ဖေလု ချော့ဖို့ရာ ထာ့လက်ကို ကိုင်လိုက်တော့ ထာက ဖယ်ချလေသည်။

"နင်ကလည်းဟာ။ စကားအမှားမခံပါလား။ စိတ်ချ နင်နဲ့ပတ်သက်လာရင် ဒီကောင်စိတ်ရှည်ပြီးသား။ ဒီအပင်အောက်မှာ တစ်ညလုံး ထိုင်စောင့်ရမလား စောင့်မယ်။ နင်တစ်ယောက်လုံး အနားမှာ ရှိနေတာပဲဥစ္စာ"

"အံမယ်"

"အဟွန်း"

"ဘာရယ်တာလဲ"

"နင်စဉ်းစားကြည့်လေ . . . ဒီအပင်အောက်မှာ နင်နဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း ညှဉ့်နက်လာလို့ ငါ စိတ်ဖောက်ပြန်လာရင်တော့”

“ကြည့်စမ်း ဇေယျ . . . တော်ပြီ တော်ပြီ ငါသွားတော့မယ်”

“ဟာ . . . ထာ”

ဇေယျ ကမန်းကတန်းပဲ ထာ့လက်ကလေးကို ဆွဲထားလိုက်မိ၏။ ခုလို တွေ့ခွင့်ရတာလေးတောင် ဘုရားကသနားလို့ ပေးထားတဲ့ အခွင့်အရေးလေးပါ။ ဒါကို ဆုံးရှုံးလိုက်ရင် နောင်ဆိုတာ မသေချာတော့ဘူးလေ။

“နင်ကလည်း စိတ်ချည်းပဲ၊ ငါကစတာကို။ နင် ငါ့ကို ယုံကြည့်လိုက်စမ်းပါ ထာရယ်။ နင့်ကိုငါ ချစ်ခဲ့တာ ဘာစိတ်ရိုင်းမှမရှိတဲ့ ဖြူစင်သန့်ရှင်းခြင်းအချစ်နဲ့ ချစ်ခဲ့တာပါ။ ငါနဲ့ပတ်သက်ပြီး နင့်မှာ မှ တစ်ပေါက်မစွန်းစေရဘူး စိတ်ချ”

“ထာဝရ”

“ဟင်”

မိုးချုန်းသံကဲ့သို့ ပြုန်းခနဲ ကျယ်လောင်စွာခေါ်လိုက်တဲ့အသံကြောင့် ထာ့ကိုယ်လေး ဆတ်ခနဲ တုန်သွားလေသည်။ သူတို့ဆီကို တလှမ်းလှမ်းလာနေတဲ့ ခြေသံတွေ။ တစ်ယောက်တည်း မဟုတ်ဘူး ဆိုတာ သိနေတာကြောင့် ကိုလေးအသံကို ကြားလိုက်ရပေမယ့် ကိုကြီးလည်းပါလာတယ်ဆိုတာသိပြီး –

“ဇေယျ . . . ငါ့အစ်ကိုတွေ လာကုန်ပြီ နင်သွားတော့”





“ဟာ . . . ဘာလို့သွားရမှာလဲ၊ ဖြစ်လာသမျှ အတူတူရင်ဆိုင်ကြတာပေါ့”

“မဖြစ်ဘူး ဇေယျ . . . နင်သွားပါတော့”

“နင့်ကိုထားခဲ့ပြီး ငါက ကိုယ်လွတ်ရုန်းသွားစရာဘာ။ သွားဘူး”

“ဇေယျ ငါပြောနေတယ်နော်”

“မသွားဘူး”

“ထာဝရ . . . ခွေးမ လာခဲ့စမ်း”

ဆဲလည်းဆဲပြီး ထာဝရလက်ကို ဆောင့်ဆွဲခေါ်လိုက်သူက ကိုကြီးချစ်မင်းပါ။ ဒီကောင်နဲ့ မပတ်သက်စေချင်လို့ အရိပ်လိုကြည့်နေတဲ့ကြားက ဖွတ်တိုးမိုက်တဲ့အမိုက်မ။

“ကိုကြီးနဲ့ ကိုလေး . . . ထာ့ကို ဘာမှမလုပ်ပါနဲ့နော်။ ကျွန်တော် တောင်းပန်ပါတယ်။ ထာ့ကို ဘာမှမလုပ်ကြပါနဲ့”

အငယ်ကောင်ချစ်လင်းက ဇေယျ အင်္ကျီရင်ဘတ်စကို ဆွဲဆိုက်ကာ –

“မင်း လူက မွေးထားတာမဟုတ်လား”

“– – – – –”

“လူက မွေးထားရင် လူစကား နားလည်မှပေါ့ကွ။ မင်းကိုသာနဲ့မပတ်သက်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ”



www.burmeseclassic.com

www.burmeseclassic.com

"ကိုလေး အဲဒီလိုတော့ ကိုယ်ချင်းမစာမပြောပါနဲ့။ ထားနဲ့ ကျွန်တော် ကစားအတူသွားအတူ နေလာခဲ့ကြတာ။ အခုမှ မပတ်သက်ပါနဲ့ဆိုတော့ သံယောဇဉ်ဆိုတာ ရေထဲထည့်ပြီး ခလောက်ရိုက်နဲ့ ဖျော်ကျသွားတတ်တဲ့အရာ မဟုတ်ဘူးဗျ"

"ဘာကွ"

ဇေယု မခံချင်စိတ်နဲ့ ပြန်ပြောတော့ ချစ်လင်းလက်က ဒေါသကြောင့် ပိုတင်းသွားလေသည်။ သူမိုက်ကြည့်ကြည့်တော့ ဇေယုလည်း မိုက်ကြည့်ပြန်ကြည့်မိ၏။ ဒီအချိန်မှာ လေပြေသွေးပြီး ရွှေပြည်အေးတရားဟောနေလို့ ရမှာမှမဟုတ်တာ။

"ဇေယု နင်သွားပါတော့"

"ထားဝရ နင့်ပါးစပ်ကို ပိတ်ထားစမ်း"

"နေပါဦး ... ခင်ဗျားတို့ ကျွန်တော့်ကို ဒီလောက် ခါးခါးသီးသီးဖြစ်နေရအောင် ကျွန်တော်က ဘာဖြစ်နေလို့လဲ။ ဆိုးနေလို့လား မိုက်နေလို့လား"

"ဟေ့ကောင်"

နောက်လက်တစ်ဖက်ကပါ ထပ်ဆွဲလိုက်တော့ ဇေယု ကိုယ်ယိုင်ခနဲ ဖြစ်သွားလေသည်။

"မင်း ကောင်းပေမယ့် မကောင်းတာက မင်းအဖေ"

"ဗျာ"





"မင်းလို မျိုးမစစ်ကောင်ကြီးရဲ့သားနဲ့ ငါ့ညီမကို မပတ်သက်စေရဘူး"

"အဲဒီလိုပြောရအောင် ကျွန်တော့်ဖေဖေက ဘာဖြစ်နေလို့သလဲ။ မနိုင်လုံတဲ့အကြောင်းပြချက်နဲ့ ကျွန်တော့်ကို လာမတားနဲ့။ ကျွန်တော် ထားနဲ့မပတ်သက်ဘဲ မနေနိုင်ဘူး"

"မင်း ခွေးစကားမပြောနဲ့ ဟေ့ကောင်"

"ကိုကြီး"

ချစ်မင်း ရှေ့တိုးသွားတော့ ထားက ဆွဲထားလေသည်။ ဇေယုကို သွားပါတော့ဆိုလည်း မသွား။ စိတ်ညစ်ဖို့ကောင်းလိုက်တာ။

"ကြာတယ်ကွာ။ ဟေ့ကောင် မင်း ခုချက်ချင်းထွက်သွား။ အယုတ်တမာကောင်ရဲ့သား"

"ခင်ဗျား ကျွန်တော့်အဖေကို မပြောနဲ့"

"ယုတ်မာလို့ပြောတာ ဘာဖြစ်လဲ။ သူများမယားကို ကြာခိုတဲ့ လူကြီး။ မင်းအဖေက တောက်"

"ဇေယု သွားတော့"

"မသွားဘူး"

"ကဲကွာ"

"ခွပ်"

"အမယ်လေး ... ဇေယု၊ မလုပ်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"မလုပ်ပါနဲ့ . . . ဖေသု"

"ထာ ဖယ်စမ်း"

"အား"

ဖေသုကို ကာကွယ်ဖို့ ကြိုးစားတဲ့ထာ့ကို ချစ်လင်း တွန်းလိုက်တာ ထာ ဖင်ထိုင်လေးကျသွားလေတော့သည်။ နှစ်ယောက်နဲ့ တစ်ယောက် ဖေသုကို ဝိုင်းထိုးနေကြတာ မကြည့်ရက်စရာပါ။

"ခွပ်"

"အ"

"ခွပ်"

"တော်ပါတော့"

"ကဲကွာ"

"ခွပ်"

"ကဲကွာ"

"ခွပ်"

"ဖေသု"

ဖေသု နှုတ်ခမ်းနှင့်နှာခေါင်းဆီမှ သွေးများစီးကျလာပြီး ဖေ…ပျော့ခွေကျသွားလေတော့သည်။ ထာ ကုန်းထပြီး သူ့ဆီ…ပြေးသွားပေမယ့် မရောက်ပေ။ အစ်ကိုတွေက ထာ့ကို ချုပ်ထား…





…ခဲ့ခေါ်နေချိန်မှာ –

"သား"

"––––"

"အမယ်လေး . . . သားလေး သေပါပြီ သား။ နင်တို့…သားကို ဘယ်လိုလုပ်လိုက်ကြတာလဲ။ ငါ့သား တစ်ခုခုဖြစ်လို့က…တော့ နင်တို့ မလွယ်ဘူးမှတ်။ ခုလည်း ရဲတိုင်ရမယ်။ မိမဆုံးမ…မဆုံးမ သားတွေ။ သားလေး . . . သား"

"ဘာကြောင့်ဆိုတာ ခင်ဗျားသိတယ် ဒေါ်စုစုမာ။ ခင်ဗျား…သားကို ခင်ဗျားထိန်းထား"

"ဟဲ့ ငါလည်း ထိန်းနေတာပဲ။ ငါ့သားက နဖားထိုးပြီး…ကြိုးချည်ထားလို့ ရတဲ့နွားမဟုတ်ဘူး။ လက်ခုပ်ဆိုတာ တစ်ဖက်တည်း…ီးလို့ မြည်တာ မဟုတ်ဘူး။ ငါ့ယောက်ျားမကောင်းတာချည်းပဲ…ပြောနဲ့။ နင်တို့အမေ ကမြင်းကြောထတာကိုလည်း ထည့်ပြောဦး…လေ"

"ခင်ဗျား"

ဒေါ်စုစုမာ သားကို ပွေ့လိုက်တော့ သွေးတွေက လက်တွေ…မှာ ပေကုန်လေ။ မျက်ရည်တွေက မတားဆီးနိုင်ပေ။ သူ့မှာက ဒီ…သားလေးတစ်ယောက်ပဲ ရှိတာပါ။ လုပ်ရက်လိုက်ကြတာ။

"မှန်တာပြောတော့ မခံနိုင်ကြတော့ဘူး မဟုတ်လား။ ဒီလို…



www.burmeseclassic.com

www.burmeseclassic.com



မျိုးက မိန်းမနေရာပေးမှ ယောက်ျားက နေရာရတာဟဲ့။ နင်တို့အမေ သာ မိန်းမကောင်းဆိုရင် ဘာမှဖြစ်စရာအကြောင်း မရှိဘူး သိလား”

“ဟာ . . . ဒီအဘွားကြီးတော့”

“ကိုကြီး ကိုလေး . . . တော်ကြပါတော့။ တော်ကြပါတော့ တောင်းပန်ပါတယ်”

“တောက်”

“လာစမ်း”

ထော့ကို ဆွဲခေါ်သွားကြတာများ အရုပ်ကလေးတစ်ရုပ်လိုပါ။ ဒေါ်စုစုမာမှာတော့ –

“သား”

“___”

“လာကြပါဦး၊ ငါ့သားကို ကယ်ကြပါဦး။ ဖိုးသာထူးရေ”

သားကိုပွေ့ပြီး ဖြစ်နေပုံမှာ အရူးမီးဝိုင်းပါ။ သူမနှင့်ပါလာတဲ့ ဖိုးသာထူးကိုခေါ်လိုက်တော့ ဖိုးသာထူးရောက်လာပြီး ဖေသု ကိုယ်ကြီး ကို သယ်ခဲ့ပြီးနောက် –

*



## အခန်း (၁၄)

“ချစ်မင်းနဲ့ချစ်လင်း”

ကိုယ့်နာမည်ကိုခေါ်လို့ နှစ်ယောက်စလုံး မော့ကြည့်လိုက်တော့ –

“လာ ထွက်”

ထွက်ဆိုတော့ ထွက်ခဲ့ကြ၏။ ဒါ အာမခံနဲ့လာထုတ်သူရှိလို့ သေး။ ဖေဖေပဲဖြစ်မှာပါလို့ တွေးလိုက်ကြပေမယ့် တကယ်တမ်း တွေ့လိုက်ရတော့ ဖေဖေမဟုတ်ပေ။ ဖေဖေမဟုတ်တာနှင့်အမျှ စိတ်က သည်း ပွသွားရ၏။ ဖေဖေက သွေးတိုးရှိတယ်ဆိုတော့ သူတို့ သတင်း ကိုကြားပြီး တစ်ခုခုများ ဖြစ်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အာမခံနှင့်လာထုတ်တာသည် ဦးဖေယျနှင့် မေမေ ဖြစ်နေတာကြောင့် လက်မှတ်ထိုးပြီးသည်အထိ ထိုမျက်နှာလေးကို မကြည့်ကြတော့ပေ။ ပြန်လို့ရပြီဆိုလို့ ထထွက်လာကြတော့မှ မိခင်ဖြစ်သူက နောက်မှလိုက်လာကာ –

"ဟဲ့ နေကြဦး"

မိဘစကားမို့ မပယ်ရှားဘဲ ရပ်စောင့်နေတဲ့နောက်မှာ–

"နင်တို့က ဘာအချိုးချိုးတာလဲ ဟင်။ လာထုတ်ပေးရတဲ့ အမေ့ကို အဖက်မလုပ်ဘဲ မတွေ့သလို မတန်သလိုနဲ့။ ငါက နင်တို့ အမေဟဲ့"

"မေမေတို့ လာထုတ်ပေးတာမှန်းသိရင် ကျွန်တော်တို့ အချုပ်ထဲက မထွက်ခဲ့ပါဘူး"

"ဘာ ... ချစ်မင်း"

ပြောပြီးတာနှင့် ချစ်မင်း ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်၏။ ဒီလိုအချိန်မှာတောင် မျက်နှာပြောင်တိုက်ပြီး အတူတူရှိနေကြတယ်ဆိုတော့ –

"ကိုကြီးပြောတာမှန်တယ် မေမေ။ မေမေတစ်ယောက်တည်း လာခဲ့တာဆိုရင်တောင် ကျွန်တော်တို့ အမေဆိုတဲ့အသိနဲ့ မေမေ့ကို ကျေးဇူးတင် နှုတ်ဆက်စကားလေးတော့ ပြောမိမှာပါ ခုတော့ ..."



ခုတော့ဆိုပြီး အကြည့်က ဦးဖေယျဆီသို့ ရောက်သွားလေ ချင် ဒေါ်မင်းမင်းစံ နားလည်လိုက်ပြီး –

"နင်တို့ ကျေးဇူးမကန်းနဲ့ ချစ်လင်း။ ကိုဖေ အဲ ကိုဖေယျက သူ့သားခံလိုက်ရတာကို ကျေအေးပြီး လာထုတ်ပေးတာကိုပဲ ကျေးဇူးတင် ဖင်လှန်ပြ မလုပ်နဲ့။ နင်တို့ ဖေသုကိုလုပ်လိုက်တာ ပေါ့သေးသေးမဟုတ်ဘူးနော်။ ဟိုမှာ ခံလိုက်ရတာ အလူးအလိမ့်"

"ခံပါစေ ခံပေါ့။ ကျွန်တော်တို့ကလည်း လုပ်သင့်လုပ်ထိုက်လို့ လုပ်လိုက်တာ"

"ဘာ"

ဒေါ်မင်းမင်းစံ ဒေါသဖြစ်သွားရ၏။ စေတနာကို စော်ကားတာကြည့်စမ်း။ ကိုယ်ကတော့ မိဘဖြစ်နေလို့ ကိုဖေ့ကို အမှုမဖွင့်ပါနဲ့ဆိုပြီး တောင်းပန်လိုက်ရတာ။ ကိုဖေ့တက်ကလည်း ဘာပဲဖြစ်ဖြစ် ဖေသုက သူ့သွေးသားပဲလေ။ ကိုယ့်မျက်နှာကြောင့်သာ ခွင့်လွှတ်ပေးတာ။

ဒါကို ကျေးဇူးမတင်ရင်ထားတော့။ ခုလိုပြောဖို့တော့ ကောင်းပါဘူး။ ကိုဖေ့ကို အားနာစွာကြည့်လိုက်တော့ –

"ကလေးတွေကို ပြောမနေပါနဲ့တော့ စံရယ်။ ကိုယ်တို့ သွားရအောင်"

ကိုယ်ဆိုတဲ့ အသုံးအနှုန်းကြောင့် ပေစောင်းစောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြပြီး အကြီးကောင်က –

"မေမေတို့ ဒီလောက်အထိ မျက်နှာပြောင်တိုက်ဖို့ မကောင်းပါဘူး။ ကျွန်တော်တို့ ရှက်တယ်"

"ဘာ"

"––––"

"နေစမ်းပါဦး . . . နင်တို့ ရှက်ရအောင် ငါက ဘာလုပ်နေလို့လဲ"

"မေမေ ကိုယ့်အကြောင်းကိုယ် အသိဆုံးဖြစ်မှာပါ။ ပုပ်နေတဲ့ မသာကို နံ့သာဆီနဲ့ဖုန်းလည်း ပုပ်နံ့က ပုပ်နံ့အတိုင်း ထွက်လာမှာ"

"ချစ်လင်း"

"ထစ်ထစ်ငေါ့ငေါ့ ဆွဲ့ဆွဲ့အအတွေနဲ့ ဖြေရှင်းမနေပါနဲ့။ သားတို့ကို မငဲ့ရင်တောင် မိန်းမှာလေးဖြစ်တဲ့ ညီမလေးကိုတော့ မေမေ ငဲ့သင့်တယ်။ တော်ကြာ . . . ခေါင်းကမှ မလုံရင် တံစက်က ပိုဆိုးနေမှာ စိုးလို့"

ဒေါ်မင်းမင်းစံ တစ်ခုခုပြန်ပြောဖို့ ပြင်လိုက်စဉ်မှာပဲ ချစ်မင်းနဲ့ ချစ်လင်းက ထွက်သွားလေပြီ။

သားသမီးမကောင်းတော့ မိဘခေါင်းတဲ့။ မိဘ မကောင်းတာကျတော့ ဘယ်သူ့ခေါင်းသွားခေါက်ပြီး ပက်ပက်စက်စက် ပြောရမလဲ။





"တောက် . . . ပြောသွားလိုက်ကြတာ၊ မိဘကို မိဘမှန်းမသိတဲ့ ကောင်တွေ။ မြေမျိုပြီး မိုးကြိုးပစ်ခံရဦးမယ်"

"ကဲပါ စံရယ် . . . ကိုယ်တွေက သူတို့ပြောစရာဖြစ်အောင် အများလုပ်ခဲ့မိတာ မဟုတ်လား။ အဲဒီတော့ ကိုယ်တို့ တစ်ခုခု ဆုံးဖြတ်မှ ဖြစ်တော့မယ်"

"ရှင်"

"ကိုယ် စံနဲ့မခွဲနိုင်ဘူး"

ထိုစကားတစ်ခွန်းနှင့်ပင် ဒေါ်မင်းမင်းစံ ရှေ့ဆက် မိုက်လုံးကြီးဖို့ ဆုံးဖြတ်လိုက်၏။ ဒီအသက်အရွယ် ဒီအခြေအနေမျိုးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမှာပေမယ့် ဒေါ်မင်းမင်းစံကတော့ သူများထက် ကိုယ့်ကိုယ်ကိုယ်ပဲသနားကာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာ . . . ရှစ်က အဲဒီကောင်တွေကို အာမခံနဲ့ထုတ်ပေးလိုက်တယ် ဟုတ်လား ကိုဖေယျ"

"ဟုတ်တယ်လေ၊ ခြိုးချင်းကပ်နေတဲ့လူတွေပဲဥစ္စာ။ အခု သားကလည်း သက်သာနေပြီ။ မုန်းစကို ဘာလို့ရှည်နေရမှာလဲ"

"ရှည်ရမယ်ရှင့်၊ ရှည်ရမယ်။ ကိုယ့်သားကို ကိုယ်တောင်မျက်စောင်းမထိုးရက်တာ၊ သူတို့လုပ်လိုက်တာ သွေးသံရဲရဲနဲ့။ ဒါကို မှဒိတ်သွားပြီး ကျွန်မက ခွင့်လွှတ်ရမှာလား။ ခွင့်မလွှတ်နိုင်ဘူး"

"ကျွတ်"

ဒေါ်စုစုမာ၏ ဒေါသသံက စာစာတက်နေပြီး ဦးဖေယျက



တော့ ခေါင်းတခါခါနှင့်ပါ။ သူ့ဘက်ကိုယ့်ဘက် ခံစားချက်ကိုယ်စီရှိကြတဲ့အနက်မှာ သူတို့ကမှ ပိုနာတတ်ကြသလား။ သူတို့ကမှ ပိုပြီးနာတတ်ကြသလား။ မတရားလိုက်တာ။ အခုကြည့်စမ်း၊ ကိုယ့်သားကို ထိုးကြိတ်လွှတ်လိုက်တာတောင် ကိုယ်က မိန်းမသားဆိုတော့ ဘယ်လိုမှ မတုံ့ပြန်နိုင်တဲ့အဖြစ်။

တုံ့ပြန်လို့ရတာနဲ့ တုံ့ပြန်လိုက်တော့ ဒင်းက အာမခံနဲ့ ထုတ်ပေးလိုက်တယ်တဲ့။ မိန်းမဖျက်လို့ ပြည်ပျက်တယ်တဲ့။ မင်းမင်းစံဆိုတဲ့ မိန်းမကြောင့် ကိုယ့်မိသားစု ပျက်စီးပြိုကွဲရတော့မှာလား။

"ရှင့်လို အဖေမျိုး အရမ်းရှားတယ် ကိုဖေယျ။ ကိုယ့်သားတရားခံလာရတာကို လျစ်လျူရှုပြီး သူများဘက်က ရပ်တည်ပေးတဲ့ သားအပေါ် မေတ္တာတရား အားကောင်းပုံကို ကျွန်မ စံတင်ပါတယ် ရှင်း စံတင်ပါတယ်"

"တော်စမ်း စုမာ။ မင်း အာခေါင်ခြစ်ပြီးအော်မနေနဲ့။ ပြီးခဲ့တာကို ပြီးပြီလို့ပဲမှတ်လိုက်။ မင်း ဆွေ့ဆွေ့ခုန်နေတော့ရော မင်းရဲ့သားစိတ်က ထာဝရကို ပြတ်နိုင်မယ်လို့ထင်နေလား။ သူကိုယ်တိုင်ကရော ထာဝရအစ်ကိုတွေကို ထောင်ချပစ်ချင်လောက်အောင် မုန်းသလားလို့ မေးကြည့်ဦး"

"အဲဒါတွေ ကျွန်မ မသိဘူး။ ကျွန်မကတော့ အဲဒီတစ်မိသားစုလုံးကိုမုန်းတယ်။ အဲဒါ ရှင့်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com

"စုမာ"

"ဒီမှာ ကိုဇေယျ"

"———"

"ရှင်က ဟိုမိန်းမမျက်နှာနဲ့ အမုန်းကို အဆုံးသတ်စီရင်နိုင်ပေမယ့် ကျွန်မက ကျွန်မသားမျက်နှာကလွဲရင် ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုဘူး။ ဘယ်သူ့ကိုမှ ငဲ့ကွက်စရာမလိုဘူး"

"မင်းပါးစပ်ကိုပိတ်ထားစမ်း"

"မပိတ်နိုင်ဘူး"

ပြန်အော်ရင်း ဒေါ်စုစုမာမှာ မျက်ရည်တွေက သုတ်လို့မနိုင်ပေ။ သူမ ဆက်ပြီးသည်းမခံနိုင်တော့ပါဘူး။ သားသိရင် စိတ်ဆင်းရဲမှာစိုးလို့ မျိုသိပ်ခဲ့သမျှ ဒီနေ့တော့ ဖွင့်ဟပွဲကြမ်းမှဖြစ်တော့မည်။ မဟုတ်ရင် ဘယ်လောက်တောင် စိတ်ဆင်းရဲနေရဦးမှာလဲ။

"ဒီနေ့ ရှင်နဲ့ကျွန်မ အပြတ်ရှင်းကြတာပေါ့ ကိုဇေယျ"

ပြောလိုက်တာ အံကြိတ်သံနှင့်ပါ။

"ပြောစမ်းပါဦး။ မင်းက ဘယ်လိုရှင်းမှာလဲ"

"ရှင့်ကိုကျွန်မ မသတီတော့ဘူး"

"အဲဒီတော့"

"အဲဒီတော့ ရှင်နဲ့ကျွန်မ ကွာရှင်းကြတာပေါ့။ ရှင်နဲ့ပတ်သက်သမျှ အမျှပဲ"





"ကျေးဇူးကမ္ဘာပဲစုမာ"

လှည့်ကြည့်လိုက်မိတဲ့ မျက်ဝန်းထဲမှာ နာကြည်းရိပ်တွေ သုထပ်လို့ပါပဲ။ ကိုယ့်ကို စိတ်ကုန်လို့ မငဲ့ရင်ထားတော့ သူ့သွေးသားဖြစ်တဲ့သားကိုတောင် မငဲ့တော့ပါလား။ ဟန်ဆောင်တားမြစ်ခြင်းတောင်မပြု ကျေးဇူးကမ္ဘာပါပဲတဲ့။

"ရှင့်လိုဖအေမျိုးရဲ့သားဖြစ်ရတာ သားလေးအစား ကျွန်မရင်နာကျော့ပါ နာတယ်သိလား"

"ဘာလဲ မင်းက သားကို အကာအကွယ်ယူပြီး ငါ့လွတ်လပ်ခွင့်ကို တားဆီးချင်သေးလို့လား"

"အစကတည်းက ရှင်က လွတ်လပ်ခွင့်မရှိတဲ့ အိမ်ထောင်သည်လေ။ ရှင့်ဘက်ကပဲ အဲဒီစည်းကို ချိုးဖောက်ခဲ့တာ။ မင်းမင်းစံက ကျွန်မထက်သာတယ်ထင်ရင် ရှင်သွားပါ။ ဒါပေမဲ့ တစ်ခုတော့ ကျွန်မပြောလိုက်မယ်"

"ဘာလဲ"

"ရှင် ဝဋ်မလည်ပါစေနဲ့။ ကျွန်မ သစ္စာတွေ မစူးပါစေနဲ့လို့ ဘုရားမှာ အမြဲဆုတောင်း"

"ဟင်"

ဇေယျကြားလိုက်ရတဲ့စကားတွေကြောင့် မယုံနိုင်စွာ မျက်လုံးအဝိုင်းသားနှင့်ပါ။ မေမေထွက်လာတာမြင်တော့ နံရံမှာကပ်ပြီး နံရံကို


www.burmeseclassic.com

www.burmeseclassic.com



ကျောနှင့်ဖိကပ်ထားမိ၏။ ပြီးတော့ မျက်လုံးကိုစုံမှိတ်ပြီး အတွေးတွေ ကစဉ့်ကလျားပါ။

"တောက်"

ဖေဖေ့ထံမှ တက်ခေါက်သံကြားတော့ ကျောကနံရံနှင့် ပိုကပ်သွား၏။ ဖေဖေက အဲဒီလိုလူမျိုးလား။ ဖေဖေက အန့်တီမင်းမင်းစံနဲ့ အိမ်ထောင်ရေးဖောက်ပြန်နေတာလား။ ကိုယ် ဘာကြောင့် မသိခဲ့ရတာလဲ။ ဘာလို့ အဲဒီလောက် အခွဲရခက်တာလဲ။ ဟုတ်မှာပါ ဖေဖေနဲ့ အန့်တီမင်းက ပုံမှန်ဆက်ဆံရေးထက် ပိုရင်းနှီးနေကြတာပဲ ဥစ္စာ။

ဒါကြောင့် သူ့ဘက်ကိုယ့်ဘက် တင်းမာမှုတွေ ရှိလာတာပဲ ဖြစ်မှာပေါ့။ ရက်စက်လိုက်တာ မေဖေဖေရယ်။ လုပ်ရက်လိုက်တာ။

"ထာ"

နှုတ်မှ တမ်းတမ်းတတ ခေါ်မိတာ နှုတ်ခမ်းလေးလှုပ်ရုံသာ။ ထာရော ဒီကိစ္စကို မသိလို့သာ ကိုယ့်ကိုအပြစ်မမြင်နိုင် ရှိနေတာပေါ့။ သိသွားရင်လို့ တွေးလိုက်မိတော့ ရင်ဘတ်ထဲမှာ အောင့်တက်လာ၏။ နင်နဲ့ငါ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးလား ထာရယ်။

"သား"

"_____"

"သား"

အနားကိုရောက်လာသူက ဒေါ်စုစုမာပါ။ သားကိုကြည့်ပြီး





သနားလိုက်တာ။ သနားတော့ရော ဘာတတ်နိုင်မှာတဲ့လဲ။ မဖြစ်နိုင်တဲ့ အကြောင်းတရားရဲ့ဖာစ်မြစ်က သူ့အဖေပဲလေ။

"မေမေ"

"သား"

"ဖေဖေ . . . ဖေဖေနဲ့ အန့်တီမင်းက တကယ်ပဲလား မေမေရယ်၊ ဟင်"

"သား သိသွားပြီလား"

ဇေသု ခေါင်းညိတ်လိုက်မိပြီး –

"ပြောပါဦး မေမေ၊ အဲဒါ တကယ်ပဲလား"

ဒေါ်စုစုမာ ခေါင်းညိတ်ပြပြီး သားကိုဖက်တွယ်လိုက်မိသည်။ အရာအားလုံးအတွက် သူမ ဘာကြောင့်ပြောင်းလဲခဲ့ရတယ်ဆိုတာ သားလေးနားလည်လာမှာပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"ဘယ်လို ကိုကြီး"

ထဝ မကြားလို့ ထပ်မေးလိုက်တာမဟုတ်ပါဘူး။ နားကြား များ မှားသလားလို့ မယုံနိုင်စွာ မေးလိုက်ခြင်းပါ။ ကြားလိုက်ရ စကားက ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားအောင် နှိပ်စက်နိုင် ဘယ်လိုတွေဖြစ်ကုန်တာလဲ။ လူကြားလို့မှမကောင်း။ မေမေနဲ့ဖေ ဖေဖေက အိမ်ထောင်ရေးဖောက်ပြန်နေကြတာတဲ့။ ကြားရတာ နားရှက်ဖို့ကောင်းလိုက်တာ။

မဟုတ်ပါစေနဲ့ နားကြားမှားတာဖြစ်ပါစေလို့ ဆုတောင်း ကိုကြီးပါးစပ်က ထပ်ထွက်လာမယ့်အသံကို ခေါင်းလေးမော့ပြီး နား





နေပေမယ့် ဘာသံမှ ထပ်ထွက်မလာပေ။ ဒါဆို ဟုတ်လို့ပေါ့။ ဒီစကား မျိုးကို ဘယ်လိုအင်အားနဲ့ နှစ်ခါထပ်ပြောချင်မှာလဲ။ နှုတ်ခမ်းကို တင်းတင်းစေ့ထားတဲ့ကိုကြီး နောက်တော့ ခေါင်းငိုက်စိုက်ကျသွားတဲ့ အထိပါပဲ။

"ဟုတ်ရဲ့လား ကိုကြီးရယ်။ ညီမလေးနားကြား မှားတာပါ နော်။ မေမေနဲ့ဦးဇေကော"

"အမှန်တရားကို လက်ခံလိုက်စမ်းပါ ညီမလေးရယ်။ အရင် တုန်းက ဖေသုနဲ့ညီမလေး ရင်းရင်းနှီးနှီးနေခဲ့တာကို ကိုကြီးတို့ ဘာ ပြောခဲ့လို့လဲ။ အခုက ဘယ်လိုမှမဖြစ်နိုင်ဘူးလေ"

သေချာသွားပြီဆိုတာနှင့် မျက်ရည်က ထိန်းလို့မရတော့ဘူး လေ။ ရှက်တာရော ဖေသုနဲ့မဖြစ်နိုင်တာကိုပါ တွေးမိသွားလို့ပါ။

"ညီမလေး"

"အဟင့်"

"မငိုနဲ့ ညီမလေး။ ညီမလေး ငိုဖို့မတန်ပါဘူး။ ငါ့ညီမလေး သိထားရမှာက သူတို့မျောမယ့် တံတွေးခွက်ထဲမှာ ညီမလေး မပါစေနဲ့"

"အဲဒီလောက်ပြောရင်သူသိပြီကိုကြီး။ ပြောထားတဲ့ကြားက ရှဲဆက်တိုးရင်း သတ်ပစ်ရုံပဲရှိတော့တယ်"

"သားငယ်"

နောက်ထပ် ဦးအောင်ထိုက်နဲ့ချစ်လင်း ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်းက လူငယ်ပီပီ အော်ကြီးဟစ်ကျယ်နဲ့ ပြောလေလျှင် –

"သမီးလေးကို ပြောလိုက်ကြပြီလား"

"မပြောလို့မှ မဖြစ်တော့တာ ဖေဖေရဲ့။ ရှေ့ဆို ဖေဖေ့သမီး ကိုသတ်ပြီး ကျွန်တော်တို့ ထောင်ထဲသွားဖို့ပဲရှိတော့တယ်။ ဖေသူနဲ့ မပတ်သက်ဖို့ပြောတာ ဆယ်ခါမကတော့ဘူး"

"မင်းမပြောနဲ့ ချစ်လင်း၊ ငါပြောမယ်"

"တောက်"

ကိုကြီးစကားကို မပယ်ရှားဝံ့တော့ ဒေါသဖြစ်တိုင်း တက် ခေါက်ရတာ လျှာတွေတောင်ပေါက်တော့မလား မပြောတတ်တော့ ဘူး။

"သားတို့ ဘယ်သူ့ကိုမှ သတ်စရာမလိုပါဘူးကွာ။ ကျေနပ် စရာဖြစ်အောင် နေတတ်ဖို့ပဲ ကြိုးစားကြ။ မင်းတို့အမေ သူ့လမ်း လျှောက်တော့မှာ"

"ဖေဖေ"

ဦးအောင်ထိုက် လက်ကာပြလိုက်ပြီး –

"ခြံခုနစ်ရှိတဲ့နွားက နောက်လည်း ခုန်တော့မှာပဲ။ ဖေဖေ ခြံကျိုးမခံနိုင်ဘူး။ သူ့ရှိလည်း မိသားစုအပေါ် နွေးထွေးမှုပေးနိုင်တာ မဟုတ်တာ"

"ဖေဖေ ခွင့်လွှတ်နိုင်ပေမယ့် သားတို့ ဒီကိစ္စကို ခွင့်မလွှတ်





နိုင်ဘူး ဖေဖေ။ ရှက်ဖို့ကောင်းတယ် ဖေဖေရဲ့"

"ကြာရှည်ရှက်နေရမယ့်အစား တစ်ခါတည်း ရှက်လိုက်ရ တာပဲ ကောင်းပါတယ်ကွာ"

သည်းခံပါရမီအားကောင်းတဲ့ ဖေဖေ့ကို ချီးမွမ်းရမလား အပြစ်တင်ရမလား မပြောတတ်တော့ပေ။ သူများတွေများ မယားထိ တော့ကြည့်တဲ့။ ဖေဖေ့ကျတော့ သားသမီးတွေ မျက်နှာငဲ့ပြီး လေသံ တောမာနှင့်ပင် လင်မယားချင်းရန်ဖြစ်ရမှာကို စိုးရိမ်သူ။ မေမေက သား သမီးတွေ မျက်နှာကိုမငဲ့ သူ့ပျော်ဖို့အတွက် သားသမီးတွေရဲ့နှလုံးသား ကို ချနင်းသူ။

သူတို့ကြားဖူးတာတော့ မိခင်က ဖခင်ထက် သားသမီးတွေ အပေါ် မေတ္တာတရားကြီးမားသည်တဲ့။ အခု ကိုယ်တွေကျတော့ ပြောင်းပြန်။ ဖေဖေက မေတ္တာတရားကြီးမားပြီး မေမေက သားသမီး ဆိုတာကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ပင် မှတ်ပုံမရပေ။

"ထာဝရ"

"————"

"နင် ကြပ်ကြပ်သတိထားနော်။ ငါ့ကို ထောင်ထဲရောက် အောင် မလုပ်နဲ့"

"စိတ်ချပါ ထာ ကတိပေးပါတယ်"

"အေး ... ကတိဆိုတာ ပေးပြီးတည်ရတယ်နော်။ မတည်လို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ငါ့အကြောင်း သိမယ်"

ချစ်လင်းက လူငယ်ပဲလေ။ လူငယ်ပီပီ သူ့မှာ ထိန်းချုပ်နိုင်စွမ်း အားရှိပါ့မလား။ တကယ်တမ်း ပြောကြကြေးဆို မိဘကတောင် မိုက်တွင်းနက်သေးတာ။ သူက ရှေ့ကျွမ်းနောက်ကျွမ်းပြန်ပြီးတော့တောင် မိုက်ရိုင်းလို့ရသေးတယ်။

ချစ်လင်းနဲ့ ချစ်မင်းထွက်သွားပြီးနောက် –

"သမီး"

"ရှင်"

ဦးအောင်ထိုက် သမီးပခုံးကို ဖွဖွဖက်လိုက်ပြီး –

"ဘာပဲဖြစ်ဖြစ် သမီးရင်ထဲမှာတော့ မအေက မအေလို့ သတ်မှတ်ပါသမီးရယ်။ အခု သူ မကောင်းပေမယ့် အရင်က ကောင်းခဲ့တဲ့ အချိန်တွေရှိတယ်။ သူ မကောင်းတာ သူ့အကြောင်း၊ သမီးဘက်က မပြစ်မှားမိစေနဲ့ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မျက်ရည်တွေ သုတ်လိုက်ပါဦး။ ဘယ်သူတွေ ဘာပဲပြောပြော သမီး ခိုလှုံဖို့အတွက် ဖေဖေ့ရင်ခွင်ရှိပါသေးတယ် သမီးရယ်"

ထာ ဖေဖေ့မျက်နှာကို မော့ကြည့်လိုက်ပြီး –

"ဖေဖေ"

"ပြောလေ သမီး"





"မေမေနဲ့ဦးဇေကာ တကယ်ပဲလားဟင်"

ဦးအောင်ထိုက် လေးတွဲစွာ ခေါင်းညိတ်လိုက်မိ၏။ တကယ်ဘ ခေါင်းခါပြီး မဟုတ်ဘူးလို့ ပျာပျာသလဲ ငြင်းလိုက်ချင်တာပါ။ အမှန်တရားက ဖုံးဖိထားလို့မရတော့ –

"ဟုတ်တယ် သမီး။ ဖေဖေသိတာတော့ ကြာခဲ့ပါပြီ။ ဒါပေမဲ့ သားသမီးတွေ စိတ်ဆင်းရဲမှာစိုးလို့ ဖေဖေ မျိုသိပ်ခဲ့ရတာ"

"ဖေဖေရယ်"

ထာဝရ ဖေဖေ့ကို သနားစွာ ရင်ထဲမှာ နင့်ပြီးရင်းနင့်ပါပဲ။ သားသမီးတွေအပေါ် မေတ္တာတရားကြီးမားလိုက်တဲ့ ဖေဖေ။ ယောကျ်ားအချို့က မယားကိုထိရင် ဒေါသကို ထိန်းချုပ်နိုင်စွမ်း မရှိကြဘူးလေ။ ဖေဖေကတော့ သားသမီးတွေ မျက်နှာကြည့်ပြီး ထိန်းချုပ်နိုင်စွမ်းရှိတဲ့သူ။

မေမေအကြောင်းတွေးမိတော့ ရင်ထဲမှာ ဆစ်ခနဲပါပဲ။ လုပ်ရက်လိုက်တာ။ စူဠလိပ်တောင် ဥကို အဝေးက မေတ္တာပို့ပေးရုံနဲ့ ပေါက်ရတယ်တဲ့။ မေမေက သားသမီးအရေးထက် သူပျော်ဖို့ ဘယ်သူ့မျက်နှာကိုမှ မငဲ့သူ။

"မိဘဆိုတာ အစားထိုးလို့မရဘူး။ အဲဒါကြောင့် သမီးမေမေ့အပေါ်မှာ သမီးစိတ်နဲ့တောင် မပြစ်မှားပါနဲ့။ ဖေဖေက သမီးကိုချစ်လို့ အပြစ်ရမှာစိုးလို့ပြောတာ။ မုန်းစရာရှိရင် ဖေဖေပဲမုန်းမယ်၊ နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



စရာရှိရင် ဖေဖေပဲ နာကြည်းမယ်''

ပြောနေတာ မချိုတင်ကဲလေသံနှင့်ပါ။ နှုတ်တောင်မဆက် စကားဆုံးတာနှင့် ထထွက်သွားတာ။ ကျလုလုမျက်ရည်ကို ထာ မြင်မှာ စိုးလို့ထင်ပါရဲ့။ ထာ စိတ်ရှုပ်စွာနှင့် ဆံပင်တွေကိုထိုးဖွပြီး ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်လှဲလိုက်စဉ် ဖုန်းသံကမြည်လာသဖြင့် ကောက်ကိုင် လိုက်ပုံမှာ အေးတိအေးစက် လေးတိလေးတွဲပါ။ အခုချိန်မှာ ကိုယ့် မိသားစုအရေးထက် ဘယ်အရာကို အလေးထားပြီး စိတ်ပါ လက်ပါ ရှိမှာလဲ။

''ဟင်''

ပေါ်နေတဲ့ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ဖေသု ဖုန်းနံပါတ် ပါပဲ။ မပတ်သက်ပါနဲ့လို့ အတန်တန်မှာထားလေတော့ ဖုန်းကိုင်သင့် လားမကိုင်သင့်လား။ တွေဝေစွာ စဉ်းစားရင်း ဖုန်းကိုကြည့်နေမိတော့ ဖုန်းကကျသွားလေသည်။ နောက်တစ်ခါထပ်ခေါ်တော့လည်း ကြည့် နေမိတာပါပဲ။ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်းသိရအောင် ကိုင်လိုက် မယ်ဟု ဖုန်းလုံးလေးကို ညာဘက်ဆွဲလိုက်တော့ –

ဖုန်းက ကျသွားပြန်သည်။ တတိယအကြိမ်ပြန်ခေါ်မှ ဖုန်းကိုင် ဖြစ်ပြီး –

''ဟယ်လို''

''ထာ''





''____''

''ထာ''

ထာ သူဘာပြောမလဲလို့ ငြိမ်သက်စွာ နားထောင်နေမိစဉ်–

''ဟယ်လို ထာ''

''____''

''ထာ ကြားရဲ့လား ဟယ်လို''

''ကြားပါတယ်၊ နင် ဘာပြောမလို့လဲ ဖေသု ပြောပါ''

''ကြားတယ်လား၊ ကြားရဲ့သားနဲ့ ဘာလို့ငြိမ်နေတာလဲ။ ဘာလို့ စကားပြန်မပြောတာလဲ''

''နင့်ကို ပြန်ပြောစရာ ငါ့မှာစကားမရှိလို့ပါ''

''ဘယ်လို''

ဖေသု ထိုင်နေရာကနေ ထရပ်လိုက်မိ၏။ ထာ့ပါးစပ်က [illegible]လေသံ ဒီစကားမျိုး ထွက်လာတာ။ ကိုယ့်လိုပဲ သူလည်း လူကြီးတွေ [illegible] သိသွားလို့လား။

''ငါ့ကို ပြောစရာစကားမရှိဘူး ဟုတ်လား။ နင် ဘယ်လိုပြော လိုက်တာလဲ ထာ။ နင့်စိတ်က ပြောင်းလဲသွားပြီလား။ ဘာပဲဖြစ်ဖြစ် ငါကတော့ နောက်မဆုတ်ဘူးနော်။ နင့်ကိုငါ အရမ်းချစ်တယ်။ အဲဒီ အချစ်က ပေတစ်သီး ကျိုးတစ်သားလို ဘယ်တော့မှ ပြောင်းလဲမသွား ဘူး။ အစားထိုးလို့လည်း မရနိုင်ဘူး။ အဲဒါ နင်သိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ငါသိလည်း မသိချင်ဘူး"

"ထာ"

"ဒီမှာဖေသု"

လေသံမာမာနှင့် ထွာစကားကြောင့် ဖေသုရင်ဘတ်တစ်ခုလုံး မီးလောင်ပြာကျဖြစ်ကုန်ပြီ။ သူတို့အဖြစ်က ချစ်ပွဲမဝင်ခင်ကတည်းက အလွမ်းနဲ့ဇာတ်သိမ်းရတော့မှာလား။ သူ့အတွေးကတော့ သူနဲ့ထာသာ အဆင်ပြေလို့လက်ထပ်လိုက်ရင် လူကြီးတွေကိုစွ မျက်နှာပူပြီး ရပ်တန့် သွားလိမ့်မယ်လို့ တွေးထားတာ။

အခု ထာက ဒီလိုဆက်ဆံသတဲ့လား။ ကိုယ်တွေးသလို သူ မတွေးမိဘူးလား။ တစ်ဖက်မှရှိက်သံကို ကြားလိုက်ရပြီး –

"နောက်ထပ် နင် ငါ့ဖုန်းကို လုံးဝမဆက်ပါနဲ့။ နင်နဲ့ငါ ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"ဟာ ... ထာ နင် အဲဒီလိုလုပ်လို့ မရဘူးလေ။ ငါ နင်နဲ့ တွေ့ချင်တယ်။ နင်ထွက်လာခဲ့ဟာ တွေ့ရအောင်။ ဖုန်းနဲ့ပြောရတာ အဆင် မပြေဘူး။ နင်နဲ့ငါတွေ့မယ် အခု"

"မဖြစ်နိုင်ဘူး"

"ထာ"

"နင့်ကို ငါမုန်းတယ်။ နင် ... ငါနဲ့ပတ်သက်ဖို့ မကြိုးစားနဲ့"





"မရဘူးထာ။ နင် ငါ့ကို မမုန်းရဘူး။ နင်လာမှာလား မလာဘူးလား ဒါပဲပြော"

"လုံးဝမလာဘူး"

"နင်မလာရင် ငါလာမှာနော်"

"ငါ့အစ်ကိုတွေ အိမ်မှာရှိတယ်။ နင့်အသက်ကို နင်မနှမြောင် လာခဲ့"

"နင် ဖုန်းမချနဲ့ဦး ထာ"

ထာ ဖုန်းချမလို့လုပ်ပြီးမှ သူ့စကားကြောင့် မချဖြစ်သေးပေ။ အသံက အမိန့်ဆန်ဆန်ပေမယ့် အဲဒီအမိန့်ကိုပဲ နာခံလိုက်မိတဲ့ ကိုယ့် ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ပါဘူး။ နင် ဘာဖြစ်နေတာလဲ ထာ။ စိတ်ကိုတင်းထားစမ်း။ မဖြစ်နိုင်တာ သိနေလျက်နဲ့ ဖြစ်နိုင်ချေတွေ တွေးပြီး မျှော်လင့်မနေနဲ့။

ဖေသုနဲ့နင်။ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ချောက်ကမ်းပါးမှာ ရပ်နေတဲ့သူကို ရှေ့တစ်လှမ်းတိုးလိုက်တာနဲ့ မတွေးရဲစရာတွေဖြစ်လာမယ့် အခြေအနေကို ခေါင်းထဲကထုတ်ပစ်လိုက်စမ်းပါ။

"နင်သိနေပြီလား ထာ"

"___"

"နင်နဲ့ငါ့ကြားမှာ တားဆီးလိုက်တဲ့ စည်းက ဘာလဲဆိုတာ နင်သိနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငါ သိလိုက်ပြီ"

ဒီစကားကို အဆုံးသတ်ပြောပြီး ထာ ဖုန်းချလိုက်တော့ချ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်မှာစိုးလို့ ချင့်ချိန်လိုက်တဲ့ ကိုယ့်ဦးနှောက်မှာ အပြစ်ရှိတယ်ဆိုရင် ကြိုက်သလိုသာ နှလုံးသားကို ဒဏ်ခတ်လိုက်ပြ ပါတော့။

❋

## အခန်း (၁၇)

ဖြစ်နိုင်ရင် အရာအားလုံးကို မေ့ထားချင်လိုက်တာ။ လောက ကြီးက မတရားလိုက်တာနော်။ ဖြစ်သင့်ဖြစ်ထိုက်လို့ ချစ်သင့်ချစ်ထိုက် တဲ့ အရွယ်တွေကျတော့ ချစ်ခွင့်မရှိ မပတ်သက်ရတဲ့။ ဒါကြောင့် သဘာဝကို လွန်ဆန်ပြီး နှလုံးသားကို ထိန်းချုပ်ထားရတာ ပင်ပန်း ထိုက်တာ။

အဟွန်း။

သက်ကြီးရွယ်အို အိမ်ထောင်ရှင်တွေကျတော့ ဖြစ်ချင်သလို ဖြစ်ခွင့် ပျော်ခွင့်ပေးထားသည်လေ။ မဖြစ်နိုင်တာတွေကို ဖြစ်အောင်လုပ် နေသူတွေကြောင့် ဖြစ်သင့်ပြီး မချစ်ရတဲ့သူတွေရင်ထဲ နေလိုမီးပို



www.burmeseclassic.com

www.burmeseclassic.com



ပူနေခဲ့ရပြီပေါ့။ မိခင်မို့ အပြစ်တွေကြောက်ပြီး မမုန်းနဲ့ဆိုလို့ မမုန်းခဲ့ပါဘူး။ အမျက်ဒေါသလည်းမရှိ၊ ရှိစေတော့လို့ နေခဲ့ပေမယ့် နာကျင်မှုတွေတော့မရှိဘဲ နေပါ့မလား။

"ဒေါက် ... ဒေါက်"

"မမထာ"

"ဒေါက် ... ဒေါက်"

"မမထာ"

"ဝင်ခဲ့လေ"

တံခါးပွင့်သွားပေမယ့် ခိုင်ခင်က အခန်းထဲသို့ မဝင်ပေ။ ခေါင်းလေးသာ ပြူထွက်လာပြီး –

"မမထာရဲ့သူငယ်ချင်းတွေ ရောက်နေတယ် မမထာ။ အဲဒီကိုကြီးက လာခဲ့ပါတဲ့"

"ဩော် ... အေး လာပြီ"

ထာ ချက်ချင်းထလိုက်လာခဲ့၏။ အစကတည်းကလာဖို့ ချိန်းထားတာပဲလေ။ သူငယ်ချင်းတွေနဲ့ မတွေ့ဖြစ်တာလည်းကြာပြီ။ ပြီးတော့ အိမ်မှာနေရတာ မွန်းကျပ်လို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်မယ်၊ ဈေးဝယ်မယ်ဆိုပြီး ဖုန်းဆက်ခေါ်ထားတာ။ သူတို့လာမယ်ဆိုလို့ ကိုယ်ကလည်း အဆင်သင့်လုပ်ထားတာပဲလေ။

"ဟော ... ဟိုမှာ ညည်းတို့သူငယ်ချင်းလာပြီ"





"ထာ"

"ငါ ဖုန်းဆက်တာနဲ့လာပေးတဲ့အတွက် thanks you ပါ"

"ပြောနေရမယ့်သူတွေလား။ နင်နဲ့မတွေ့ရတာကြာတော့ ဒို့က တွေ့ချင်နေတာ။ နင် နည်းနည်းပိန်သွားတယ်နော်။ နေရေကောင်းရဲ့လား"

"ကောင်းပါတယ်"

ချစ်မင်းက ညီမဖြစ်သူကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး–

"အလှပြင်ထားပုံထောက်တော့ သူငယ်ချင်းတွေ အပြင်ထွက်ဖို့ ချိန်းထားတာထင်တယ်၊ ဟုတ်လား"

"ဟုတ်တယ် ကိုကြီး၊ ညီမလေး လိုက်သွားပါရစေနော်"

"အဆင်သင့်တောင်လုပ်ထားပြီးမှတော့ လိုက်သွားပေါ့။ သွားရင်လည်း စိတ်ကောက်ဦးမှာမဟုတ်လား"

ထာ စပ်ဖြီးဖြီးပုံစံနှင့် ရယ်လေလျှင် –

"ပိုက်ဆံရောရှိလား။ လိုသေးလား"

"တစ်သိန်းလောက်"

"ထင်သားပဲ"

ထာ့အစ်ကိုတွေကတော့ ထာ့ကိုချစ်ကြပါသည်။ ထစ်ခနဲဆိုဒေါသကြီးတတ်ကြတာလေးတစ်ခုပါပဲ။ အခုလည်း ထာ လက်ဖြန့်လိုက်တာနှင့် အိတ်ထဲကတစ်သောင်းတန်ဆယ်ရွက် ထုတ်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ထာ သူမမှာရှိနေသေးလို့ တစ်သိန်းပဲကောင်းတာပါ။

"ကိုကြီး"

"–––"

"ဒါဆို ညီမလေး သွားမယ်နော်"

"ကြွ ကြွ"

"ကိုကြီးကလည်း"

ထာ မျက်စောင်းလေးဝင့်ပြီး သူငယ်ချင်းတွေနှင့် ထွက်လာခဲ့တော့၏။ ထာ ကိုယ့်ကားကိုယ်မောင်းလာခဲ့တာလေ။ သူငယ်ချင်းတွေနဲ့မို့လို့ စိတ်ချလက်ချ ထည့်လိုက်တာပါ။

"ထာ"

"ဟင်"

"ဘုန်းမြတ်နဲ့ ငါ တွေ့သေးတယ် သိလား"

"အဲဒါ ဘာဖြစ်လဲ"

ချစ်စုက စိတ်မကောင်းသောမျက်နှာနှင့် –

"နင်နဲ့ဖေသုကို လူကြီးတွေက မပတ်သက်ခိုင်းဘူးဆိုတာ ကြားရတော့ ငါ တကယ်စိတ်မကောင်းဘူးသိလား။ ဘယ်လိုဖြစ်ကြတာလဲဟာ"

"အေးလေ ... အရင်ကတော့ နှစ်အိမ့်တစ်အိမ် မိသားစုလို နေလာကြပြီးမှ ဘာလဲ စီးပွားရေးကိစ္စ အတိုက်အခံတွေရှိလို့လား"





ထာ ဘယ်လိုပြောရမလဲ။ ဒီကို ဒီအကြောင်းပါလို့ သူငယ်ချင်းတွေကို ပြောပြရင်း ဖွင့်လို့မရတဲ့အဖြစ်ပါ။ ဒါကြောင့် ထာ သက်ပြင်းချလိုက်ပြီး –

"အဲဒီအကြောင်းတွေ ငါ ပြောမပြချင်ဘူး။ နင်တို့ မသိတာပဲ ကောင်းပါတယ်"

"မဟုတ်သေးဘူးလေ ထာရဲ့"

"ဟုတ်တယ်လေဟယ်"

"ဟာ ... နင်တို့ဟာကလည်း တစ်ယောက်က မဟုတ်သေးဘူး တစ်ယောက်က ဟုတ်တယ်နဲ့ ငါက ဘာလို့နားထောင်ရမှာလဲ"

"အဲ ... အဲဒါ ဟိုလေဟယ်"

ချစ်စု ရှင်းပြရခက်နေတော့ မေမီကပဲ –

"ဒီလိုလေ ထာရဲ့။ တို့က နင့်သူငယ်ချင်းတွေလေ"

"အဲဒီတော့"

"ဘာပဲဖြစ်ဖြစ် နင်တစ်ယောက်တည်း ကျိတ်ခံစားမနေနဲ့သေး။ တို့ကိုမှ ရင်မဖွင့်ရင် နင် ဘယ်သူ့ကိုသွားပြီးရင်ဖွင့်မှာလဲ။ တို့ကို ပြောပြလေနော်"

ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားပြီး ထာ့နှုတ်ခမ်းလေး တွန့်သွားလေသည်။ ပြောလိုက်ရင် ပက်လက်လှန်ပြီး တံတွေးထွေးသလို ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"မသိချင်ပါနဲ့ဟာ"

"ထာ"

"နင်တို့သာ မသိတာ၊ ငါ့ကိုယ်မှာ အပုပ်နံ့ကူးပြီး ယင်ကောင်တွေတောင် လိုက်နေပြီ"

"ဟင်"

ထာ့စကားကို နားမလည်ကြပေ။ ထို့ကြောင့် မေမီက –

"နင် ဘာကိုဆိုလိုတာလဲ ထာ၊ ရှင်းအောင်ပြောစမ်းပါဟ"

"ဟဲ့ ဟဲ့ ထာ ရှေ့မှာ"

"ဟာ"

"အမယ်လေး"

ချစ်စု များများသလဲပြုလို့ ကြည့်လိုက်တော့ နောက်က တ… လာတဲ့ကား ရှေ့မှာ ပိတ်ပြီးရပ်လိုက်တာ ရုတ်တရက်ကြီးပါပဲ။ … ဘရိတ်အုပ်လိုက်နိုင်လို့ တော်သေးတာပေါ့။ ဒါတောင် လက်မ… လေးလိုတော့တာပေါ့။ ဒါကိုပဲ မျက်စိမှိတ်ပြီး အော်သူကအော်၊ နား… ကယောင်ကတမ်း ပိတ်သူကပိတ်ပါပဲ။

ထာ ရှေ့ကကား ဘယ်သူ့ကားဆိုတာ သိလိုက်တာ… မျက်နှာက တင်းခနဲဖြစ်သွားပြီး –

"တောက်"

ဖေသု ကားတံခါးကိုဖွင့်ပြီး ဆင်းလာတာမြင်တော့ –





"ဟယ် ... ဖေသု"

"အဲဒီကောင် ဘာအရူးထကာလဲ"

"ထာ"

ထာ့ကားအနားသို့ ဖေသုရောက်လာပြီး ခေါ်လေလျှင် ထာ့မျက်နှာ ပိုတင်းသွားလေ၏။

"နင် အဲဒါ ဘာလုပ်တာလဲ"

"ငါက နင့်ကို အရိပ်လိုကြည့်နေတဲ့ကောင်လေ။ နင်နဲ့တွေ့ပြီး အေးအေးဆေးဆေး စကားပြောချင်လို့ လိုက်လာတာ"

"နင်နဲ့ငါ့ကြားမှာ ဘာမှပြောစရာစကားမရှိဘူး ဖေသု"

"ဟာ ... ထာ"

ထာ ချက်ချင်းပဲ မျက်နှာလွှဲပစ်လိုက်၏။ မဖြစ်နိုင်တဲ့အကြောင်းတရားတွေရှိနေတာ သူ မသိဘူးလား။ သူ ဖွတ်တိုးမိုက်ချင်သမယ့် ကိုယ်က မမိုက်နိုင်ဘူးလေ။ လူတွေရဲ့ခေါင်းထဲမှာ သဘာဝတရားက ဦးနှောက်ဆိုတာကိုထည့်ပြီး မွေးဖွားပေးထားတာ စဉ်းစားချင့်ချိန်တတ်ဖို့။

နှခေါင်းမပါရင် မစင်တောင်စားလောက်တဲ့ အသိဉာဏ်မျိုးနဲ့ ကိုယ်ပျော်ဖို့တစ်ခုအတွက်ပဲ ကြည့်ရမှာလား။ ဒါ ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ကိုယ့်အတွက်သာ သီးသန့်စဉ်းစားလိုက်တာလေ။ မီးတွေမွှားချင်တော့ပါဘူး။ ကိုယ့်အစ်ကိုတွေကို ထောင်ထဲပို့မယ့်ညီမ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါရစေနဲ့တော့။

"နင် အဲဒီလိုမပြောနဲ့လေဟာ။ သံယောဇဉ်ဆိုတာ သွားနဲ့ ကိုက်ဖြတ်လို့ရတဲ့ အပ်ကြိုးမဟုတ်ဘူး။ နင်သိလား။ လူကြီးတွေရဲ့ ကိစ္စဖယ်ထားပြတ်သွားဖို့လည်း နင်နဲ့ငါ လက်ဦးမှုရရင် ဖြစ်တယ်"

"ဘာ"

"နင်နဲ့ငါ လက်ထပ်ကြရအောင် ထာ ရယ်နော်"

"နင် ရူးနေလား"

"ထာ"

ဖေသု ကားတံခါးကိုဖွင့်ပြီး ထာ့လက်ကိုဆွဲလေတော့–

"နင် ဘာလုပ်တာလဲ ဖယ်စမ်း"

"ထာ နင် ငါ့စကားကို နားမထောင်ရင် ငါ့အဆိုးမဆိုနဲ့နော် ငါ နင့်ကိုအရမ်းချစ်တယ်"

"သေလိုက်၊ လဲသေလိုက်"

"နင်သေခိုင်းရင် ငါသေရဲတယ်။ ငါ နင့်ကို အဆုံးရှုံးမခံနိုင် ဘူး။ အခု နင် ငါနဲ့လိုက်ခဲ့"

ထာ လက်ကိုရုန်းနေရင်းမှ ငြိမ်သက်သွားလေ၏။ ပြီး ဖေသု ကို စူးစူးရဲရဲ ကြည့်လိုက်ကာ –

"နင် ဖယ်၊ ကားပေါ်ကဆင်းပြီး ပြောကြတာပေါ့"

ထာ့စကားကြောင့် ဖေသု ထာ့လက်ကိုလွှတ်ပေးလိုက်၏။





ထာ ကားပေါ်ကဆင်းသွားတော့ လိုက်ကြည့်နေတဲ့ ချစ်စုနဲ့မေမီမှာ ရင်တထိတ်ထိတ်နှင့်ပါ။ ဘာတွေများဖြစ်ကြမလဲပေါ့။ ဖေသုက အဆုံး မခံနိုင်ဘူးတဲ့။ ထာက ဘယ်လိုတုံ့ပြန်မှာလဲ။ ဖေသု ခေါ်တဲ့နောက်ကို ထာများလိုက်သွားရင် –

ထာ့အစ်ကိုက သူမတို့နဲ့ ယုံကြည်စိတ်ချလို့ ထည့်လိုက်တာ လေ။ အပြစ်က ကိုယ်တွေခေါင်းပေါ်ပဲ ကျလာဦးမှာ။ ဘုရား ဘုရား မဖြစ်ပါစေနဲ့။

"နင်ဖြစ်ချင်တာတွေ စွတ်မပြောနဲ့ ဖေသု။ ငါ့ဆန္ဒကို နင် သိရသေးဘူး"

"ထာ"

"နင့်ကို ငါ အဖြေမပေးရသေးဘူး"

ဖေသု တွေခနဲဖြစ်သွားပြီး –

"အဲဒါဆို ဖြေလေဟာ။ တို့မှာ အချိန်မရှိတော့ဘူး"

"ဖြေမှာပါ"

ဖေသုကိုစိုက်ကြည့်နေတဲ့ ထာ့ပုံစံက ဘာလဲ။ ဒါကို ဖေသု တွေခဲ့တတ်ပေ။ ကိုယ်လိုချင်တဲ့ အဖြေတစ်ခုကိုပဲ မျှော်လင့်ကာ စောင့်နေစဉ် ထာ့လက်တစ်ဖက် လှုပ်ရှားသွားတာကိုမြင်ပြီး –

"ဖြန်း"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်"

ဖေသု ပါးတစ်ဖက်မှာ မီးပွင့်သွားလေ၏။ ဒီလိုလုပ်လိမ့်မယ်လို့ ထင်မထားပါဘူး။ သူမျှော်လင့်ထားတာက ဒါမဟုတ်ဘူးလေ။ ပါးတစ်ဖက်ကို ပွတ်၍ အံ့ဩစွာနှင့် ထာ့ကို ပြန်ကြည့်လိုက်ကာ–

"ထာ ... နင် နင်"

"အဲဒါ ငါ့အဖြေပဲ ဖေသု"

ပြောပြီး ချာခနဲလှည့်ထွက်သွားတဲ့ ကျောပြင်ကိုကြည့်ရင်း ရင်ဘတ်ထဲမှာ နာကျင်မှုမျိုးစုံခံသွားလေ၏။ မျက်ရည်တွေ ချက်ချင်းဝေ့တက်လာပြီး နောက်ကလိုက်သွားမယ်လုပ်တော့ ထာ့ကားလေးဟာ လျှောခနဲထွက်သွားလေပြီ။

"ထာ"

"-----"

"ထာဝရ"

"-----"

"ရက်စက်လိုက်တာ ထာရယ်။ နင် အရမ်းရက်စက်တာပဲ ဟာ"

ယောကျ်ားမပီရဘူးလို့ ဘယ်သူက အမိန့်ချမှတ်ထားပါသလဲ။ ဒြော် အချစ်ဆိုတဲ့အရာရယ် သူများတွေအတွက် ချိုမြိန်သတဲ့။ ကိုယ့်အတွက်ကျမှ ဘာလို့များ ဒီလောက်ခါးရတာလဲ။





"ဟာကွာ"

ရင်ထဲက နင့်သီးမှုတွေကို လက်မှာအားထည့်ပြီး အပြစ်မရှိတဲ့ ကားကိုသာ ပြေးထိုးချလိုက်မိ၏။ ဒါ မကျေနပ်မှုရဲ့ ထွက်ပေါက်ပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"စံ"

"ဟင်"

"အတူနေချင်ပြီ စံရယ်။ ကိုယ်တို့ လက်ထပ်ကြရအောင် နော်"

ဒေါ်မင်းမင်းစံ လက်တစ်ဖက်က ဦးဇေယျခါးကို ပြန်ဖက် လိုက်ကာ ကျန်လက်တစ်ဖက်က ဦးဇေယျမေးစေ့ကို ပွတ်ပေးလိုက်ရင်း

"သိပ်အကဲပိုတာပဲ။ အခုလည်း အတူတူနေရတာပဲဥ ကိုဇေရဲ့"

"မတူဘူးလေ စံရဲ့၊ အခုက ခိုးကြောင်ခိုးဝှက်နဲ့နေရတာ





ခိုက်သေးပါဘူး။ အိမ်ကဟာမကြီးကလည်း နေ့တိုင်း ပူညံပူညံနဲ့ ကိုယ် တော်တော်ကို စိတ်ပျက်နေတာ။ အဲဒါကြောင့် စံနဲ့အတူ ကိုယ် ပျော်ပျော်ရွှင်ရွှင် နေချင်ပြီ"

"အိမ်ကဟာမကြီးက ဘာတွေပြောလို့လဲ"

"ကိုယ့်ကို မသတီတော့ဘူးတဲ့လေ"

"ဟင်"

ဒေါ်မင်းမင်းစံ ဦးဇေယျနှင့် ကိုယ်ချင်းခွာလိုက်၏။ ကိုယ်နဲ့ ကောင်းတဲ့ယောကျ်ားကို အခြားမိန်းမတစ်ယောက်က မသတီဘူးပြော တော့ မခံချင်ဘူးပေါ့။

"သူက မသတီရအောင် ကိုဇေနဲ့မကောင်းတဲ့စံက နူနေ ဝဲနေ သို့လား။ မသတီရင် သူ ကိုဇေနဲ့မပေါင်းနဲ့လေ ရှင်းရှင်းလေးပဲ"

"ကြည့် . . . သိစေချင်လို့ပြောပြတာကို စိတ်ကောက်တာ လား။ ပြောပါဦး . . . စံဟာကြီးကရော ဘာမှမပြောဘူးလား"

"နေမလား ပြောတာပေါ့။ သူ့ထက်ပိုဆိုးတာက သားတွေ။ အခု သူတို့က စံနဲ့မျက်နှာချင်းတောင် မဆိုင်ကြတော့ဘူး။ စံကလည်း ရှုမစိုက်ပါဘူး။ ကိုဇေ မျက်နှာတစ်ခုရှာ . . . အဲလေ ထစ်မြို့ထင်ပြီး ကိုယ့်မိသားစုကို ဆန့်ကျင်နေရတာ လွယ်သလား"

"သိပါတယ်ဗျာ သိပါတယ်။ အဲဒါကြောင့်ပဲ ကိုဇေက စံကို ချစ်နေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"ဆယ်ကယ်"

ဦးဇေယျ၊ ဒေါ်မင်းမင်းစံကို ဖက်ထားမိတာ လွတ်ထွက်သွားမှာစိုးသည့်အလားနှယ်။ အရည်အချင်းနဲ့ အလှအပချင်းတူရင်တောင် အိမ်ကမယားထက် စံက အပြောပိုချိုသည်လေ။ ဒါကြောင့်ပဲ ဒီနွံထဲက ရုန်းမထွက်နိုင်တာပေါ့။ အမှောင်တကာ့အမှောင်ထဲမှာ ဒီအမှောင်က အမှောင်ဆုံးပါပဲ။

ဘယ်သောအခါမှ အလင်းရောင်မမြင်နိုင်သောအမှောင်းရုက်ခြင်းတရား ကြောက်ခြင်းတရားတွေကင်းမဲ့လို့ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားရကောင်းမှန်းတောင် မသိကြတာလေ။ သိက္ခာဆိုတာလည်း မသိ၊ သားသမီးတွေကိုယ်စီရှိကြသည့်တိုင် သားသမီးတွေရဲ့ အနာဂတ်ကို အပုပ်နံ့ပေးပြီး ဖျက်ဆီးသူတွေ။

"ကိုယ်ပြောတာ ဘယ်လိုသဘောရလဲ စံ"

"ဟင် . . . ဘာကိုလဲ"

"လက်ထပ်ကြမယ်လို့"

"အင်း"

"လိမ္မာတယ်၊ အာဘွား"

"အို . . . ကိုဇေ"

ကိုယ့်အသက်အရွယ်ကိုမှ မထောက် ဖြစ်နေကြပုံက ကလေး





တလားတွေ။ သားသမီးတွေ သိထားတဲ့အခြေအနေက အဖျားအနားလောက်ပါပဲ။ အရင်းအမြစ်ဖြစ်တဲ့ ခုလိုအခြေအနေကိုသာသိကြရင် ရှက်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြမလား မပြောတတ်ပေ။

"အင်းဆိုပြီး ဘယ်တော့လစ်ကြမလဲဆိုတာ ပြောဦးလေ စံရဲ့"

ဒေါ်မင်းမင်းစံ စဉ်းစားသလိုလေးလုပ်ပြီးမှ –

"ကိုဇေက စိတ်ချရပါ့မလား"

"ဟင် . . . ဘာကိုလဲ"

"စံနဲ့လက်ထပ်ပြီးရင် အခုလိုပဲ နောက်ထပ်ဖောက်ပြန်ရင် ဘယ်လိုလုပ်မလဲ"

"ဟား ဟား ဟား"

ဦးဇေယျ ရယ်လိုက်မိ၏။ အတူတူချင်းကို နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ချင်နေသေးတယ်။ သူကရော နောက်ထပ် စိတ်ချရပါ့မလား။

"ဟင် . . . ဘာရယ်တာလဲ"

"အတူတူချင်း ကိုစံရယ်၊ စံကရော စိတ်ချရပါ့မလား။ ကိုယ့်ဘက်ကတော့ စိတ်ချ။ နောက်ထပ်ဆိုတာ ရှိမလာစေရဘူး။ စံကိုပဲ သေတပန် သက်တစ်ဆုံး ပေါင်းသင်းသွားပါတော့မယ်လို့ ကတိပြုပါတယ်"

"စံလည်း အတူတူပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကတိနော်"

"ကတိ . . . ကတိ"

"အရမ်းချစ်ဖို့ကောင်းတာပဲ"

ပေါက်ပျားရော မိန်းမရော နိုးစားတဲ့အသီးက ပိုချိုတယ်လို့ ထင်နေကြသလားတော့မသိပေ။ လူတိုင်းကိုမပြောလိုပါဘူး။ ဦးဖေယု နဲ့ ဒေါ်မင်းမင်းစံပေါ့။ ရှက်တတ်ရင် လဲသေဖို့ကောင်းတဲ့အဖြစ်ကို သူတို့ အဟုတ်ကြီးထင် ပျော်မွေ့နေတာ။ ဟိုဘက် ဒီဘက်မိသားစု နှစ်ခုရှုံပေါ့။

သောကတွေ . . .

ပူလောင်မှုတွေနှင့်

သားမျက်နှာ၊ သမီးမျက်နှာဆိုတာ အခုချိန်မှာ သူတို့အတွက် ဘာပါဝါမှမရှိပေ။

"လက်ထပ်ကြပြီဆိုရင် ကိုယ်က အပြစ်ရှိသူဆိုပြီး အကုန် လုံး ခါချခဲ့လို့တော့ မရဘူးနော် ကိုဖေ"

"ဟင်"

"စံပြောတာ သဘောပေါက်ရဲ့လား"

"စံ ဘာကိုပြောတာလဲ"

"ကိုဖေကလည်း ဂိန်းလိုက်တာ။ လက်ဖဝါးရှည်းမှုတ်နေလို့ မရဘူးလို့ ပြောတာ။ စံတို့ရှေ့ရေးအတွက် ရသလောက်သာ သားလာနဲ့





အဲဒါမှ ပျော်ပျော်ရွှင်ရွှင် နေရမှာလေ။ မဟုတ်ရင် စားရေး နေရေး ပူပန်နေရတာနဲ့"

"အင်း . . . ကိုယ် သဘောပေါက်ပြီ၊ ပါရမှာပေါ့ စံရဲ့၊ ဒါနဲ့ စကာရော"

"အတွင်းပစ္စည်းအားလုံးက စံလက်ထဲမှာလေ"

"Ok"

ရယ်သံတွေ ခိုးခိုးခစ်ခစ် ထွက်လာလေ၏။ တယ်လည်း အပေးအယူမျှပါ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုသူတွေအတွက် ဆော့ ဒီလိုဖြစ်တာ ပျှမ်းလေးပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဇေသု အိပ်မပျော်တာနှင့် ဝရန်တာဘက်သို့ထွက်လာခဲ့ရာ ဖေဖေနဲ့မေမေရဲ့ အခန်းရှေ့က ဖြတ်အလျှောက် အခန်းထဲက စကား ပြောသံတွေကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ ဘာတွေများ ပြောနေကြသလဲဟု တံခါးနားကို တိုးကပ်သွားပြီး တံခါးကို တွန်းကြည့် လိုက်တော့ –

"ရှင်ကလေ ပြောလိုက်ရင်တော့ အကောင်ကြီး။ စားတော့ ပုစွန်ဆိတ်ခေါင်းတာမျိုးပဲ။ ဟွန်း . . . ပြောလိုက်တော့ သားအတွက် ငါက အရာရာဖြစ်စေသတည်း ဖန်ဆင်းရှင်တဲ့၊ အခု ရှင် သားမျက်နှာ ကို မငဲ့တော့ဘူးတော့။ ရှင့်လုပ်ရပ်ကြောင့် သားရင်ထဲမှာ ဘာတွေ





ဖြစ်နေသလဲ ရှင်သိလား"

"အရင်တုန်းက ပြောခဲ့တာတွေကို မင်း လေ့နံ့မှားထင် မှတ်မထားနဲ့လေ။ လူ့စိတ်က မျောက်စိတ်နဲ့အတူတူလို့အဆိုရှိတယ်။ ပြောင်းလဲတာ မဆန်းဘူး"

"ဒါဆို ရှင်က ရှေ့ဆက်တိုးမယ်ပေါ့"

"ဟုတ်တယ်"

ဒေါ်စုစုမှာ ရူးရူးစိုက်စိုက်ကြည့်လိုက်မိပေမယ့် မအံ့ဩတော့ ပါဘူး။ လိုက်ချောင်းဖို့မလိုအောင် ရှင်းရှင်းလင်းလင်းသိပြီးသားကိစ္စ ဘာဆက်ပြောနေရတော့မှာလဲ။ ကိုယ့်ဘက်က စည်းတွေဘောင်တွေ ဘယ်လိုပဲ ခတ်ခတ် ဖောက်ပြန်ချင်တဲ့သူက ဖောက်ပြန်မှာပဲလေ။

ဒါကို တားနေရဦးမှာလား။

သူကမှမကြောင်တော့ရင် ကိုယ်ကမခင်တွယ်ရုံပဲ ရှိတော့တာ ပေါ့။

"မင်းက ငါ့ကို မသတီသလို ငါလည်း မင်းကို စိတ်ကုန်နေ တာ ကြာပြီ။ အဲဒီတော့ ငါလျှောက်မယ့်လမ်းမှာ မင်း ခလုတ်ကန်သင်း မဖြစ်စေနဲ့"

"စိတ်ချ . . . လုံးဝမဖြစ်စေရဘူး။ ဒီမှာ ကိုဇေယျ"

"ဘာလဲ"

ဒေါ်စုစုမှာ နှုတ်ခမ်းလေးမဲ့ခနဲဖြစ်သွားပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မသိလို့ပါ။ သစ္စာဆိုတာ ရူးတတ်တယ်။ ကျွန်မသစ္စာတွေ ရူးလို့ ရှင် ဒုက္ခရောက်တဲ့နေ့ ကျွန်မကို သမင်လည်ပြန်လှည့်မကြည့်နဲ့။ မျက်စောင်းထိုးပြန်ကြည့်ဖို့တောင် ကျွန်မမှာ စိတ်ကူးရှိမှာမဟုတ်ဘူး"

"ဟား ဟား ဟား"

ဦးဖေယျ ရယ်လေတော့ ဒေါ်စုစုမာက မဲ့ပြုံးနှင့် တုံ့ပြန်လေသည်။ သူ့ရယ်နိုင်တုန်း ရယ်ထားပေါ့။ အဲဒီရယ်မောခြင်းတွေ ဘယ်လောက်သက်တမ်းရှည်မလဲဆိုတာ သိချင်ပါသေးတယ်။ မင်းမင်းစံကလောင်းကစားသမားလေ။ ဦးဖေယျလည်း အတူတူပဲပေါ့။ ကိုယ်ကတစ်ဖက်တစ်လမ်းက စီးပွားရေးလုပ်ပြီး ထိန်းထားနိုင်လို့သာ ဒီအခြေအနေ၊ ဒီစည်းစိမ်တွေ တည်မြဲနေတာ။

လောင်းကစားသမားနှစ်ယောက် ပေါင်းမိပြီး သူတောင်မယ့်အိမ်ထောင်ရေး။ ရှေ့ရေး တွေးမိပါသေးတယ်။ သူမ ဝင်မကျွတ်ပြီလို့ပဲ သဘောထားလိုက်မည်လေ။ ကိုအောင်ထိုက်လည်း ဒီလိုပဲ ရှိနေမှာပါ။

"မင်း ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတဲ့မိန်းမပဲ စောင့်ကြည့်လိုက်လေ။ ငါ မင်းကို သမင်လည်ပြန်ကြည့်လာမလားဆိုတာ"

ဖေသု ဆက်မကြားချင်တော့ပါဘူး။ ဒါကြောင့်မို့ . . . ထွက်





လာခဲ့သည့်နောက် ထာတို့ခြံဘက်သို့ကူးလာခဲ့သည်။ အရင်တုန်းကသာတို့ အိမ်ကို သူ့ ကိုယ့်အိမ်လိုသဘောထားပြီး တံခါးမရှိ၊ ဓားမရှိဝင်ခွင့် ထွက်ခွင့်ရနေတော့ ဘယ်နေရာမှာ ဘာရှိသည်ဆိုတာ ဖေသုအကုန်လုံးသိသည်လေ။

ဖေဖေနဲ့ ဒေါ်မင်းမင်းစံသာ ရှေ့ဆက်တိုးကြရင် . . .

ထာနဲ့သူ့ ဝေးပြီပေါ့။

ဘယ်လိုမှ ပေါင်းစပ်လို့မရအောင် စည်းခြားသွားမယ့်အဖြစ်ကို ဖေသု လက်မခံနိုင်ပေ။ ဒါကြောင့် ကိုယ်က လက်ဦးမှုရယူထားမှသာမှ ဖေဖေတို့ကိစ္စလည်း သူ့အလိုလို အဆုံးသတ်သွားမှာ။ ခမည်းခမက်တော်စပ်သွားရင် ရှေ့ဆက်မတိုးရဲအောင်တော့ သူတို့ ရှက်တတ်မှာပါလို့ ယူဆလျက် ကိုယ့်စိတ်ကူးနဲ့ကိုယ်တော့ ပါးစပ်ဆိုင်းမှာတော့ ငါ ဗိုလ်ပဲပေါ့လေ။

"အေး . . . ပြော ချစ်စု ငါကြားတယ်"

"ပြောမှာ ပြောမှာ။ ဟိုနေ့ကကိစ္စ ငါ အခဲမကျေဖြစ်နေတာသိလား"

"ဘာကိုလဲ"

"နင် ဖေသုကို ပါးရိုက်လိုက်တာလေ။ နင့်ဘက်က အဲဒီလောက် တင်းမာသွားတာ ဘာကြောင့်လဲဆိုတာကို သိချင်တာ။ နင်ဘာကာယ်ပြုတ်နိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမေးစရာဖြစ်အောင် သံယောဇဉ်တွေက ခိုင်မာခဲ့တာကို သူတို့သိနေကြတာပဲလေ။

"ဘာလို့ မပြတ်နိုင်ရမှာလဲ ခမည်းပေးပစ္စည်းမှ မဟုတ်တာ။ ခမည်းပေးပစ္စည်းတောင် ကျပျောက်ရင်နေရသေးတာပဲ ဥစ္စာ"

"နင် ထာဝရဖြူမှ ဟုတ်ရဲ့လားဟယ်"

"ငါက ထာဝရဖြူမဟုတ်လို့ ဘယ်သူဖြစ်ရဦးမှာလဲ"

"မသိဘူးလေ၊ နင့်ကို ဇေသုအပေါ် အဲဒီလောက်မလုပ်ရက်ဘူးလို့ထင်ထားတာ။ ခုတော့ ဇေသု သနားပါတယ်"

ထာ သက်ပြင်းချလိုက်မိ၏။ ကိုယ်လည်း ဘယ်စိတ်ကောင်းပါ့မလဲ။ ကိုယ့်လက်တောင်နာတာ သူ့ပါးပြင်က သံမဏိမျက်နှာဖုံး စွပ်ထားတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ဖြစ်မှမဖြစ်နိုင်ကြတော့တာ။

"ထာ"

"ဟင်"

"နင်တို့နှစ်ယောက်ကြားမှာ တို့မသိအောင် ဖုံးကွယ်ထားတဲ့ ကိစ္စတွေ ရှိနေတယ် မဟုတ်လား"

"ဟုတ်တယ် ချစ်စု"

"ဒါဆို ငါ့ကို ပြောပြပါလား"

မပြင်နိုင်မှန်းသိပေမယ့် ခေါင်းခါလိုက်မိကာ –

"မသိချင်ပါနဲ့ ချစ်စုရယ်။ ငါ မပြောပြပါရစေနဲ့။ ငါ့မှာ ပြော





ဖို့ အင်အားမရှိဘူးဟ"

"ဘာအကြောင်းမို့လို့ နင် မပြောပြနိုင်ရတာလဲ။ ငါက နင့်ရဲ့ အချစ်ဆုံးသူငယ်ချင်းလေ။ ငါ့ကိုတောင် မယုံတော့ဘူးလား"

"ကျိမ်း"

"အမေ့"

ကိုယ့်အခန်းတံခါးပိတ်သံကြားလို့ လန့်ဖျပ်ကြည့်လိုက်တော့ ထာ မျက်လုံးလေးဝိုင်းသွားရသည်။ တကယ့်မယုံနိုင်စရာလေး။ ဇေသု ဘာလို့ အသံမပေးဘဲ ကိုယ့်အခန်းထဲကိုရောက်လာတာလဲ။

"ဇေသု"

"ဇေသု ဘာဖြစ်လဲ ဆက်ပြောလေ"

ဇေသုကို ခေါ်လိုက်တာကိုပဲ ချစ်စုက ဇေသုအကြောင်း ပြောမယ်ထင်ပြီး ဆက်ပြောခိုင်းလေတော့ –

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ။ ထာ . . . နင်ဘာဖြစ်နေတာလဲ"

"ဟင်"

ဇေသု ထာ့လက်ထဲက ဖုန်းကိုယူပြီး ချပစ်လိုက်၏။ ပထမတော့ ထာ ကြောင်နေပြီး နောက်မှ –

"ဇေသု နင် ဘယ်ကနေဘယ်လို"

"ဘယ်လိုရောက်လာတာလဲလို့ မမေးနဲ့။ နင် အခု [illegible]လိုက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့"

"ဘာ"

"လာ"

လက်ဆွဲခေါ်မယ်လုပ်တော့ ထာဝရ နောက်ဆုတ်သွားကာ—

"နှင် နှင်ထွက်သွားနော် ဖေသု။ ငါ့အခန်းထဲကို ဘာလာလုပ်တာလဲ။ ခုထွက်သွား"

"မသွားဘူး။ နှင်မပါဘဲနဲ့ ငါ လုံးဝမသွားဘူး။ ငါ နှင့်ကိုအဆုံးရှုံးမခံနိုင်ဘူး ထာ။ အဲဒါကြောင့် နှင်ငါနဲ့လိုက်ခဲ့ပါ ...ဟာနော်။ တို့နှစ်ယောက် သူတို့နဲ့ဝေးရာကို ထွက်သွားကြမယ် ...လာပါဟာ"

"နှင် ရူးနေလား ဖေသု။ ငါ့အစ်ကိုတွေ တွေ့သွားရင် နှင်မလွယ်ဘူးနော်၊ ထွက်သွားပါ"

"သတ်ပါစေ၊ နှင့်အစ်ကိုတွေ ငါ့ကိုသတ်လည်း ငါအသတ်ခံမယ်။ အသက်ရှင်လျက်နဲ့တော့ နှင်နဲ့အဝေးမခံနိုင်ဘူး"

"လွှတ်စမ်း ဖေသု"

"မလွှတ်ဘူး"

"ကဲ"

"ဖြန်း"

ကိုယ့်ရဲ့လွတ်လမ်းအတွက်နဲ့ အကြမ်းဖက်ခြင်းကို လက်ခံ

နိုင်စွာ ဖေသု ပါးကိုရိုက်ချပစ်လိုက်တာဖြစ်၏။ ဖေသု ပါးတစ်ဖက်နာကျင်သွားပေမယ့် မပွတ်မိဘဲ ထာ့ဘက်သို့ မျက်နှာပြန်လှည့်အလာမှာတော့ –

"နှင် ငါ့ပါးကို ဒုတိယအကြိမ် ရိုက်လိုက်ပြန်ပြီနော်"

"_____"

"ရတယ် နှင်က ပါးရိုက်လေ၊ ငါက ပိုချစ်လေပဲ"

"ဟင်"

ဖေသုက သူ့မပခုံးကို ချုပ်ကိုင်လေတော့ ထာ ရုန်းပေမယ့်မရပေ။ အနမ်းတွေ ဆက်တိုက်ကျလာတာမို့ –

"လွှတ် ... လွှတ်စမ်း"

"_____"

"ဖေသု"

"_____"

"နှင်မယုတ်မာနဲ့နော်"

ဖေသုတစ်ယောက် ခုမှ မျက်စိကန်းနားကန်းနေတဲ့သူလိုပါ။ ထာ့စကားသံတွေကို မကြားသည့်အလား။ ကမူးရှူးတိုးနှင့်ထာ့မျက်နှာအနှံ့ နမ်းနေ၏။ ထာလည်း အင်အားရှိသလောက် ရုန်းသော်မယ့် အချည်းနှီးပါပဲ။ ဖြူစင်သန့်ရှင်းတဲ့ ပန်းလေးတစ်ပွင့် အချစ်ကြီးသူတစ်ယောက်၏လက်တွင်းမှ ရုန်းမထွက်နိုင်စွာ နွမ်းကြေရတော့မှာ





www.burmeseclassic.com

www.burmeseclassic.com

လား။

ဖေသုကလည်း ဒီလိုစိတ်တွေ ချိုးနှိမ်မရလို့ ဒီအဖြစ်ကို ဖန်တီးလိုက်တာမဟုတ်ပါဘူး။ ထာ့ကို ဆုံးရှုံးလိုက်ရမှာကြောက်လို့ ဒီလိုဖြစ်သွားရင် ထာ သူ့ကို မပြစ်မနေ လက်ထပ်မှာပဲဆိုတဲ့ အတွေးနဲ့ စိတ်ယုတ်မာမွေးခဲ့မိတာပါ။

အဲဒီအတွက် အပြစ်ရှိတယ်ဆိုရင်လည်း ထာ ခွင့်မလွှတ်ရင် နေပါစေ ...

သူ့ဘက်ကသာ ခွင့်လွှတ်ခြင်းနဲ့ ချစ်နေပါမည်။

"လူယုတ်မာ"

"ဖြန်း"

"---"

တတိယအကြိမ် ရိုက်ချက်က ပိုပြင်းသည်ထင်ပါ့။

"နင် နင် တော်တော်ယုတ်မာတာပဲ ဖေသု။ နင် ခုလို ငါ့ဘဝကို ဖျက်ဆီးလို့ ငါ့အချစ်ကို ရလိမ့်မယ်လို့ နင်မထင်နဲ့။ နင့်ငါ ဘယ်တော့မှ လက်မထပ်ဘူး"

"ထာ"

"အခု နင့်ကြောင့် ငါ့ဘဝပျက်သွားပြီ။ ပျက်တဲ့အတိုင်း ငါ နေပြမယ်"

"မရဘူး။ နင် အခု ငါနဲ့လိုက်ခဲ့ရမယ်"





"နင် ရအောင်ခေါ်သွားလေ။ ငါ့ကိုယ်ငါ အဆုံးစီရင်လိုက်မယ် မယုံမရှိနဲ့"

"ထာ ... နင်ဟာ ငါ့ရင်ထဲကို ဝင်ကြည့်စမ်းပါ"

"တော် ... မပြောနဲ့။ နင့်ကိုငါ အရမ်းမုန်းတယ်၊ မုန်းတယ်"

ပြောပြီး ထာအခန်းထဲကနေ ထွက်သွားလေတော့၏။ ဖေသု နားထဲမှာ မုန်းတယ်ဆိုတဲ့စကားက ပဲ့တင်ထပ်လို့ပါ။

ဟူး ... ရက်စက်ပါပေ့ ထာရယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ခုတော့ ပန်းတွေလည်း မမွှေး၊ စမ်းရေလည်း မအေးဆိုသလို တာမြင်ရသမျှအရာတို့သည် အရုပ်ဆိုး အကျည်းတန်ကုန်ကြလေပြီ။ စိတ်ကနွမ်းနေတော့ ပန်းတွေလည်း မလန်းတော့သလိုပါပဲ။ ခြံထဲမှာ ရှိတဲ့ စိမ်းစိမ်းစိုစိုအပင်တို့သည်လည်း အရောင်တွေမှုံခြောက်နေတယ်လို့ ထင်ရအောင် စိတ်၏ ညစ်ညမ်းမှုက အရာရာကို မှေးမှိန်သွားစေတာ။

ဒါကြောင့် ထာ ခြံထဲကနေ အိမ်ထဲသို့သာ ပြန်ဝင်လာခဲ့တော့၏။ ကိုယ့်အဖြစ်က ဘဝတစ်ခုနဲ့ သက်ဆိုင်တာတောင် သူများကို ရင်ဖွင့်ပြောပြလို့မရ။ ဘယ်သူ့ကို ပြေးတိုင်တန်းပြီး ငိုကြွေးရမလဲ





သူဖြစ်ချင်သလို ကိုယ်ကဖြစ်ခွင့်မှ မပေးနိုင်ဘဲလေ။ သူ့အဖေနဲ့ ကိုယ့်အမေက . . . မကောင်းခဲ့ကြတာ အပုပ်နံ့ တထောင်းထောင်းနဲ့ကြားမှာ . . . ။

ကိုယ်တွေက အပုပ်နံ့ခံပြီး ထပ်လုပ်နေရဦးမှာလား၊ ရက်ဘတ်ရင် မျက်နှာချင်းတောင် မဆိုင်သင့်တော့တာ။ ထာ ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေစဉ် –

"ဟာကွာ . . . တောက်"

"ဝုန်း"

"ခွမ်း"

"ရှက်ဖို့ကောင်းတယ်၊ အရှမ်းရှက်ဖို့ကောင်းတယ်ဗျာ။ ဒီမျက်နှာကို ဓားနဲ့လှီးပစ်ချင်တယ်"

"သားငယ် မလုပ်နဲ့"

"ခွမ်း"

ချစ်လင်း ဒေါသကိုမထိန်းနိုင်ဘဲ တွေ့သမျှ ဆွဲလွှဲလွှင့်ပစ်နေသည်။ ဦးအောင်ထိုက် သားငယ်ကိုလည်း ဆွဲရ၊ သားကြီးမှာလည်း

"မေမေ လုပ်ရက်တယ်ဗျာ။ သားသမီးတွေမျက်နှာကိုမှ မထောက်။ ကျွန်တော်တို့ လူပုံအလယ်မှာ ဘယ်လိုမျက်နှာပြရတော့မလဲ"

ထာ အပြေးလေးသွားပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ကြတာလဲဟင် မေမေ"

"သမီးမေမေ"

ဦးအောင်ထိုက် ပြောမထွက်စွာ ခေါင်းငိုက်စိုက်ချသွားလေတော့၏။

ချစ်လင်းကပဲ –

"ဟိုလူကြီးနဲ့ လိုက်ပြေးသွားပြီလေ။ ဒီနေ့ကစပြီး တို့မှာ အမေ မရှိတော့ဘူး။ တို့အမေဆိုတာ သေသွားပြီ။ သားသမီး မကောင်းတော့ မိဘခေါင်းတဲ့။ အခု မိဘမကောင်းတာကျတော့ ဘယ်သူ့ဆီမှာ တိုင်ရမလဲ။ ပြောကြပါဦးဗျာ၊ ပြောကြပါဦးဗျာ"

"အဟင့်"

"ရှက်တယ်၊ အဲဒီလူကြီးကို သွားသတ်မယ်"

"သားကြီး"

"ကိုကြီး သတ်စရာမလိုဘူး၊ ကျွန်တော် သွားသတ်မယ်၊ သူတို့သေမှအေးမှာ။ အခု အတွင်းပစ္စည်းလက်ဝတ်ရတနာတွေ အကုန် ယူသွားတာ။ တို့ကိုပါ ဘဝပျက်အောင်လုပ်သွားတာ သတ်မယ်"

"ကိုလေး"

ကိုလေးခါးကိုဖက်ပြီး ဟီးခနဲငိုချလိုက်တော့၏။ မေမေ ဦးဇေယျနဲ့ လိုက်ပြေးသွားပြီတဲ့။

မိုးနဲ့မြေကမှ ထိစပ်ချင်ထိစပ်ဦးမယ် ဇေသုနဲ့ထာက





... ဘယ်တော့မှ ပေါင်းစပ်လို့ မဖြစ်နိုင်တော့ဘူးလေ။

ပကတိအကောင်းတိုင်းရှိမနေတော့တဲ့ ထော့ဘဝအတွက် ဘယ်သူက ဘာလုပ်ပေးနိုင်ကြမှာလဲ။ သူများကိုလည်း ပြောပြတိုင်ပင်လို့မရတဲ့ ဘဝ။

ပြီးတော့ –

မေမေ လုပ်ချင်ရာလုပ်သွားခြင်းအတွက် ကိုလေးကိုထပ်ပြီး ဒုက္ခမရောက်စေချင်။ ကိုလေးက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သူမို့ ဦးဇေယျကို တကယ်မသတ်ဘူးလို့ ပြောလို့ရမလား။

"မင်းတို့ ဘယ်သူ့ကိုမှ သွားသတ်စရာမလိုဘူးကွ။ ဝဋ်ကြွေး ကျေပြီလို့သာ သဘောထားလိုက်ကြ။ မင်းတို့အတွက် သူမရှိပေမယ့် အဖေဆိုတဲ့ငါ ရှိနေသေးတယ်။ ငါ မင်းတို့အပေါ်မှာ တာဝန်ကျေတဲ့ အဖေ ဖြစ်စေရမယ်"

"ကျွန်တော်တို့ဘဝမှာ သူမရှိရင်မဖြစ်လို့ပြောနေတာ မဟုတ်ဘူး ဖေဖေ။ ရှက်လို့ပြောနေတာ"

"ဟုတ်တယ်၊ သားသမီးတွေ ငယ်ငယ်ရွယ်ရွယ်တုန်းကဆို ထားတော့။ အခု ဒီအသက်အရွယ်ကြီးတွေရောက်မှ ဒီအဖြစ်မျိုး ကြုံရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ တောက်"

"အဲဒါ ဝဋ်ကြွေးပဲ သား။ မင်းတို့ လက်ခံလိုက်ပါ"

"သားကတော့ လက်မခံနိုင်ဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်း ဘယ်လိုမှ လက်မခံနိုင်ပေ။ အဲဒီဝဋ်ကြွေးဆိုတာကိုပဲ သူ မယုံတာ။ ဒါ . . . ကံစီမံရာမဟုတ်ဘူး။ လူက ကြံမှာဖန်တာ မဟုတ်ဘူးလား။ ထော့လက်တွေကို ခပ်ကြမ်းကြမ်း ဖယ်ချလိုက်ပြီး . .

"ရှုက်ရတာချင်းအတူတူ လူပုံအလယ်မှာ ခေါင်းမဖော်ရဲ မယ့်အစား သူတို့ကိုသတ်ပြီး ကျွန်တော် ထောင်ထဲမှာပဲ ရာဇဝင်အတွင်းခံပြီး သေလိုက်မယ်။ အရင်တုန်းက အဖသတ်သား အဇာတသတ်။ အခု ကျွန်တော်က အမိသတ်သား ခေတ်သစ်အဇာတသတ်လို့"

"သားငယ် . . . မင်းမလုပ်ရဘူးနော်"

တားနေပေမယ့် တားတဲ့ကြားကပဲ ချစ်လင်း ထွက်သွားလေလျှင် . . .

"ချစ်လင်း"

"————"

"ဟော့ကောင်"

"သားငယ်"

"ကိုလေး"

အားလုံး ချစ်လင်းနောက်သို့ ပြေးလိုက်သွားပေမယ့် ချစ်လင်း ခြေလှမ်းတွေက ရှေ့တိုးမြဲပါ။ ချစ်လင်း ကားပေါ်ကိုတက်ပြီး တရကြမ်း မောင်းထွက်သွားတော့ ဂိုကြီးကိုးရိမ်ကြရသည်သာ။ ချစ်မင်းကလည်း ချစ်လင်းနောက်လိုက်ဖို့ ကျန်တဲ့ကားတစ်စီး၏တံခါးကိုအဖွင့် –





"သားကြီး မြန်မြန်လိုက်ပါ။ မင်းညီလေးကို ကယ် . . . ကယ်ပါ"

"ဟာင်"

"ဖေဖေ"

ဦးအောင်ထိုက် ရင်ဘတ်ကိုလက်နှင့်ဖိပြီး ခေါင်းငိုက်စိုက်ကျသွားတာမြင်လေတော့ ချစ်လင်းပြန်ပြေးလာကာ –

"ဖေဖေ"

"ရတယ် ဖေ . . . ဖေဖေ့ကို ဂရုမစိုက်နဲ့၊ သွား မင်း"

"ဖေဖေ"

"ဖေဖေ"

ပြောနေရင်း ခေါ်နေရင်းပဲ ဦးအောင်ထိုက် ခွေခေါက်လဲကျသွားလေတော့သည်။

"လုပ်ကြပါဦး . . . ဖေဖေ ဖေဖေ"

"ဖေဖေ"

ဆူဆူညံညံ အသံတွေကြောင့် ဒေါ်မိုးပြေးထွက်လာတော့ မြင်လိုက်ရတဲ့မြင်ကွင်းမှာ စိတ်မသက်မသာဖွယ်ပါ။ ဒီနေ့ဟာ ဒီမိသားစုအဝ ကံဆိုးမိုးမှောင်ကျတဲ့နေ့လား။

"ဖေဖေ ခေါ်လို့မရတော့ဘူး။ ကယ်ကြပါဦး"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးက လူကြီးပဲလေ။ အခြေအနေကို အကဲခတ်ရ သလောက် သိပ်ဘဝင်မကျတာမို့ ဦးအောင်ထိုက် ဘေးမှာဝင်ထိုင်ပြီး ရင်ဘတ်ကိုကပ်၍ နားထောင်ကြည့်လိုက်တော့ ခြောက် ဘဝဇာတ်သိမ်း သွားရှာပြီပဲ။

စိတ်မကောင်းခြင်းများနဲ့ ပြောမထွက်ပေမယ့် အမှန်တရား လက်မခံလို့မှမရဘဲလေ။

ဒါကြောင့် -

"မင်းတို့အဖေ အသက်မရှိတော့ဘူးကွဲ့"

"ဗျာ"

"ရှင်"

နှစ်ယောက်စလုံး ကိုယ်ကြီးတွေ တောင့်ခနဲဖြစ်သွားပြီးမှ ထ ခေါင်းကို ခါယမ်းလိုက်ကာ -

"ဒေါ်မိုးညာနေတာ မဟုတ်ဘူး။ ဖေဖေ မသေဘူး ... ဟီး"

"ဖေဖေ"

"ဟီး ဟီး"

"ဖြစ်မှဖြစ်ရလေ ဖေဖေရာ။ ကံဆိုးလိုက်တာဗျာ။ ကျွန် တော်တို့ရဲ့မိသားစုဘဝဆိုတာ တကယ်ပြိုကွဲသွားပြီဗျ။ ဦးအော လူယုတ်မာကြီး ခင်ဗျားကို ကျွန်တော့်တစ်သက် မကြေဘူးဗျာ"





"ဖေဖေ"

ကံဆိုးချင်ပြီဆိုရင် ရေသောက်တာတောင် လည်ချောင်းနင် တယ်ဆိုတာမျိုး။ အခု သူတို့မိသားစုဘဝလည်း အနုတ်လက္ခဏာ နှင့် အထွက်အဖုက် ဆုံးရှုံးမှုတွေချည်းသာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ချစ်မင်းနဲ့ ထာတို့မောင်နှမနှစ်ယောက် ငိုရလွန်းလို့ မျက်နှာ တွေပင်မို့အစ်နေပြီ။ ချစ်လင်းက အခုထိ ပြန်ရောက်မလာသေးဘူး။ ဘယ်တွေလျှောက်သွားပြီး ဘာတွေလုပ်နေပါလိမ့်။ ဒေါ်မိုးမှာ သူတို့ မောင်နှမကိုကြည့်ပြီး မျက်ရည်မဆည်နိုင်။ သနားစရာကောင်းလိုက်တဲ့ ကလေးတွေပါလား။

ဒါ တစ်ယောက်တည်းရဲ့မိုက်ပြစ်ကနေ အခုတော့ ကလေး တွေရင်ထဲမှာ ဒဏ်ရာတွေကိုယ်စီရကုန်ပြီ။ ဘယ်လိုဖြေသိမ့်ပေးရမှာ မလဲနော်။ နောက်ထပ် ဘာတွေထပ်ဖြစ်လာနိုင်ဖွယ် ရှိသေးလဲ။

"တောက်"





ချစ်မင်းဆီက ထွက်လာတဲ့ တက်ခေါက်သံပါ။ သူ ချစ်လင်း နာမ်းကိုခေါ်နေတာ ခဏခဏပါပဲ၊ စက်ပိတ်ထားပါသည့်ပဲ ပြောနေတာ ခေါ်လို့မရပေ။

"ဒေါ်မိုး"

"မောင်ချစ်မင်း ပြောလေ၊ ဒေါ်မိုး ဘာလုပ်ပေးရမလဲ"

"ဒေါ်မိုး ညီမလေးအနားမှာနေပြီး ညီမလေးကို ဂရုစိုက်ပေး ပါနော်"

"မောင်ချစ်မင်းက ဘယ်သွားမလို့လဲကွဲ့"

"ကျွန်တော် ချစ်လင်းကို လိုက်ရှာမလို့ပါ"

"ပြန်လာမှာပေါ့ကွယ်"

"သူပြန်လာအောင် ကျွန်တော်စောင့်မနေနိုင်ဘူး ဒေါ်မိုး။ ချစ်လင်းစိတ်က လုပ်ချင်မိရင် ဖွတ်တရှတ်မို့လို့ ကျွန်တော်စိုးရိမ်တယ် ဗျာ။ ဒေါ်မိုး ညီမလေးကို ဂရုစိုက်ပေးပါ"

"စိတ်ချ မောင်ချစ်မင်း၊ ထားကို ဒေါ်မိုး ဂရုစိုက်ပါ့မယ်"

ချစ်မင်း ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။ ထားကို လှမ်း ကြည့်လိုက်တော့ တသိမ့်သိမ့်ငိုရှိုက်နေဆဲပါပဲ။ အကြီးလည်းဖြစ် ယောကျ်ားရင့်မာကြီးလည်းဖြစ်တဲ့ ကိုယ်တွေရင်ထဲမှာတောင် နေလို မလို ပူလောင်နေတာ။ မိန်းကလေးဖြစ်တဲ့ ထာက ပိုပြီးခံစားရမှာပေါ့။ သွားမိတော့ အံကိုတင်းခနဲကြိတ်မိစဉ် –



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

လက်ထဲမှာကိုင်ထားတဲ့ဖုန်းက မြည်လာသဖြင့် နံပါတ်ကို ကြည့်လိုက်တော့ ချစ်လင်းဖုန်းနံပါတ်မို့ ကသောကမျော နားမှာကပ်လိုက်ကာ –

"ချစ်လင်း မင်းဘယ်ရောက်နေတာလဲ။ အခု အိမ်ကို မြန်မြန် ပြန်လာခဲ့"

တစ်ဖက်က အသံတိတ်နေပြီး ဘာမှပြန်မပြောလေသဖြင့်–

"ဟယ်လို ... ချစ်လင်း ကြားလား"

"ကိုကြီး"

"အခု မင်း ဘယ်မှာလဲ။ အရေးကြီးလို့ ခုပြန်လာခဲ့"

"_____"

"ဟယ်လို ချစ်လင်း"

"ကျွန်တော် အိမ်ကိုပြန်လာလို့မရတော့ဘူး ကိုကြီး"

"ဘာ"

"___"

"ကိုယ့်အိမ်ကိုယ် ပြန်တာ ဘာလို့ပြန်လို့မရ ရမှာလဲကွ။ အခု ပြန်လာခဲ့။ အိမ်မှာ ဘာတွေဖြစ်နေလဲ မင်းသိလား"

"ဘာတွေဖြစ်နေလို့လဲ"

"မင်းပြန်လာရင် သိရမှာပေါ့ကွ။ အရေးကြီးတယ် မင်း





ပြန်လာခဲ့ပါ"

တစ်ဖက်မှ ရှိုက်သံကို ကြားလိုက်ရ၏။ ချစ်လင်းငိုနေတာလား။ သူ ဖေဖေဆုံးသွားတာကို မသိလောက်သေးပါဘူး။ ဖုန်းခေါ်နေတာ ခေါ်လို့မှမရတာ။

"ကျွန်တော် ပြန်လာလို့မရတော့ဘူး"

"ဟင်"

"အခု ကျွန်တော် လောလောဆယ် အချုပ်ထဲမှာ။ ကျွန်တော် ဘာဝန်ကျေပါတယ်နော်"

"ဟာ ... မင်း မင်း ဘာတွေလျှောက်ပြောနေတာလဲ ချစ်လင်း ... ညီလေး မင်း"

သူ့စကား ရှေ့မဆက်နိုင်ခင် –

"ဟုတ်တယ် ကိုကြီး၊ ကျွန်တော် ဦးဇေယျကို သတ်လိုက်ပြီ အဟွန်း ... ကျွန်တော်တို့အမေကတော့ ထွက်ပြေးတာ ဦးသွားတယ်လေ။ သူ မဦးရင် ကျွန်တော် ခေတ်သစ်အဇာတသတ်လုပ်ဦးမှာ"

"မင်း ညာနေတာ၊ မဟုတ်ဘူး မင်း မလုပ်ရဘူး"

"ကျွန်တော် မညာဘူးဗျ"

ရှိုက်သံတွေနှင့်ပြောနေတဲ့အသံတွေက ဗလုံးဗထွေးနှင့်ပါ။ ဖြစ်နိုင်ဘူးလို့ အခါခါဆုတောင်းပေမယ့် ဆုတောင်းတာပြည့်နိုင်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား။ နောက်ထပ် ဘာတွေများ ကံဆိုးဖို့ ရှိပါသေးသလဲ။

"မင်း မင်း ... ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ အခု တို့မိသားစု အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲကုန်ပြီ မင်းသိရဲ့လား။ မင်းကွာ ညီလေးရာ ငါ ငါ ဘယ်လိုပြောရတော့မှာလဲ"

"ကိုကြီး"

"ဟီး"

"ကိုကြီး ... ကိုကြီး ... ငိုနေတာလားဟင်"

"အေး ... ဟုတ်တယ်၊ တို့တွေဘဝကို ဒုက္ခပင်လယ်ထဲ လက်ဆွဲချခဲ့တာက အမေ။ တို့ကိုပြန်ဆယ်ပေးမယ့်အဖေက မရှိတော့ဘူးကွ။ အခု မင်းကလည်း"

"ဗျာ"

"____"

"ကိုကြီး ... ဒါဆို ဖေဖေက ... ဖေဖေ ဖေဖေ ဘာဖြစ်လို့လဲဟင်။ မြန်မြန်ပြောစမ်းပါ"

ဖုန်းထဲမှာမို့ တစ်ယောက်မျက်ရည်ကိုတစ်ယောက် မမြင်ကြပေမယ့် ကြားနေရတဲ့အသံတွေကတော့ အပြန်အလှန် ငိုကြွေးသံတွေ။

"ဟုတ်တယ် ညီလေး၊ မင်းနောက်ခိုင်းသွားကတည်းက"

"ဟင်"

"ဖေဖေ မရှိတော့ဘူး။ တို့ဘဝထဲကနေ ဖေဖေထွက်သွားပြီ





ဖေဖေဆုံးသွားပြီကွ"

"အား ဟီး"

"ညီလေးရာ မင်းပြန်လာမလားလို့ စောင့်နေတာ၊ အခုတော့ ကွာ"

"မရတော့ဘူး။ ကျွန်တော် ပြန်လာလို့မရတော့ဘူး။ တော်ပြီဗျာ ကျွန်တော် ဆက်မကြားပါရစေနဲ့တော့"

"တီ"

ဖုန်းချသံ တွီခနဲကြားရပြီးနောက် တင်းထားတဲ့အားတွေ ချက်ချင်းဘယ်ရောက်ကုန်မှန်းမသိ ဒူးတွေညွတ်ကာ ပျော့ကျသွားလေတော့၏။ ဘဝဆိုတာ သူတို့အတွက် ဒါလားလေ။ ဆိုးလိုက်တဲ့ဘဝ။ အရိုးပြာကျပြီး မီးလိုပူ လေလိုလွင့်ဖို့တွေများရှိသေးလား။ အခုတော့ သူနဲ့ညီမလေးမှာသာ အပူပေါ်အပူဆင့်လို့ ရှေ့ဆက် ဘယ်လိုဖြတ်သန်းရဦးမလဲ။

"မောင်ချစ်မင်း သတိထားပါကွယ်"

"ကိုကြီး"

"____"

"ကိုကြီး"

ကိုကြီးလို့ခေါ်တဲ့ ညီမလေးအသံကိုကြားတော့ ညီမလေးရဲ့ မျက်ရည်တွေကိုမြင်တော့ ဖြော် သူ ပိုဆိုးတော့မှာပဲလို့ ကိုယ့်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်းလိုက်ကာ –

"ညီမလေး"

ကိုယ်က နှစ်သိမ့်ပေးဖို့ ပခုံးလေးကိုဖက်လိုက်တော့ ကိုယ့် ညီမလေးမှာ ကိုယ့်မျက်နှာကိုပဲ မော့မော့လေးကြည့်လျက် –

"ကိုကြီး စောစောကဖုန်းဆက်တာ ကိုလေးမဟုတ်လား ဟင်။ ကိုလေးကဘာတဲ့လဲ။ အခု ဘယ်မှာလဲဟင်"

ကိုယ့်ရင်ဘတ်ပေါ်မှာ မှီတင်ပြီး ခွဲချလိုက်တာမှ သက်သာ မည်။ စနက်တံချွတ်လိုက်တဲ့ လက်က မာတာပီတု ကျေးဇူးရှင် သမိခင်ရဲ့လက်ပါပဲ။

"ပြောလေ ကိုကြီးရဲ့ ... ကိုလေးက ဘာတဲ့လဲဟင်"

"ညီမလေး"

"––––"

"ချစ်လင်း ချစ်လင်း ... သူ ဦးဇေယျကို သတ်လိုက်ပြီ သူ သူ ကိုကြီးတို့ဆီကို ပြန်လာလို့မရတော့ဘူး ညီမလေးရဲ့"

"ရှင်"

ငိုရလွန်းလို့ ထာ့မျက်ရည်တွေ ကုန်ခန်းသွားပြီလား မျက်ရည်မခြောက်သေးတဲ့ မျက်ဝန်းတွေက ပိုင်းစက်သွားပြီး ထပ် မျက်ရည်ဆိုတာ ထပ်ကျမလာတော့ပေ။ တကယ်ပဲ ဒီမိ ဘဝက ပြိုကွဲသွားပြီပေါ့။ အမေက စွန့်ခွာ၊ အဖေက ဆုံး။ ကို





ထောင်ကျ ဆိုးလိုက်တဲ့ဘဝရယ်။

ထာ ...

ရင်တွေပူလောင်လာပြီး အသက်ရှူလို့မဝတော့ကာ ရင်ဘတ် က မို့ချည် မောက်ချည် ဖြစ်လာခြင်းနှင့်အတူ လက်တွေ ခြေတွေ ထုံကျင်လာလေတော့၏။

"သမီး ... သမီး ငိုလိုက်လေ။ ထာ သမီးသတိထား သတိထားမှပေါ့။ ငိုလိုက် ငိုချလိုက်"

ဒေါ်မိုး ထာ့ အခြေအနေကိုသိပြီး ပြောလိုက်ပေမယ့် ထာ ကိုကြီးလက်ထဲမှာပဲ ပျော့ခွေသွားလေတော့သည်။ လောကကြီးက မှောင်မိုက်သွားပြီ။ ထာသာသတိရှိနေဦးမယ်ဆိုလျှင် ဒီလိုပဲ လောက ကြီး မှောင်မိုက်သွားရာကနေ အလင်းပြန်မရပါစေနဲ့လို့ ဆုတောင်း ခလား သေချာပါတယ်။ မှောင်လက်စနဲ့ ဆက်မှောင်ချင်နေမယ် ဆိုတာလေ။

"ညီမလေး ... ညီမလေး"

"––––"

"ထာ ထာဝရ"

"သမီး ထာဝရ ... သမီး"

"ဒေါ်မိုး လုပ်ပါဦးဗျာ။ ကျွန်တော့်ညီမလေး ဘာဖြစ်တာလဲ။ ကယ်ကြပါဦးဗျာ။ ညီမလေး ထာ"



www.burmeseclassic.com

www.burmeseclassic.com



"ထာ"

ထာလို့ အကျယ်ကြီးခေါ်ပြီး အနားကိုအပြေးရောက်လာ
က ဖေသုပါ။ သူလည်း သိသိချင်းပြေးလာခဲ့တာလေ။ သူဟိုဘက်
ကနေ စေ့စောင်းကြည့်တော့ ထာတို့အိမ်ကို လူဝင်လူထွက်တွေ များ
သည်။ သွားလာနေကြတဲ့လူတွေကလည်း ရယ်တာမောတာ
စိတ်မကောင်းဟန်တွေနှင့်ဆိုတော့ ဘာများဖြစ်သလဲလို့ စုံစမ်းကြ
တာ။

ထာ့အဖေ ဆုံးသွားပြီတဲ့။

ချက်ချင်းလာချင်ပေမယ့် အိမ်မှာလည်း မေမေက ဗွမ်းသု
ထနေသည်လေ။ ဒါကြောင့် မေမေ့အလစ်မှာထွက်လာခဲ့တာ။ ဘယ်
တွေ ဘယ်လိုသဘောထားပဲရှိပါစေ ကိုယ်ကတော့ ထာ့မျက်
ခေါင်းငုံ့တိုးရမည်သာ။

"ထာ ထာ"

"ဟင် . . . ဖေသုတ"

ချစ်မင်း ချက်ချင်းပဲ ထာ့ကိုယ်လေးကို ခေါ်မိုးရင်ခွင်
ပြောင်းထည့်ပေးလိုက်ပြီး –

"ဟော့ကောင် မင်း ငါ့ညီမအသားကိုမထိနဲ့။ ချွေးသူ
စား လူယုတ်မာရဲ့သား"

"ကျုန်တော်"





"မင်း ခုထွက်သွားစမ်း"

"_ _ _ _ _"

"ကြာတယ် ကဲကွာ"

"ခွပ်"

"ဟဲ့ ဟဲ့ . . . လုပ်ကြပါဦး။ ချစ်မင်း မလုပ်နဲ့လေ"

"ခွပ်"

"အ"

"ခွပ်"

"မောင်ချစ်မင်း မလုပ်နဲ့"

စကားတွေရော လူတွေရော ရှုတ်ရှုတ်သဲသဲဖြစ်သွားလေ၏။
မင်းကို ဆွဲသူကဆွဲ၊ ဖေသုကို ဆွဲခေါ်သူကခေါ်။ ဒီနှစ်အိမ်ကြားက
သည် တကယ်ပဲ ကမ္ဘာမကြေ ဖြစ်ကုန်ကြပြီထင်ပါရဲ့။

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ကံဆိုးခြင်းတွေ ပြီးဆုံးသွားပြီလား။ ပြီးဆုံးပါစေလို့ပဲ ဆု တောင်းနေရသည်သာ။ အခုဆိုရင် မေမေကလည်း အိမ်ပြန်မလာခဲ့ တော့ဘူးလေ။ ဖေဖေကဆုံး၊ ကိုလေးကမလွဲမသွေ ထောင်ကျတော့ မှာ။ ကိုကြီးနဲ့ကိုလေး တိုင်ပင်ပြီးပြီတဲ့၊ အိမ်နဲ့ခြံ ကားအစရှိတာတွေကို ရောင်းပြီး ဆပ်စရာရှိတဲ့ကြွေးတွေဆပ်။

ပြီးရင်တော့ ကိုကြီးနဲ့ထာက ဩစတေးလျကိုသွားရမည်။ ရှားတစ်ချောင်းကြောင့် အုတ်တစ်သောင်းပျက်ဆိုသလို သူတို့မိသား ဘဝ ပျက်စီးသွားခဲ့ပါပြီ။ ဆိတ်ဖလူးပင်ဘက်ကို ငေးကြည့်မိတော့ မှန်းလိုက်တာ။





ဒီပန်းတွေကို သူမတစ်သက် ဘယ်တော့မှ မပန်တော့ပါဘူး လေ။

"ဇေသုတ"

"_____"

"ငါ ပြောနေတယ်နော်၊ အခုပြန်လာခဲ့"

"____"

"ဇေသုတ"

"_____"

"ကြည့်စမ်း ပြောနေရင်းက ငါ့စကားကို နားမထောင်ဘူး။ ပြန်မလာရင် ငါ့အဆိုးမဆိုနဲ့နော်"

ဇေသု ခြေလှမ်းတွေက ရပ်တန့်မသွားပေ။ သူ့ ထော့ကိုမြင် ဒို့ လာခဲ့တာလေ။ ထာနဲ့ပတ်သက်လာရင် ဘာကိုမှ ဂရုမစိုက်တတ် ဘာက အရူးတစ်ယောက်နဲ့ တူနေပါပြီ။ ဒေါ်စုစုမှာ သားနောက်ကနေ လိုက်လာရင်း ဒေါသတွေထွက်လို့ပါပဲ၊ သားဖြစ်သူက သူ့မစကားကိုမှ နားမထောင်ပဲလေ။

"ဟဲ့ ...နင် ဘယ်လိုသားမျိုးလဲ ဇေသုတ။ ကိုယ့်အဖေ တစ်ယောက်လုံး အသတ်ခံထားရတာတောင် မနာတတ်ဘူးလား။ နေထားတဲ့အမေ ဝမ်းရေပြားစပ်ရကျိုး မနပ်အောင် မလုပ်နဲ့နော်"

ဇေသု ခြေလှမ်းတွေရပ်တန့်သွားခဲ့ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာတရားပဲဖြစ်ဖြစ်၊ အာဃာတတရားပဲဖြစ်ဖြစ် အသွား ရှိလို့ အပြန်ရှိတာပါ။ သားလည်း နာတတ်ပါတယ် မေမေရဲ့။ ဒါပေမဲ့ မေမေ ဆုံးရှုံးလိုက်ရတာ ဖေဖေတစ်ယောက်တည်းပါ။ ထော့ဘက်မှာ က ဆုံးရှုံးမှုတွေ အများကြီး"

"ဘာ"

"မေမေ ကိုယ်ချင်းစာကြည့်ပါ။ ထာတို့မောင်နှမ ဘယ် လောက် သနားဖို့ကောင်းလဲ။ မေမေနဲ့သားက ဖေဖေ့ကို ဆုံးရှုံးလိုက် ရတာကလွဲပြီး အခြား ဘာမှပျက်စီးယိုယွင်းမသွားဘူးလေ။ အခု ဆုံးရှုံး လိုက်ရတာလည်း ကောင်းသောဆုံးရှုံးခြင်းမျိုးမှ မဟုတ်တာ"

"အမယ်လေး နင် ဘယ်လိုပြောလိုက်တာလဲ ဖေသုတဟင်း သေသွားတာ နင့်အဖေအရင်းခေါက်ခေါက်ဟဲ့။ သူကောင်းသည်ဖြစ် စေ ဆိုးသည်ဖြစ်စေ ငါ့ယောက်ျားက ငါ့ယောက်ျားပဲ။ ကျောက်တုံး ကျိုးတာနဲ့ပဲ စာလုံးပေါင်း မှားတာကို ငါက သင်ပုန်းချေပေးလိုက်ရမှာ လား။ မစဉ်းစားနဲ့ ဘယ်တော့မှမချေနိုင်ဘူး"

"အဲဒါတော့ မေမေ့သဘောပါ"

ဒါပဲပြောပြီး ဖေသု ခြေလှမ်းတွေ ရှေ့ဆက်ခဲ့တော့ ဒေါ်စုစု မှာ ခွေ့ခွေ့ခုန်လေပြီ။

"ဗိုးသာထူးရေ ဗိုးသာထူး"

"ဗျာ မမကြီး"





"မြန်မြန်လာစမ်း"

"ဟုတ်ကဲ့"

ဒေါ်စုစုမှာ ပျာယာခတ်နေပေမယ့် ဖေသု ခြေလှမ်းတွေက တော့ လျှောက်ဆဲလျှောက်မြဲပါ။ ကိုယ့်ခြံကလို့ အထင်ရှိတဲ့ အသံဗလံ တွေကြောင့် ထာကြည့်လိုက်တော့ –

"ဟင်"

မြင်လိုက်တာနဲ့ ထရပ်မိပြီး မျက်နှာက တင်းပြီးသွားပါ။ ယ့်ခြံထဲအထိ ဘာလာလုပ်ကြတာလဲ။ ဒီတစ်ခါတော့ အစော်ကား နိုင်တော့ပါဘူး။ သူတို့နဲ့ပတ်သက်ရာအကြောင်းလည်းမရှိ ကိုယ့် ဝန်းကိုယ် ဖြစ်လာသမျှ လက်ခံရယူပြီးပြီပဲလေ။ ခွင့်မလွှတ်နိုင်ပေမယ့် ယ်သူ့အပေါ်မှလည်း အပြစ်မတင်ခဲ့ပါဘူး။

ကံစီမံရာလက်ခံခဲ့ပြီး ...

နောက်ထပ်အဆိုးဆုံးတွေ ရှိမလာစေချင်တော့တာတော့ န်ပဲလေ။ အခု ကိုယ့်ပိုင်နက်ထဲအထိ ကျူးလွန်လာပြန်ပြီဆိုတော့ ခါ အစော်ကားခံရတာမသိလို့။ နှစ်ခါဆိုရင်တော့ ကိုယ်အသုံးမကျ ဖြစ်သွားလိမ့်မည်။

"ထာ"

"____"

ထာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခပ်စူးစူးကြည့်လိုက်တော့–



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အဲလိုမျိုးကြီးမကြည့်ပါနဲ့ဟာ။ ငါ မခံစားနိုင်ဘူး။ ငါ့ကို အဲဒီလိုမကြည့်ပါနဲ့"

"နင် ဘာလာလုပ်တာလဲ"

"နင့်ကိုမေးစရာရှိလို့ လာခဲ့တာ"

"ငါ့မှာ နင်မေးတာဖြေဖို့ အဖြေမရှိဘူး။ ငါ့ခြံထဲကနေ အခု ထွက်သွား။ ဘာလဲ ငါ့မိသားစုပြိုကွဲသွားတာကို အားမရလို့ ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းဖို့လာခဲ့တာလား"

"မဟုတ်ဘူး ထား၊ နင် ဘာလို့ အဲဒီစကားကို ပြောထွက်တာလဲ။ ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်မသိဘူးလား။ အခု ငါလာခဲ့တာ"

"မပြောနဲ့ မကြားချင်ဘူး"

ထား အော်ပစ်လိုက်၏။ ဒီလိုအခြေအနေမျိုးမှာ ချစ်တာတွေ မေတ္တာတွေကို မလိုချင်ဆုံး မကြားချင်ဆုံးပါပဲ။ ဟိုအရင်က ဒီစကား ဟာ ချိုခဲ့ပေမယ့် အခုက ခါးလွန်းလို့ မြင်တာနဲ့ နှာခေါင်းရှုံ့အန်ချင် တာမျိုးပါ။ မဖြစ်နိုင်တာတွေ သူမသိဘူးလား။ ချစ်တာတစ်ခုနဲ့ ရှေ့ကို တစ်လှမ်းတိုးလိုက်ရင် မျိုးမစစ် မျိုးမကောင်းဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ နောင်လာနောက်သားအထိ အပုပ်နံ့ထွက် ခရီးဆက်ကြရမှာ။ ဒီအဖြစ်ကို ထား လက်မခံနိုင်ပေ။ ကိုယ်ပုပ်ချင်ပုပ်ပါစေ။ မဆိုင်သူတွေ ရဲ့ဘဝကိုတော့ အေးစေ မွှေးစေရှိစေချင်ပါသည်။





"ထား"

ဇေသု ထား့ရှေ့မှာ ဒူးထောက်ချလိုက်၏။ ချစ်လွန်းလို့ပါလေ။ ဒူးထောက်တယ်ဆိုတာ အောက်ကျစရာပေမယ့် ချစ်ရသူအတွက်က တော့ ချစ်လို့ပဲ အရှုံးပေးတာပါ။

"ငါ တောင်းပန်ပါတယ် ထားရယ်။ အားလုံးအတွက် ငါ တောင်းပန်တာပါ"

"မတောင်းပန်နဲ့၊ ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ တို့က အပိချက်နဲ့ ဝက်သား လဲလိုက်ရတာလို့ပဲ။ နင့်တို့အတွက်က ဆုံးရှုံး သွက်တာတစ်ခုတည်း၊ တို့က အသက်ဘဝအရှက်"

"ငါ သိပါတယ်၊ အဲဒါကြောင့် ငါ ဘာတွေ ဘယ်လိုပဲပေးဆပ် ရပေးဆပ်ရ ပေးဆပ်မယ်ဟာ"

"မလိုပါဘူး။ ငါ့သိက္ခာအတွက် ငါ နင့်ကို ဘယ်တော့မှ ဘက်မထပ်ဘူး ရှင်းလား"

"မရဘူး ထား"

ဇေသု ချက်ချင်းပဲ ဆတ်ခနဲထရပ်လိုက်၏။ ထား့ပခုံးကို ဆုပ်ကိုင်လိုက်ကာ –

"နင် ဩစတေးလျကို သွားတော့မယ်လို့ ငါကြားတယ်။ နင် မသွားရဘူး။ ငါ ခွင့်မပြုဘူး"

"အဲဒါ ငါ့ရဲ့လွတ်လပ်ခွင့်။ နင် တားပိုင်ခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တားတယ်ဟာ၊ နင် သွားရဲသွားကြည့်"

"_____"

"နင့်ကို ငါ သတ်ပစ်မယ်။ အေး . . . အချစ်ကြီးရင် ဘာဖြစ်တတ်လဲဆိုတာ နင်သိထား"

အပြုံးအလှန် အကြည့်တွေက ပြတ်ထွက်စေ ပေါက်ထွက်စေဆိုတာမျိုးမဟုတ်ဘဲ တစ်ယောက်က လုံးဝမဖြစ်နိုင်ခြင်းနဲ့ တစ်ယောက်က လုံးဝ မစွန့်လွှတ်နိုင်ခြင်းပါ။ ရယူခြင်းမှ အချစ်မဟုတ်ဘူး ဆိုပေမယ့် ဇေယကတော့ ချစ်ရသူနှင့် ဝေးမယ့်အဖြစ်ကို လက်မခံနိုင်အောင် ခံစားချက်တွေက ပြင်းပြနေတာပါ။

"နင့်သဘောပဲ ဇေယ၊ နင် ငါ့ကိုသတ်နိုင်တယ်"

"ဘာ"

"ဇေယတ"

ဒေါ်စုစုမာ အသံရောလူရော ရောက်လာလေလျှင် ထာ မေးဆတ်ပြပြီး –

"နင့်အမေလိုက်လာတယ် နင်သွားတော့ ဇေယ။ ငါ ပြောတာကို မေ့မထားနဲ့။ နင့်ကို ငါ အရမ်းမုန်းတယ်။ နောက်ထပ် ငါနဲ့ လုံးဝပတ်သက်ဖို့ မကြိုးစားပါနဲ့"

"ထာ"

"ငါ အတန်တန်တားနေတဲ့ကြားက ဇေယရယ်။ နင့်အတွက်





မိန်းမ ဒီလောက်တောင်ပဲ ရှားသလားဟဲ့"

"မိန်းမ မရှားပေမယ့် အချစ်က ရှားတယ် မေမေ။ ကျွန်တော့် အချစ်က ပေတစ်သီး ကိုးတစ်သားလိုပဲ။ ထာကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်ဘူး"

"အမယ်လေးဟယ် ဖြစ်နေလိုက်တာ။ ဖအေရော သားရော ဒီလူတွေနဲ့ မကင်းနိုင်ကြပါလား။ ဒီအိမ် ဒီမြေက မိန်းမတွေမှာမှ အချစ်တွေက စုနေသလား။ မအေရော သမီးရော ဘယ်လိုပြုစားပြီး ဘာပညာတွေများ တတ်ထားကြလဲ မသိဘူး"

"ဒီမှာ အန်တီ"

အရင်တုန်းက ရိုသေလေးစားသမျှ အခုတော့ ကိုယ့်သိက္ခာကို ထိပါးစော်ကားလာပြီမို့ ဆက်ပြီးမကိုးကွယ်နိုင်တော့ပေ။ လူတွေများ တစ်ယောက်မကောင်း တစ်ယောက်အကြောင်းကိုပဲ ပြောလို့ရပါလျက် ပြောလိုက်ကြရင် မျိုးနဲ့ဗီဇနဲ့ချီပြီး ပြောကြတာလေ။ တစ်ယောက် မကောင်းတိုင်းသာ သွေးသားတော်စပ်သမျှ မကောင်းကြရင် –

လောကကြီးကို လူမိုက်တွေစိုးမိုးပြီး ပျက်စီးသွားမှာပေါ့။ ဒါကို ကိုယ့်မျက်ချေး မမြင်တတ်ကြတာမျိုး ကိုယ့်ကို လက်ညှိုးထိုးလာတော့ –

"စကားပြောရင် ငါ့စကားနွားရ တစ်ဖက်စောင်းနင်းမပြောနဲ့၊ လူကြီးက လူကြီးစကားပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ . . . ငါက စကားကို လက်လွှတ်စပယ်ပြောတာ မဟုတ်ဘူးဟဲ့။ နင့်အမေ ကမြင်းတာ လူသိနတ်သိ ကလေးကစ ခွေးကစ သိတယ်"

"ဟုတ်တယ်၊ ကျွန်မအမေ ကမြင်းလို့ ဒီကိစ္စဖြစ်တယ်ဆိုတာ ထားပါတော့၊ အန်တီ့ယောက်ျားကရော သူတော်စင်ကြီးလား။ မေမေ ကမြင်းလို့ သမီးကမြင်းမယ်လို့ စွပ်စွဲရင် ဦးဖေယျုရဲ့သားဖြစ်တဲ့ ဖေသုတ ကရော လူကောင်းဖြစ်မှာတဲ့လား"

"မတူတာကို တူမပြောနဲ့ ထာဝရဖြူ။ ငါ့သားက ဖြူဖြူစင် စင် သန့်သန့်ရှင်းရှင်း။ ငါ့ယောက်ျားနင့်အမေနဲ့ဖြစ်တာလည်း နင့်အမေ လက်မခံရင် ဘာမှဖြစ်စရာအကြောင်း မရှိဘူး"

သူနိုင်ကိုယ်နိုင် စကားရည်ပြိုင်ပွဲလိုဖြစ်နေတဲ့ကာလမှာ တစ် ဖက်ကမိဘ၊ တစ်ဖက်ကချစ်ရသူမို့ ဖေသု ဘယ်သူ့ကို ဘာပြောရမှန်း မသိတော့ပေ။

"ထာပြောတာ ဟုတ်ပါတယ် မေမေရယ်။ အခုဖြစ်ပျက် သွားတဲ့ကိစ္စမှာ ထာနဲ့မှမဆိုင်ဘဲ"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း ဖေသုတ"

"အန်တီ့လို ပြောကြေးဆို ယောက်ျားကမစရင် မိန်းမ တစ်ဖက်သတ် လက်ခံလို့မရပါဘူး အန်တီ။ အန်တီဆုံးရှုံးလိုက်ရတာ ထက် ကျွန်မတို့ဘက်မှာ ဆုံးရှုံးလိုက်ရတာ အများကြီးပဲ"





အရင်က ထာ အဲဒီလောက် စကားမတတ်ပါဘူး။ အခု ကိုယ့်ကို ထိပါးစော်ကားလာတော့ မာနက သင်ပေးလိုက်တဲ့စကားလုံး တွေလေ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တယ်ဆိုတဲ့စကားကိုတော့ ရိုးလွန်းလို့ မပြောတော့ပါဘူး။ လူကြီးမို့လို့ ဒီထက်ရိုင်းတဲ့စကားလုံး တွေနဲ့လည်း မနိုင်းနှိုင်းချင်။

ဒါကို တုံးတယ် အတယ်လို့ထင်ပြီး သူ့ဘက်က မိုက်ရိုင်း လာရင်တော့ ကိုယ်လည်း ရိုင်းသင့်သလောက် ပြန်ရိုင်းရတော့မှာပါ။

"ဆုံးရှုံးရတာတွေ ထည့်မပြောနဲ့ ကိုယ်ဖြစ်ကိုယ်ခံပဲလေ။ ညည်းတို့ဘက်က ဒေါသရှေ့ထားလို့ ကိုယ့်ကာယကံ ဝစီကံက ကိုယ့် ထံပြန်တာ ခံကြပေါ့"

"အဲဒီလိုသဘောထားပြီး ထာတို့ဘက်က ကိုယ့်မီးကိုယ် ငြိမ်းလိုက်ကြပြီလေ။ အခု အန်တီက အုံးနေတဲ့မီးစကို လာမွှပေးနေ တာ"

"မွှသင့်လို့ မွှရတာလေ။ ညည်းသာ ငါ့သားနဲ့မပတ်သက် ရင် ခုလို လေကုန်ခံပြီး စကားပြောဖို့ မဆိုထားနဲ့ လေလည်ရင်တောင် နင်တို့အိမ်ဘက် အနံ့ရောက်မှာစိုးလို့ ကိုယ့်ဟာကိုယ်ပိတ်ပြီး အသေခံ လိုက်မယ် သိလား"

"အန်တီ"

"တော်ပါတော့ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုစုမာဘက်က မိုက်ရိုင်းတဲ့စကားလုံးတွေ အရောင်ရှင် လာပါပြီ။ ဒါလား လူကြီးလူကောင်းဆိုတာ ထာ အောက်နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ထားလိုက်မိ၏။

ဇေသု လက်ဆွဲခေါ်တာကို ဒေါ်စုစုမာ ရုန်းပြီးဖယ်ချလေ တော့ –

"သား တောင်းပန်ပါတယ် မေမေ၊ မေမေပြန်ပါတော့။ အခုကိစ္စ ထာ့အပြစ်မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်က ထာ့ကိုချစ်လို့ ထာ့ကိုမခွဲနိုင်လို့ လာပတ်သက်နေတာပါ"

"ဇေသုတ"

"မေမေ ရှေ့ဆက်ပြီး ထာ့သိက္ခာကို စော်ကားနေမယ်ဆိုရင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှာနော်"

"ဘာ"

ဒေါ်စုစုမာ သားမျက်နှာကို မော့ကြည့်လိုက်၏။ အချစ်ဆိုတဲ့ အရာက အဲဒီလောက် တန်ခိုးစွမ်းအားကြီးသလား။ သူမကတော့ အဲဒီလောက်အထိ မစဉ်းစားခဲ့ပါဘူး။ ဒါကြောင့်ပဲ အထိနာခဲ့ရတာလား။ ငယ်ငယ်က ရည်းစားတော့ထားခဲ့ဖူးပါတယ်။ ပြတ်သွားတော့လည်း လောကမှာ ယောကျ်ားတွေအများကြီးဆိုတဲ့အသိနဲ့ ကိုယ့်စိတ်ကို ဖြေသိမ့်တတ်ခဲ့တော့ –

နှင့်နှင့်သီးသီး ခံစားရတာမျိုး မရှိခဲ့ပါဘူး။





ကိုဇေယျနဲ့ လူကြီးတွေက သဘောတူပေးစားမယ်ဆိုလို့ ခေါင်းညိတ်လက်ခံခဲ့တာလည်း ခပ်လွယ်လွယ်၊ ဒါကြောင့် ကိုယ်ချင်း စာတတ်တာ မဆန်းပါဘူး။

"ဇေသုတ"

"------"

"မင်းမျက်စိထဲမှာ ထာဝရတစ်ယောက်ကိုပဲ မိန်းမလို့ မြင်နေ သလားဟင်။ သူတစ်ယောက်တည်းမှာမှ"

"အန်တီ"

ရှေ့ဆက်ထွက်လာမယ့်စကားလုံးက အစွန်းရောက်တော့ မယ်ဆိုတာ ထာသိပါတယ်လေ။ သူ နာကျင်ခံစားရတာကျတော့ သိတတ်လိုက်တာ။ သူများကတော့ သံမဏိစက်ရုပ်လား။ မကြားဝံ့ စရာသာတွေ ထွက်လာရင် ကိုယ်ကလည်း သူတော်စင်မဟုတ်ပေ။

ဒါကြောင့် –

"အန်တီ့စကားတွေ အစွန်းမရောက်ပါစေနဲ့။ အန်တီ ကျွန်မ အိမ်ထဲကနေ ထွက်သွားပါ"

"ဘာ"

"အန်တီရောက်နေတာ ဘယ်သူ့ပိုင်နက်လဲ။ ကျွန်မကို ဆက်ပိုပြီး စော်ကားလာရင်"

"ဘာဖြစ်လဲ ညည်းက ဘာလုပ်ချင်လဲ လုပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဖေသု နှင့်အမေကို ပြန်ခေါ်သွားတော့။ နှင်လည်း ငါနဲ့ ထပ်ပတ်သက်ဖို့ မကြိုးစားပါနဲ့"

ပြောပြီး ထာပဲ ချာခနဲလှည့်ထွက်ခဲ့တော့သည်။ ကလေးတွေ ရန်ဖြစ်ရင် ပြောလေ့ရှိကြတာသည့် ရန်ရှောင်ပြီး အရင်လှည့်ထွက်သူကို ငါ့ကြောက်လို့ နောက်ဆုတ်ပြေး ဘကြီးအိမ်က ချေးစားခွေးတဲ့ လူကြီးတွေကျတော့ ဘာပြောမလဲ။ ထာကြောက်လို့ ရှောင်ထွက်ခဲ့တာ မဟုတ်ပါဘူး။

သူ့ရိုင်းလို့ ကိုယ်ပြန်ရိုင်းရင် လူက ခွင့်လွှတ်ရင်တောင် အပြစ် က ခွင့်မလွှတ်ဘူးဆိုတာကို သိနေလို့ပါ။

"ကြည့်စမ်း . . . ပြောသွားလိုက်တာ။ ဖေသု မင်းကြားတယ် မဟုတ်လား။ တို့ကိုပြောနေရတာကိုပဲ သူပါးစပ်သနသလိုနဲ့။ ဟဲ့ . . . လင်ခိုးမရဲ့သမီး၊ အကျင့်ပျက်မရဲ့သမီး"

"မေမေ တော်တော့ဗျာ။ သွားမယ်"

နောက်ဆုံးကြားလိုက်ရတဲ့စကားသံကြောင့် ထာ့ပါးပြင်ပေါ် သို့ မျက်ရည်ဥတွေ လိမ့်ဆင်းလာလေ၏။ လင်ခိုးမရဲ့သမီး၊ အကျင့် ပျက်မရဲ့သမီးတဲ့။ ဒါ မေမေ သမီးအတွက် ထားခဲ့တဲ့အမွေတွေလား မေမေရယ်။

❋



## အခန်း (၂၃)

"ဒေါ်မိုးကို ကျွန်တော်တို့ မောင်နှမ ကန်တော့ပါတယ်"

ချစ်မင်းနဲ့ထာ ကန်တော့ကြတော့ ဒေါ်မိုးမှာ မျက်ရည်မဆယ် နိုင်ပေ။ ဝမ်းနဲ့မလွယ် သားမမယ်ဆိုသလို ဒီကလေးတွေကို ကိုယ်ပဲ ထိန်းကျောင်းလာခဲ့ရတာဆိုတော့ သံယောဇဉ်က သေးပါ့မလား။ အခု ခွဲကြရတော့မယ်ဆိုတော့ ရင်ထဲမှာ ခံစားမှုတွေက နှင့်နှင့်သီးသီး ... ဆုတွေပေးနေရတဲ့အသံက တုန်တုန်ယင်ယင်။

ခိုင်ခင်ဇေမှာလည်း ငိုနေတာ အသံတွေထွက်လို့ပင်။ သူ လည်း ဒီအိမ်မှာနေလာတာ တစ်နှစ်ကျော်ပြီဆိုတော့ တော်တော်လေး သံယောဇဉ်တွယ်နေပြီပေါ့။ အခုဆို ထာတို့မောင်နှမက ပိုင်ဆိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရောင်းပြီး နိုင်ငံခြားကို သွားကြတော့မှာလေ။ ဒေါ်မိုးနဲ့ ခိုင်ခင်လည်း ကိုယ့်ရွာကိုယ်ပြန်ကြရတော့မှာပါ။

"ဒေါ်မိုး"

"သား"

"လမ်းခရီးမှာ ဂရုစိုက်နော်။ အသက်က ရလာပြီဆိုတော့ ခရီးပမ်းမှာစိုးလို့ပါ။ ခိုင်ခင်"

"ရှင်"

"နင်က ငယ်တဲ့သူဆိုတော့ ဒေါ်မိုးကို ဂရုစိုက် ကြားလား"

"ဟုတ်ကဲ့"

"ကဲ ... ညီမလေး"

"ရှင်"

"ကိုကြီးတို့ သွားကြရအောင်"

"ဟုတ်ကဲ့ ကိုကြီး"

"သား သမီး"

နှစ်ယောက်စလုံး ထရပ်လိုက်ကြချိန်မှာ ဒေါ်မိုးက ချစ်ခင်လက်ကို တစ်ဖက်၊ ထော့လက်ကို တစ်ဖက်ဆွဲ၍ –

"သားနဲ့သမီးကို ဒေါ်မိုး လေဆိပ်အထိ လိုက်ပို့ပါရစေနော်"

"ဒေါ်မိုးရယ် ... ဒေါ်မိုးပင်ပန်းမှာပေါ့"

ထော မျက်နှာလွှဲပြီး မျက်ရည်တွေ ကျနေမိ၏။



မွေးထုတ်ထားတဲ့ အမေက အကြင်နာတရားမရှိ စွန့်ခွာသွားနိုင်ပေမယ့် ဝမ်းနဲ့မလွယ် သားမမယ် ထိန်းကျောင်းခဲ့ရတဲ့ ဒေါ်မိုးမှာတော့ သူတို့အတွက် မျက်ရည်တွေ ငိုဖို့ရှိခဲ့တယ်တဲ့လား။ ရင်ထဲမှာ စူးနစ်နာကျင်ခြင်းတွေ နှင့်အတူ။

လောကကြီးကိုပဲ မတရားဘူးလို့ ထင်လိုက်မိ၏။

"ပင်ပန်းပါစေ သားရယ်။ ဒေါ်မိုး လိုက်ပို့ပါရစေနော်။ နောင်ပြန်တွေ့ရဖို့ဆိုတာ လွယ်မှမလွယ်တော့တာ။ ဒေါ်မိုးကို ဒီအခွင့်အရေးလေးတော့ ပေးပါ"

"ဒေါ်မိုးလိုက်ရင် ခိုင်ခင်လည်း လိုက်ပါရမယ်နော် ကိုကြီး"

"ကောင်းပြီလေ၊ ဒီလောက်လိုက်ပို့ချင်နေမှတော့ မတားတော့ပါဘူး။ လိုက်ခဲ့ကြပါ"

ပြောပြီး ခရီးဆောင်အိတ်တွေကို ဆွဲတော့ ခိုင်ခင်က ထော့လက်ထဲကအိတ်တွေကို သူမပဲယူဆွဲလေသည်။ ထို့နောက် ငှားထားတဲ့ taxi ပေါ်တက်ကာ ထွက်ခဲ့ကြတော့ ခြံထဲကနေ သူတို့စီးလာတဲ့ ကားလေးအထွက်မှာ –

"ထော"

"_____"

"ထောဝရ"

"ဟင်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထဲ့နာမည်ကို အသံအကျယ်ကြီးနှင့်အော်ခေါ်ပြီး ဂုဏ်ရှေ့ကနေ ပိတ်ရပ်တားဆီးထားသူက ဇေသုပါ။ မဖြစ်နိုင်ပါဘူးဆိုမှ ဘာလို့ ဖွတ်တရွတ် ဖြစ်ခွင့်တွေ လိုချင်နေရတာလဲ။ ကိုကြီးက ထဲ့ကို လှည့်ကြည့်ပြီး ကားတံခါးဆီသို့ လက်ရောက်သွားကာ –

"တောက် . . . ဒီကောင် သေချင်ပြီထင်တယ်"

"ကိုကြီး"

ထာ ကိုကြီးလက်ကို ဆွဲထားလိုက်မိ၏။ ကိုကြီးနဲ့ဇေသုထိပ်တိုက်ရင်ဆိုင်ကြပြီဆိုတာနဲ့ ပြဿနာကသေးမှာမဟုတ်ဘူးလေ။ ပြီးခဲ့တာတွေ ပြီးပါစေတော့။ ထာ ဘယ်သူ့ကိုမှ မထိခိုက်စေချင်တာကြောင့် –

"ထာပဲ ရှင်းလိုက်ပါ့မယ်"

ချစ်မင်း ညီမဖြစ်သူကို ခပ်တွေတွေကြည့်နေမိပြီးမှ –

"ပြီးတာပဲ"

"သမီး ထာ"

"ရှင် ဒေါ်မိုး"

"သမီး ဆင်းသွားလို့ဖြစ်ပါ့မလား"

ထာ ခေါင်းပဲညိတ်ပြပြီး ကားပေါ်မှ ဆင်းလာခဲ့တော့ သူ့ကိုပါးရိုက်ရတာလည်း ကိုယ့်လက်ဝါးတွေ ကိုယ်သနားလှပါပြီ ကိုယ်က လက်ဝါးအဆင့်ပဲရှိတာ။ ကိုကြီးနဲ့ရင်ဆိုင်ရရင် ဓားအဆင့်





တက်လာမှာစိုးလို့ ထာ ဆင်းလာခဲ့ပေမယ့် သူ့မျက်နှာကို လုံးဝမကြည့်ချင်တော့တာဖြစ်၏။

မဖြစ်မနေ ကြည့်ရတော့မယ်ဆိုတော့ မျက်နှာက မာကြော၊ အကြည့်ကစိမ်းတောက်နေလျက်ပါ။ မဖြစ်နိုင်တဲ့အကြောင်းတရားတွေကို သူ လက်ခံနိုင်ရမှာပေါ့။

"ထာ"

"နင် ဒါ ဘာလုပ်တာလဲ"

"ရှင်းပါတယ်၊ မသွားစေချင်လို့ တားနေတာ"

"တားတာကို နာခံရအောင် နင်က ဘာကောင်လဲ။ ကိုယ့်လမ်းကိုယ်လျှောက်ပြီး အေးအေးဆေးဆေးနေစမ်းပါ။ မဟုတ်ရင် နင် ထမင်းဝါးစရာ သွားတစ်ချောင်းမှမရှိ ဖြစ်သွားလိမ့်မယ်။ နင် ကားရှေ့ကနေဖယ်"

"မဖယ်ဘူးဟာ"

"ဇေသုတာ"

ထာ ဒေါ်သတွေကြားကပဲ မျက်ရည်မဝေ့မိအောင် စိတ်ကိုတင်းထားရ၏။ သူ့ပုံစံက ဘာလဲ။ ခါးထောက်ပြီး ရပ်နေတာမဖယ်ဘူး၊ တားနဲ့တိုက်တောင် အသေခံမယ်ဆိုတဲ့သဘောလား။ ထာကလည်း မျှော်ညှံ့တတ်သူပီပီ၊

"နင် ဖယ်မလား မဖယ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“ငါနဲ့ ဝေးရာကို နင်ထွက်သွားမယ်ဆိုရင် ငါ့ကိုသတ်ပြီးမှ သွား။ ကားနဲ့ တိုက်သတ်သွားဟာ”

နှုတ်ခမ်းကို ထာ တင်းတင်းစေ့လိုက်မိပြီး ပြန်လည်ပွင့်ဟ လာတော့ –

“ကောင်းပြီ၊ နင့်ကို ငါကိုယ်တိုင် ကားနဲ့တိုက်သတ်ပေးမယ် ဖေသုတ၊ နင် ဘုရားတရားကို အာရုံပြုပြီး လိုရာကိုသာတောင်း”

ထာ ချာခနဲလှည့်ထွက်လာခဲ့ပြီး ကားဆရာဘက်ကတံခါးကို ဆွဲဖွင့်လိုက်ကာ –

“ကားဆရာ”

“ပြောလေ ကလေးမ”

“ကားဆရာ ခဏလောက်အောက်ဆင်းပေးပါ။ ကိုကြီးရော ဒေါ်မိုးနဲ့ခိုင်ခင်ပါ အောက်ဆင်းပေးကြပါ။ ပြီးရင် ဝေးဝေးမှာ ခဏသွား နေပေးကြ”

“သမီးထာ ဘာလုပ်မလို့လဲ”

“ဟုတ်တယ် . . . နင် ဘာလုပ်မလို့လဲထာ”

“ဆင်းမှာသာ ဆင်းကြစမ်းပါ”

ဆင်းပဲဆင်းခိုင်းနေတော့ ကားသမားက တံခါးကိုတွန်းဖွင့် နေချိန်တွင် –

“ထာ ငါ မေးနေတယ်လေ”





“ကိုကြီး မတွေ့ဘူးလား။ ရှေ့မှာ ဖေသုရပ်နေတာလေ။ ထာ့ကိုမသွားဖို့ တားနေတာ။ တားတဲ့ကြားက သွားမယ်ဆိုရင် သူ့ကို ကားနဲ့တိုက်သတ်ပြီးမှ သွားပါတဲ့။ အဲဒါကြောင့် ထာ သူ့ကို ကားနဲ့ တိုက်သတ်မလို့”

“အမ်”

“ဟင်”

“အို”

ကားဆရာ အောက်မဆင်းဖြစ်ဘဲ အလန့်လန့်အဖျပ်ဖျပ်နှင့် ကားတံခါးကို ပြန်ဆွဲပိတ်မိသွား၏။ ပြီးတော့ ချစ်မင်းကို မျက်လုံးပြူး ကြီးနှင့်ကြည့်နေသည်လေ။ ဒေါ်မိုးကလည်း ရင်ဘတ်ဖိလို့။ ချစ်မင်း ချက်ချင်းပဲ ကားပေါ်ကဆင်းပြီး ထာ့လက်ကို ဆွဲခေါ်ကာ –

“နင်ရူးနေလား ထာ။ သူတို့က တို့အပေါ် ရန်ငြိုးနဲ့ ကျူပင် ခုတ် ကျူငုပ်မကျန်အောင် လုပ်နေတာ။ နင် နားမလည်ဘူးလား။ တို့မိသားစု တစ်စုလုံးမှာ နင်နဲ့ငါပဲ အကောင်းတိုင်းကျန်ခဲ့တော့တာ”

“ကိုကြီး”

“နင် ဘာမှဆက်မပြောနဲ့။ နောက်ထပ် ဆုံးရှုံးမှုတွေ၊ နစ်နာမှု တွေ၊ နာကျင်မှုတွေ ငါမလိုချင်တော့ဘူး။ ခွေးရူးကိုက်တိုင်း ပြန်ကိုက် ရင် နင်ပဲနားရွက်ပြတ်သွားလိမ့်မယ်”

ချစ်မင်း ဖေသုကို လှည့်ကြည့်လိုက်တဲ့မျက်ဝန်းထဲမှာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တွေပါနေပေမယ့် ဆင်ခြင်တုံတရားနှင့် မိုက်ရူးရဲဆန်ချင်သည့်စိတ်ကို ထိန်းချုပ်ထားသည်သာ။ ညီမလေးရဲ့ရှေ့မှာ မားမားမတ်မတ်ရပ်နေပေးဖို့ သူရှိနေဦးမှဖြစ်မှာဆိုတော့ ချစ်လင်း စိတ်လိုက်မာန်ပါ ဖေသုအပေါ် ရန်မရှာတော့ပါဘူး။ ခရီးသွားရမယ့်ကိစ္စလည်း နှောင့်နှေးနေမှာစိုးတာကြောင့် –

"ကားပေါ်ပြန်တက်"

ပါးစပ်ကပြော လက်ကလည်း တော့လက်ကိုဆွဲပြီး ကားပေါ်သို့ တွန်းတင်ပြီးလေလျှင် သူလည်းတက်ထိုင်ကာ ကားတံခါးကို ခပ်ကြမ်းကြမ်း ပိတ်လိုက်မိပြီးနောက် –

"ကားဆရာ မောင်း"

"ဟို ရှေ့မှာ"

"ကွေ့ခေါင်းဗျာ။ မလွှတ်လို့မရှောင်ရင် တိုက်သတ်ပစ်လိုက်ဖြစ်လာသမှု ကျွန်တော် ရှင်းမယ်"

"အဲ အဲဒါ . . . ဟို အစ်ကို့မှာ မိသားစုကများတယ် ညီလေးရ"

"ခင်ဗျား မလုပ်ရဲဘူးလား"

"မလုပ်ရဲပါဘူး"

"ဒါဆို ခင်ဗျားဖယ်။ ကျွန်တော် မောင်းမယ်"

ကားဆရာနှင့် နေရာချင်းလဲပြီး ချစ်မင်း ကားကိုမောင်းထွက်





လိုက်တော့ ဖေသုနောက်ကို ခုန်ဆုတ်သွားတာ ကမန်းကတန်းမို့ လဲကျသွားတာကို မြင်လိုက်ရသည်။

"ထာ ထာ . . . နင်မသွားနဲ့"

ချက်ချင်းပြန်ကုန်းထပြီး ကားနောက်ကိုလိုက်ပေမယ့် မရတော့ဘူးလေ။

"ထာ"

အဲဒါပဲပေါ့။ သတ်သွားပါလို့ အသံကောင်းဟစ်ပေမယ့် ဘာကယ်တမ်းကျ သေခြင်းတရားကို ရင်ဆိုင်ရမှာ လူအများစုက ကြောက်ကြသည်လေ။ သူ ခုန်မဆုတ်ရင်လည်း ချစ်မင်းက သူ့ကို မတိုက်ပါဘူး။ ပွတ်ကပ်ဆွဲသွားရုံနဲ့ ပညာပေးရုံမျှသာ။

"ထာဝရ"

ထာ မျက်ရည်မကျအောင် အံကြိတ်တင်းထားပေမယ့် မတားဆီးနိုင်စွာ မျက်ရည်ဥတို့က လိမ့်ဆင်းလာသည်။ နင် နေခဲ့တော့ ဖေသုတ။ နင့်ဆီကို ငါပြန်မလာတော့ပါဘူးဟာ။ ကိုယ့်ဘဝနဲ့ကိုယ် ဆက်လျှောက်ကြရမယ့်လမ်းမှာ နင်လျှောက်မယ့်လမ်းက သာယာဖြောင့်ဖြူးပါစေလို့ ငါဆုတောင်းပေးပါတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လေဆိပ်ရောက်တော့ ထားရင်ထဲမှာ တစ်မျိုးကြီးပါ။ ခေါင်း
ထဲမှာလည်း နောက်ကျိနေပြီး မှုံသလိုလို ဘာလိုလို။ ကားမှူးတာ
ပြောရအောင်ကလည်း ထားက ကားမစီးဖူးတဲ့သူမှ မဟုတ်တာ။ အ
မကြေ ရင်ခံနေတာများလား။ ဒါမှမဟုတ် ထိန်းချုပ်ရတာတွေ များ
လွန်းလို့ ရင်ထဲမှာ ကျပ်ခဲ့နေတာလား။

ဒါလည်း မဖြစ်နိုင်ပါဘူး။

ဘာဖြစ်တာပါလိမ့်။ အစာမကြေတာလား။ ထား တစ်
ကို တွေးမိသွားတော့ ခေါင်းလေးငုံ့ကျသွားလေသည်။ သူမက ခေ
ပညာတတ်ဆိုတာတဲ့ ခုခေတ်လူငယ်တွေက ထူကြပိန်းကြတ





မဟုတ်ပဲလေ။ စဉ်းစားနေရင်း ရင်ထဲမှာ ပျို့တက်လာတာ အန်ချင်
တာမို့–

"နိုင်ခင်"

"ရှင် မမ"

"ငါနဲ့ ခဏလိုက်ခဲ့စမ်း"

"ဟုတ်ကဲ့"

ထားနဲ့နိုင်ခင် ထရပ်လိုက်ကြတော့ –

"ဘယ်သွားမလို့လဲ ထား။ လေယာဉ်က ထွက်တော့မှာနော်"

"ခဏလေးပါ ကိုကြီးရဲ့။ ထား မကြာစေရဘူး ပြန်လာမှာပါ"

"ဒေါ်မိုး လိုက်ရဦးမလား သမီး။ နိုင်ခင်နဲ့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ခဏလေးပဲဥစ္စာ"

"အေး . . . အေး"

ဟန်ဆောင်ပြုံးနဲ့ ပြောရပေမယ် အန်ချင်စိတ်က မနည်းမျို
သိပ်နေရသည်။ မြန်မြန်သွားမှပဲ ခြေလှမ်းအစမှာ –

"အု ဝေါ့"

အန်ချင်တာက ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ပေ။

"သမီး ထား"

"ညီမလေး"

"ဝေါ့ ဝေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးနဲ့ဒေါ်မိုး ချက်ချင်းအနားရောက်လာပြီး ဒေါ်မိုးက ထော့ရင်ဘတ်ကိုဖိပေးလေသည်။

"ညီမလေး ... ဘာဖြစ်တာလဲ"

'ထော သမီး ဘာဖြစ်တာလဲ။ ဘယ်လိုနေသေးလဲ"

"မူးတယ် ... မူးတယ်"

"ဟင်"

"အစာမကြေဘူး ထင်တယ်၊ ဒုက္ခပါပဲဗျာ"

ချစ်မင်း ဘာလုပ်ရမှန်းမသိဘဲ ညည်းတွားလိုက်မိသည်။ ကြည့်နေရင်းပဲ ထော့မျက်လုံးလေးတွေ မှိတ်ကျသွားလေတော့ တတွတ်တွတ်ခေါ်နေမိ၏။

သူတစ်ခုခုလုပ်ပေးဖို့ စဉ်းစားနေစဉ်မှာပဲ သူတို့စီးနင်းလိုက်ပါရမည့် လေယာဉ်က လေဆိပ်မှ မကြာခင်ထွက်ခွာတော့မည်ဖြစ်ကြောင်း ကြေညာလေလျှင် ....

"ဟာ ... ဒုက္ခပါပဲ။ လေယာဉ်က ထွက်တော့မယ်တဲ့ ကျွတ်"

"သားရယ် ... သတိလစ်နေတဲ့လူတစ်ယောက်ကို နိုင်ငံခြားအထိ သား ဘယ်လိုခေါ်သွားမှာလဲကွယ်။ သမီးလေးက ဘယ်အချိန်ကျမှ သတိရမယ်မှန်းမှ မသိတာ"

ချစ်မင်း တွေခနဲဖြစ်သွား၏။ ဟုတ်တာပေါ့။ ဘယ်အချိန်





သတိရမယ်မှန်းမသိတဲ့လူကို နိုင်ငံခြားအထိ ဘယ်လိုခေါ်သွားရမလဲ။ ခဏတော်တဆ လေယာဉ်ပေါ်မှာများ တစ်ခုခုဖြစ်ခဲ့ရင်လို့ တွေးပြီး–

"ဒေါ်မိုး"

"ပြောပါ သား။ သားတစ်ခုခုကို ဆုံးဖြတ်ပါ"

ကံဇာတ်ဆရာ ကြိုးဆွဲသမျှ သူ့အလိုကျ ကရဦးတော့မယ် ပေါ့။ ဘာတတ်နိုင်မှာလဲလေ။ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ အခြေအနေကို အကောင်းဆုံးဖြစ်အောင်တော့ လုပ်ရတော့မှာပေါ့။

"ဒေါ်မိုးက ကျွန်တော်တို့ကို ဝမ်းနဲ့ လွယ်မမွေးရပေမယ့် ဒေါ်မိုးလက်ပေါ်မှာပဲ ကြီးပြင်းခဲ့ကြရတာ၊ အဒေါ်ဆိုလည်းဟုတ်တယ်၊ အမေဆိုလည်း မမှားပါဘူး။ ဒါကြောင့် ကျွန်တော့်ညီမလေးကို ဒေါ်မိုး လက်ထဲမှာပဲ အပ်ခဲ့ပါရစေ။ ဒေါ်မိုး ထော့ကို သမီးအရင်းတစ်ယောက်လို စောင့်ရှောက်ပေးပါ။ အဲဒီအတွက် ကျွန်တော် ကျေးဇူးမမေ့ပါဘူး ဒေါ်မိုးရယ်"

"ခြော် ... ပြောနေရမယ့်သူတွေမှမဟုတ်ဘဲ သားရယ်။ သား စိတ်ချပါ။ ထော့ကို ဒေါ်မိုးသမီးအရင်းတစ်ယောက်လို စောင့်ရှောက်သွားပါ့မယ်လို့ ဒေါ်မိုး ကတိပေးပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်မိုး။ ကျွန်တော် စိတ်ချပါရစေ"

ဒေါ်မိုး ခေါင်းညိတ်လိုက်တော့ –

"ဒါဆို ကျွန်တော်သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေးသွားတော့ သား။ တော်ကြာ ... နောက်ကျနေဦးမယ်"

နှုတ်ဆက်ပြီး ထွက်လာခဲ့သည့်တိုင် ညီမဖြစ်သူကို စိတ်မရစွာနှင့် လှည့်ကြည့်လှည့်ကြည့်ပါ။ မထားခဲ့ချင်ပေမယ့် ကံကြမ္မာက အတူနေခွင့်မှ မပေးဘဲလေ။ ဒီတော့ ခွဲခွာကြရဦးမယ်ပေါ့။

❋



## အခန်း (၂၅)

ထာ့မှာ ငိုစရာမျက်ရည်တွေကုန်ခန်းသွားပြီလား။ အခု အဆိုးတစ်ခုကို ရင်ဆိုင်နေရပြန်ပြီလေ။ ဒါပေမဲ့ လာမယ့်ဘေး ပြေးတွေ့ရုံပဲပေါ့။ ထာ မငိုတော့ပါဘူး။ ငိုနေလို့လည်း အဖြစ်အပျက်က ပြင်ဆင်လို့မှမရဘဲလေ၊ လူ့ဘ၀မှာ အမှားတချို့ရှိရင် ဖျက်စရာခဲဖျက် မရှိတာ။

ဒါကို ကံကြမ္မာက ရက်စက်စွာနှင့် ထာ့ဘ၀ထဲကိုမှ အမည်းစက်တွေချပေးတာ တစ်စက်ပြီးတစ်စက်။ ဘာပဲဖြစ်ဖြစ် ရရှိလာတဲ့ ဘ၀ကို လက်ခံကျေနပ်ပေးရတော့မှာပဲပေါ့။

"ထာ သမီး"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မိုး ရောက်လာပြီး ထားဘေးမှာ ဝင်ထိုင်လေသည်။ အ ချိန်မှာ ထားအတွက် အားကိုးစရာဆိုလို့ ဒေါ်မိုးတစ်ယောက်ပဲ ရှိတော တာလေ။

"နေရထိုင်ရတာ သက်သာရဲ့လား သမီး"

"ဟုတ်ကဲ့ သက်သာပါတယ်"

"လိုအပ်တာရှိရင် ဒေါ်မိုးကို ပြောနော်။ ဘာမှ အားမနာနဲ့ ကြားလား။ ဒေါ်မိုးအိမ်ကို ထားအိမ်လို့ပဲ သဘောထားပါ။ သမီး လင်မယားကလည်း သဘောကောင်းကြပါတယ်။ သူ့ယောက်ျား သူပြီးရင် ပြီးတာလေ"

"ဟုတ်ကဲ့"

ဒေါ်မိုး သက်ပြင်းချလိုက်မိပြီး –

"အခု သမီး ဘယ်လိုစဉ်းစားထားလဲ။ ရန်ကုန်ပြန်ပြီး ဧ ကို ဖွင့်ပြောမလား။ ဟို . . . ဒေါ်မိုးက သမီးကို ဒီမှာမထားချင်လို့ ဒီမေးခွန်းမျိုး မေးတာမဟုတ်ဘူးနော် သမီး"

ဒေါ်မိုးက ထားဆုံးဖြတ်ချက်ကို သိချင်လို့မေးတာပါ။

ထာ ခေါင်းပဲခါပြလိုက်မိသည်။ ရန်ကုန်ပြန်ပြီး ဧသ ဖွင့်ပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ လူသေထောင်ကျဖြစ်ခဲ့ကြ ပုပ္ပနွေးနွေးကြီးပဲရှိသေးတယ်။ ထားနဲ့သူ လက်ထပ်လိုက်ရင် ပတ် ကျင်က ဘာပြောကြမလဲ။ သူ့အမေကရော လက်ခံမှာတဲ့လား။ ကို





နှက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီးပြောလာမယ့်စကားတွေကို သာ မကြားရဲပါဘူး။

ဒါကြောင့် ကိုယ့်ဘဝနဲ့ကိုယ်ပဲ ရှိပါစေတော့။ ထား ဒီရွာလေး မှာပဲ သူ့မဘဝကို ဇာတ်မြှုပ်နေတော့မည်။ ထားပေါ့ဆခဲ့တာပါ။ ဘာကာယ်ဆိုရင် ဒီအဖြစ်မျိုးဖြစ်မလာအောင် ကြိုတင်ကာကွယ်ရမှာပဲ မဟုတ်ဘူးလား။

"ဘယ်လိုမှ ပေါင်းစပ်ဖို့မဖြစ်နိုင်တဲ့ဘဝနှစ်ခုကို အတင်းအဓမ္မ ဆွဲစေ့ရင် နှစ်ဦးနှစ်ဖက် ဒုက္ခရာကိုယ်စီရမယ့်အဖြစ်နဲ့ပဲ ကြုံရမှာပါ။ ထား ဖြစ်လာသမျှကို ရင်ဆိုင်မယ်။ သူ့ဆီကိုတော့ ပြန်မသွားချင်ဘူး ဒေါ်မိုး။ အထူးသဖြင့် ထားရော မွေးလာမယ့်ကလေးရော သူ့အမေ ရှေ့မှောက်မှာ မျက်နှာငယ်ရတာမျိုး မဖြစ်ချင်ဘူး"

"မိခင်စိတ်အပြည့်နဲ့ ဒီကလေးကိုမွေးမယ်လို့ ဆုံးဖြတ်တဲ့ ထားကို ဒေါ်မိုးလေးစားပါတယ်။ ဒေါ်မိုးရှိနေတာပဲ ထားရယ်။ လောကဓံ ကို ရဲရဲရင်ဆိုင်လိုက်စမ်းပါ"

"ကလေးမှာ အပြစ်မှမရှိဘဲ ဒေါ်မိုးရယ်။ ထား မဖျက်ဆီးရက် ပါဘူး"

ဒေါ်မိုး ခေါင်းညိတ်လိုက်မိ၏။ ကံဆိုးမသွားလေရာ မိုးလိုက် လို့ရွာဆိုသလို စိတ်ထားဖြူစင်တဲ့ ဒီကလေးအပေါ်မှာမှ ကံကြမ္မာ အရိပ်ဆိုးကြီးက ဘာလို့ထိုးကျလာရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်လူငယ်တစ်ယောက်ဖြစ်ပြီး ဒီကိစ္စကို ဘာလို့ ကြိုတင်မကာကွယ်ခဲ့တာလဲ သမီးရယ်"

"ထာ ပေါ့ဆခဲ့တာပါ။ ကိုယ့် အပူနဲ့ကိုယ်ဆိုတော့ စိတ်ညစ်တာပဲ သိတာ။ ဘယ်မှမသွားချင် မလာချင် မလုပ်ချင်နဲ့ ပြီးတော့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်မထားမိတာ"

အင်း . . . ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ခေတ်လူငယ်ဆိုပေမယ့် ဒါမျိုးက စပ်စုတတ်တဲ့သူမှသိတာ။ မဟုတ်ရင် မသိဘူးလေ။

"ဒီကိစ္စ မောင်ချစ်မင်း သိမသွားတာ ကံကောင်းတယ်။ မဟုတ်ရင် ဖားမိုးရွာမလား မသိဘူးနော်"

"ဟုတ်တယ်၊ ကိုကြီးသာသိရင် သူ့ကိုသတ်မလား ထာ့ကို သတ်မလားပဲ"

"ကဲပါ . . . ဖြစ်ပြီးတာတွေ ထားလိုက်ပါတော့။ အခု သမီးမှာ ကိုယ်ဝန်ရှိနေပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် ကြားလား လိုအပ်တာရှိရင် ဒေါ်မိုးကို ပြောနော်"

"ဟုတ်ကဲ့"

ရင်သွေးလေးအတွက် ထာ အားတင်းထားရမည်သာ။ ကိုယ့်ကို အရှက်ခွဲတဲ့ကလေးလို့ အပြစ်မမြင်ရက်ပါဘူး။ ဖေသုကလည်း ကိုယ့်ကို လက်မထပ်ချင်လို့ တာဝန်မယူနိုင်လို့ ခေါင်းရှောင်နေတဲ့လူမ





ဟုတ်တာ။ လက်ထပ်ချင်လွန်းလို့ ဒီလိုဖြစ်ခဲ့တာလေ။ ကိုယ့်ဘက်က လက်မခံနိုင်တာအတွက် ကိုယ်ပဲ ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်လို့ သဘောထားပါမည်။

ဒေါ်မိုးတို့မိသားစုအားလုံးက ထာ့ကို ဂရုစိုက်ကြသားပဲ။ နိုင်ခင်ကလည်း အားရင်အားတဲ့အချိန်လေး ရောက်လာကာ –

"မမကို ဟင်းလာပို့တာ။ ဘူးသီးနဲ့ကြက်သား ရောချက်ထားတာ မမ။ ဟို မမတို့အိမ်မှာလို မဟုတ်တော့ အားတော့နာတယ်။ ဒါပေမဲ့ မမကိုစားစေချင်လို့ လာပို့တာပါ။ မမစားမယ်မဟုတ်လား ဟင်"

"စားမှာပေါ့ နိုင်ခင်ရဲ့။ နိုင်ခင်က စားစေချင်လို့ မမကို လာပို့တာပဲဟာ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ နိုင်ခင်တို့ ချက်တာက တောချက်ဆိုတော့လေ မမ ခံတွင်းမတွေ့မှာစိုးလို့ပါ"

"သြော် . . . နိုင်ခင်ရယ်။ မမလည်း ဒီရွာကိုရောက်နေတာ ကြာပြီပဲဟာ။ ဒီရွာစရိုက်နဲ့ အထိုက်အလျောက် အထာကျနေပါပြီ"

"ဟုတ်ပါပြီ၊ ဒါနဲ့ မမ မြည်းကြည့်လိုက်ပါဦး။ ဟင်းက ကောင်းလားမကောင်းလားလို့လေ"

"အင်း"

"နေဦး မမ . . . နိုင်ခင် ဖွန်းသွားယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခင် အိမ်ပေါ်ကိုတက်မယ်လုပ်တော့ ဒေါ်မိုးရဲ့သမီး စန်းစန်းမိုးက လှမ်းမေးလေသည်။

"ဘာလဲ နိုင်ခင်"

"ဖွန်းတစ်ချောင်းလောက်လိုချင်လို့ မစန်းမိုး။ ဒီမှာ မမကို ဟင်းမြည်းခိုင်းမလို့လေ"

"ဪ . . . အေး ငါယူလာခဲ့မယ်"

ထာ ပြုံးလိုက်မိ၏။ ဒီရွာလေးမှာနေရတာ သူမ ပျော်ပါသည်လေ။ ဂုံးဆိုးခြင်းတွေ ကုန်ဆုံးသွားပြီထင်ပါရဲ့။ ဒေါ်မိုးတို့မိသားစုက ထာ့ကို ဂရုစိုက်ကြသည်လေ။ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် စေတနာ ဖြူစင်တဲ့ ဒီလူတွေရဲ့ မေတ္တာရိပ်အောက်မှာ ထာ့ဘဝလေး အေးချမ်းခဲ့ပါပြီ။

"မမ"

"ဟင်"

"အိမ်မှာလေ ငှက်ပျောသီးတွေအုပ်ထားတယ် သိလား မှည့်ရင် နိုင်ခင်လာပို့မယ်နော်"

"မပို့ပါနဲ့ နိုင်ခင်ရယ်။ မမအတွက် လာပို့နေရတာနဲ့ နိုင်ခင် အိမ်က ဆူနေပါဦးမယ်"

"မဆူပါဘူး မမရဲ့။ အမေကိုယ်တိုင်ကကို ပေးချင်နေတာ မရဘူး လာပို့မှာပဲ"





"နိုင်ခင် ဖွန်းရပြီ"

"ဟုတ်"

ပျာပျာသလဲနှင့် နိုင်ခင်ဖွန်းယူပေးပြီး ထာ ဟင်းကိုခပ်မြည်းလိုက်တော့ -

"စားကောင်းလား မမ"

"အင်း . . . အရမ်းကောင်းတယ်။ လျှာမှာစွဲသွားအောင်ကို ကောင်းတာ"

ပြောပြီး ထာ နောက်ထပ်ဟင်းတစ်ဖတ်ကို ခပ်စားလိုက်တော့ နိုင်ခင်မျက်နှာလေးက ပြုံးနေသည်။ သူကျေနပ်နေမှာပေါ့။ ဪ ကျေးလက်ဒေသကလူတွေ စိတ်ထားဖြူစင်ပြီး စေတနာကောင်းကြတယ်ဆိုတာကို ထာ အကြွင်းမဲ့ယုံကြည်လိုက်ပါပြီလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားတယ်။ အလွမ်းတွေက ကုန်ဆုံးဖို့နေနေသာသာ နည်းနည်းလေးပင် လျော့မသွား။ ပို၍ပင် တိုးတိုးလာလေသည်။ ရက်စက်လိုက်တာ ထာရယ်လို့လည်း မပြောရက်အောင် ထာက အပြစ်ကင်းစင်ခဲ့သူ။ ကိုယ်ကပဲ မဖြစ်နိုင်မှန်းသိသိနဲ့ အချစ်စိတ်ကြောင့် ဖြစ်နိုင်ဖို့ကြိုးစားခဲ့တာ။

မျှော်လင့်ခွင့်ရှိနေသေးသရွေ့ ငါ မျှော်လင့်နေဦးမှာပါ ထာ ရယ်။ ခုဆိုရင် နှင့်ပုံတူပန်းချီကားလေးကို ကြည့်ရင်း ငါ့မှာ အလွမ်း ဖြေနေရတာပါ။ ဟိုဘက်အိမ် ဒီဘက်အိမ် အဆင်မပြေကြချိန်ရော သူ ဒီပန်းချီကားလေးကိုဆွဲခဲ့တာဆိုတော့ ထာ မြင်မသွားရှာဘူး...





ပြောမယ် ပြောမယ်နဲ့ ပြောခွင့်မကြုံခဲ့ရတာနဲ့ အခုတော့ ပန်းချီကား လေးက ဘယ်သူမှ မြင်ခွင့်မရဘဲ ဒီအခန်းလေးထဲမှာပဲ တိတ်ဆိတ်စွာ။

"သား"

"ဟင်"

မေမေ့အသံကြားတာနှင့် ဇော်သု ပန်းချီကားကို ပိတ်စနှင့် အုပ်ပစ်လိုက်၏။ ဒီပန်းချီကားကိုမြင်ရင် မေမေ ဒေါသထွက်ဦးမှာလေ။

"သားသူငယ်ချင်းတွေ ရောက်နေတယ် သား"

"ဟုတ်ကဲ့"

ဒေါ်စုစုမာ အကဲခတ်သလို ပန်းချီကားဆီသို့ မျက်လုံး ဝေ့ခနဲ ရောက်သွားပြီး –

"သား ပန်းချီဆွဲနေတာလား"

"စိတ်ကူးနေတာပါ၊ မဆွဲဖြစ်သေးပါဘူး"

"အင်း . . . ဘယ်အလုပ်ကိုပဲလုပ်လုပ် ဝါသနာပါရင် အောင် မြင်ပါတယ်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသလို လုပ်မယ့်လုပ် ထွန်းပေါက်အောင်လုပ်ပေါ့ သားရယ်"

"ဟုတ်ကဲ့ပါ မေမေ"

"ကဲ . . . လာ သားသူငယ်ချင်းတွေစောင့်နေရတာ အားနာ စရာကြီး"

သူငယ်ချင်းတွေလာတယ်ဆိုတော့ လာတဲ့သူငယ်ချင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဇေသု ထိုင်ပြီးရှိုးချင်စိတ်တောင် ပေါက်၏။ ဘာဖြစ်လို့လဲဆို သူ့မှာ ရင်ဖွင့်စရာစကားတွေက အများကြီးပဲလေ။ ရင်ထဲမှာ မွန်းကျပ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

"မင်းတို့ရောက်လာတာနဲ့ အတော်ပဲ။ တော်တော်နေနိုင်တဲ့ ကောင်တွေ။ ခုမှပဲ ပေါ်လာတော့တယ်"

"မင်း အပြင်မထွက်တာကိုလည်း ပြောဦးလေကွာ"

"ဟာ ... မင်းကြည့်ရတာလဲ ဇေသုတာမဟုတ်တဲ့အတိုင်းပဲ။ ခုမှ မျောက်အိုမ ပါးရိုက်ထားတဲ့ရုပ်နဲ့။ ဆံပင်တွေကိုလည်း ကြည့်ဦး။ အမှိုက်ပုံကြက်ယက်ထားတဲ့အတိုင်းပဲ"

"မင်းတို့ကောင်တွေ တွေ့တာနဲ့ ငါ့ကို ဖွဲ့ဖို့ စဉ်းစားလာသလား မသိဘူး"

"မင်းပုံကိုလည်း မှန်ထဲပြန်ကြည့်ဦးလေကွာ။ တစ်နေ့ ထိုင်ကြည့်လို့ ရင်ခုန်စရာတစ်စက်မှကို မရှိတော့တာ"

"ဟာ ... ဘုန်းမြတ်"

"ဘာလဲ"

"အရင်ကတော့ မင်း ဇေသုကို ရင်ခုန်ခဲ့တယ်ပေါ့ ဟုတ်လား။ ထင်မထားဘူးကွာ။ ဒီလောက်ရုပ်ကြမ်းကြီးက"

"ခွေးကောင် ချမ်းလင်း။ ငါက စကားအဖြစ်ပြောတာကွ"

"မသိဘူးလေ။ ငါက မင်းကို မကြွပ်မရွှာဘဲ အတွင်းစိတ်က





ခြောက်ခဲ့ဖူးသလားလို့"

သူငယ်ချင်းတွေပြောလည်း ပြောစရာပါ။ ဇေသု မှန်ရှေ့မှာ မရပ်ဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်ချင်တိုင်းဖြစ်ခွင့်မပေးတဲ့ ကံကြမ္မာကို အရွဲ့တိုက်ချင်သလို အတ္တစွဲနဲ့ နားလည်မပေးနိုင်တဲ့ မေမေ့ကိုလည်း အရွဲ့တိုက်ချင်သည်။ ပြီးတော့ သူနဲ့ထော့ကို ဝေးအောင်လုပ်တဲ့ လူတွေကိုလည်းမုန်းတယ်။

ဖေဖေ။

အဖေက အဖေပဲမို့ မပြစ်မှားပေမယ့် လွမ်းတာရှိရင် နာတာနဲ့ ဖြေနိုင်အောင်ကိုပဲ ကိုယ်တွေကို ဥပေက္ခာပြုသွားခဲ့တာ။ သတိရမိလိုက်တိုင်း လွမ်းဖို့ထက် ရင်ထဲမှာဆစ်ခနဲ နာကျင်သွားတာလေ။ သေတာတောင် လွမ်းလောက်စရာမရှိခဲ့တာ ဘယ်သူ့မှားလို့လဲ။

"ဇေသု"

"ဟင်"

"ဆိုစမ်းပါဦး ... ဒီလောက်တောင်ဖြစ်နေတာ အခုထိ ရောဂါ မငြိမ်သေးဘူးလား"

"ငြိမ်နိုင်ပါ့မလားကွာ။ နေမြင့်လေ အရှုးရင့်လေ ဖြစ်နေတာ။ မင်းတို့မှမသိဘဲကွ"

"နေမြင့်မှာစိုးလို့ဆိုပြီးတော့ အိမ်တွင်းအောင်း အနေဝင်ချတော့ မနေပါနဲ့ဇေသုရာ။ မင်း ဒီထက်လည်း ပိုပြီးအရူးမလုပ်နဲ့တော့။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်အတွက် ဘာလုပ်ရမလဲဆိုတာလည်း စဉ်းစားဦး'

"ဒါဆို ... ငါ ဘာလုပ်ရမလဲ"

"မင်း တစ်သက်လုံးပဲ မိတ်လုပ်စာ ထိုင်စားနေတော့မှာလား။ အပြင်လေး ဘာလေးထွက်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ဖို့ စဉ်းစားဦးလေကွာ"

ဖေသု တွေခနဲဖြစ်သွားလေ၏။ သူငယ်ချင်းတွေပြောတာ မှန်ပါတယ်လေ။ ကိုယ့်တစ်ယောက်တည်းအတွက်က မျှော်လင့်ချက်တွေ ကမ်းပြီးလို့ ဘဝနေဝင်ချိန်ရောက်လည်း ဘယ်လိုပဲဖြတ်သန်းရ ဖြတ်သန်းရဖြစ်တာပေါ့။ မေမေက ရှိနေသေးသည်။ အိုနာသေရေး အတွက်ဆိုတာ ကိုယ်ရှာဖွေစုဆောင်းပေးရမှာပဲ မဟုတ်ဘူးလား။

"ငါက ငါဝါသနာပါတဲ့ အလုပ်ကိုပဲလုပ်ချင်တာကွ။ မေမေကလည်း စောစောကပဲ ပြောလိုက်တယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် လုပ်တဲ့"

"ဒါဆို မင်း လေ့လာလေ။ ပန်းချီဆွဲတဲ့အလုပ်လုပ်မယ်ဆို လည်း အောင်မြင်အောင်လုပ်ပေါ့"

"မင်း အိမ်တွင်းအောင်းနေတာ ပန်းချီဆွဲနေတာ မဟုတ်ဘူး လား"

"ဆွဲတော့ဆွဲဖြစ်ပါတယ်"

"ဘာလဲ တီကောင်ပုံလား"





ချမ်းလင်းက စလေတော့ ဘုန်းမြတ်ကပါ –

"တီကောင်ပုံတော့ မဖြစ်လောက်ဘူးကွ။ ဒီကောင်ဆွဲတဲ့ ဂန်းချီကားပေါ်က ပုံရိပ်တွေက မိမစစ် ဖမစစ်က မွေးပြီး အဝီစိကျမယ့် သူတွေဆို ဘာမှမမြင်ရဘူး။ မိကောင်းဖခင်က မွေးပြီး နတ်ပြည်တက် မယ့်သူတွေမှ မြင်နိုင်တဲ့ပန်းချီကားမျိုးပဲ ဖြစ်မှာသေချာတယ်။ ဟုတ် တယ်မို့လား ဖေသု"

"ခွေးကောင်"

သူငယ်ချင်းတွေ စနောက်ပြီး ရယ်ကြတော့လည်း ဖေသု ရယ်မိ၏။ ဒါပေမဲ့ ထိုရယ်မောခြင်းတွေဟာ တကယ်ပျော်လို့ အသက် င်နေတဲ့ရယ်မောခြင်းမျိုး မဟုတ်ဘူးဆိုတာ နှင့်ကို သိစေချင်လိုက် ာ ထာရယ်။ နှင်စိတ်ချပါထား။ နှင်ကလွဲပြီး ငါ ဘယ်မိန်းကလေးကို ငါမချစ်ဘူး။

နှင်ပြန်လာတဲ့နေ့အထိ ငါ စောင့်နေမယ်။

တကယ်လို့ နှင် တစ်သက်လုံးပြန်မလာတော့ဘူးဆိုရင်တော့ သုဆိုတဲ့ ငါလည်း ဒီလိုဘဝမျိုးနဲ့ပဲ အဆုံးသတ်သွားမှာပါ။ နှင့်ကိုငါ ဒီလောက်အထိ ချစ်တာပါ ထာရယ်။

"တို့က မင်းစိတ်ပြေလက်ပျောက်ဖြစ်သွားအောင် စတာပါ သုရာ။ တကယ်တော့ တို့လည်း မင်းအတွက် စိတ်မကောင်းပါဘူး ။ မင်း ထာ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ တို့မသိတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ''

''အေး ... လူကြီးတွေသာ ဝင်မရှုပ်ရင် မင်းတို့နှစ်ယောက်

အဆင်ပြေမှာကွ။ ခုတော့ မင်းအဖေရော ထွေးအမေရောက ကလေး

တွေမျက်နှာကိုမငဲ့ပဲ သူ့ငယ်ပြန်သွားကြတာ''

''တော်စမ်းပါကွာ ... အဲဒီအကြောင်းတွေ ငါ မကြားချင်

ပဲ''

ဇေသု စိတ်နာမယ်ဆိုလည်း နာစရာပေါ့။ တကယ်ဆို ဇေ

အဖေရော ထွေးအမေရော ဇေသုနဲ့ထွေးသံယောဇဉ်ကို မသိကြတာ

မဟုတ်တာ။ သိသိနဲ့တိုးမိုက်ကြတာ။ ခုတော့ သူတို့မိုက်ဖာတ် သ

သိမ်းသွားကြပြီလေ။ ဦးဇေယျက ချစ်လင်းသတ်လို့ ဒေါ်စုစုမာ

ဘယ်ဆီမှာ ဘယ်ဘဝရောက်နေမှန်းမသိ။

အချို့ကတော့ ပြောကြတာပဲ။

ဒေါ်စုစုမာတစ်ယောက် ဖဲဝိုင်းမှာ အဖမ်းခံရပြီး ထောင်

သွားတယ်တဲ့။ ဒါ သူတို့ပြုတဲ့ကံ သူတို့ခံရတာပဲပေါ့။ အချို့က စိ

မကောင်းဖြစ်ရမယ့်အစား 'ကောင်းတယ်' လို့ပြောပြီးဝမ်းတောင်

ကြသေးသည်လေ။

''ငါ့အချစ်နဲ့ငါ သစ္စာတရားကြောင့် တစ်နေ့ ထွေးနဲ့ ငါပြန်

ရမယ်လို့ ငါယုံကြည်တယ်''

''ရှုံးတော့လည်း ရှုံးပေါ့ ဇေသုရာ။ တော်ကြာ ...





ပြန်လာချိန်မှာ ယောကျ်ားလက်မောင်းတွဲပြီး ကလေးတွေလက်ဆွဲ

လာရင် မင်းပဲ ငွမ်းမှာ''

''ဘာကွ''

ဇေသု ထိုစကားကိုပဲ မကြားနိုင်စွာ ဒေါသထွက်သွားပြီး

ချမ်းလင်းအင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်တော့ –

''ဟာ ... ဟော့ကောင် မလုပ်နဲ့။ အချင်းချင်းကွေလေကွာ''

''ဇေသု ... မင်း''

ဘုန်းမြတ်က ထဆွဲပြီး ချမ်းလင်းမှာလည်း အံ့ဩသွားရသည်

လေ။ ကိုယ်ကစနေကျမို့ စတာ ဒီလောက်အထိ စိတ်ဆိုးသွားလိမ့်မယ်

လို့ မထင်လို့ပါ။ ထွေးနဲ့ပတ်သက်လာရင် ဇေသုက အဲဒီလောက်တောင်

သွေးဆူတတ်သတဲ့လား။ တကယ်ဆိုရင် ချမ်းလင်းပြောတာကို သူ

လက်ခံနိုင်ရမှာ မဟုတ်ဘူးလား။ လက်ခံနိုင်အောင်ကို ကြိုးစားရမှာ။

ချမ်းလင်း ပြောတဲ့အခြေအနေမျိုး ဖြစ်မလာနိုင်ဘူးလို့ ပြော

သို့ရမလား။ ထွေးက သံယောဇဉ်တွေ အပူအငုံပင် မချန်ရစ်ခဲ့ဘဲ

ဇေသုကို ပက်ပက်စက်စက် ပြောခဲ့ပြီး ထွက်သွားတဲ့သူ။ သံယောဇဉ်

တွေ ရင်ထဲမှာ သိမ်းထားသည်ပဲထားတော့ မဖြစ်နိုင်ဘူးလို့ ယတိပြတ်

ဆုံးဖြတ် သွားပြီဆိုကတည်းက ချမ်းလင်းပြောသလိုဖြစ်လာနိုင်ဖွယ်က

ရှိနေတာ ပဲလေ။

''ငါက စတာပါ ဇေသုရာ''



www.burmeseclassic.com

www.burmeseclassic.com



“စတာပဲဖြစ်ဖြစ် အတည်ပဲဖြစ်ဖြစ် အဲဒီစကားမျိုး နောက်ထပ် ဘယ်တော့မှမပြောနဲ့။ အေး ... မင်းပြောသလိုဖြစ်လာရင်လည်း ထားရော သူ့ယောကျ်ားရော သူ့ကလေးတွေရော ငါ အကုန်သတ်ပစ်မယ်”

“ဟာ”

ထာကိုချစ်တဲ့ ဖေသုအချစ်က အစွန်းရောက်နေပါပြီကော လား။ ကုရန်နတ္ထိ ဆေးမရှိဆိုတာ အပြောလို့ထင်တာ ခုတော့ တကယ် ဟုတ်နေပါပြီ။ ဒီတော့ သူငယ်ချင်းတွေဖြစ်တဲ့သူတို့က အကောင်းဆုံး ဖြစ်ဖို့ ဆုတောင်းပေးကြရုံသာ ရှိတော့သည်လေ။

❋



## အခန်း (၂၇)

(၆) နှစ်ခန့်ကြာပြီးနောက် ...

“ဘုန်း”

“ဂိုးပြီကွ ဂိုးပြီ”

“မဂိုးဘူး ... မဂိုးဘူး”

“အံမယ် ... ဘာလို့မဂိုးရမှာလဲ ဂိုးတယ်”

“မရဘူး ... ပြန်ကန်ကွာ”

“ဟော့ကောင် ... မင်း မညစ်နဲ့ ဂိုးတယ်”

“မဂိုးဘူး”

“ကောင်းပြီ ... ဒါဆို ပြန်ကန်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာရ သူတို့ကလေးချင်း ဘောကန်နေရာတွင် တစ်ဖက်က ကလေးက ငြင်းနေသဖြင့် ပြန်ကန်ရန် ဘောလုံးကို တည်လိုက်သည်။ ကန်နေတဲ့ပုံက ဟိုဘက်နှစ်ယောက် ဒီဘက်နှစ်ယောက်ရယ် ဂိုးဖမ်းတာ တစ်ယောက်၊ ကန်တာတစ်ယောက်စီပေါ့။ ဂိုးပေါက်ဆိုကတော့ ...

ဟိုဘက်မှာလည်း တုတ်နှစ်ချောင်းစိုက်ထားတာ ဂိုးတိုင်နှစ်ပုံစံ။ ဒီဘက်မှာလည်း ဒီအတိုင်းပဲပေါ့။ တည်ထားတဲ့ဘောလုံး ဇေယျာရ ပြေးကန်လိုက်တော့ –

"ဘုန်း"

"ဝုန်း"

"အမယ်လေး"

ထာဝရ အဝတ်လျှော်နေရင်း ရေစည်ပိုင်းဘေးက ခြံစည်းကို ဘောလုံးလာမှန်တာကြောင့် လန့်အော်မိတာ ဖြစ်၏။ နှစ်ကြာလာသည်နှင့်အမျှ ဒီရွာ ဒီရေလေ့ကို ရင်းနှီးလာသလို ဒီကအလုပ်တွေကိုလည်း လုပ်တတ်ကိုင်တတ် ဖြစ်လာအောင် သင်ယူတတ်မြောက်ခဲ့ပြီးပါပြီ။

အခုဆိုရင် ထာ ပါလာတဲ့လက်ဝတ်လက်စားလေးတွေ ရောင်းပြီး ဝယ်ထားတာ ကိုယ့်ခြံကိုယ့်ဝန်း ကိုယ့်အိမ်နဲ့ပါ။ ခေါ်မိုး ထာနဲ့အတူနေစေပြီး ထာက ကုန်စုံဆိုင်လေး ဖွင့်ထားသည်။ ခေါ်မိုး





အသက်ကြီးပြီဆိုတော့ ထာမအားတဲ့အချိန် ကုန်စုံဆိုင်လေးမှာ မတောက်တစ်ခေါက် ဈေးဝင်ရောင်းရရုံသာ။ အခု ဆိုင်မှာ လူပါးလို့ ထာ အဝတ်လျှော်နေခြင်းဖြစ်၏။

"ဟဲ့ ဟဲ့ ... အမယ်လေး ခြံစည်းရိုးကိုမှန်ပြီး ကျိုးကုန်တော့မှာပဲ။ သား သား ... ဇေယျာရ"

"ဗျာ"

"လာခဲ့စမ်း"

"သား ဘောကန်နေတယ် မေမေ"

"အေး ... နင်တို့ ဘောကန်တာက အကြောင်းမဟုတ်ဘူး။ ခြံစည်းရိုးတွေ ပျက်ကုန်ရင် ပြန်ကာပေးမယ့်သူ ရှိတာမဟုတ်ဘူးလေ"

"ပိုက်ဆံပေးပြီး ငှားလုပ်ပေါ့ မေမေရဲ့"

သား၏စကားကြောင့် ထာ လက်က ရေတွေကို ထဘီနှင့် ပွတ်တိုက်သုတ်ပြီး လျှောက်လာကာ –

"သား"

"ဗျာ"

"ငှားလုပ်တော့ ပိုက်ဆံအပိုကုန်တာပေါ့ သားရဲ့။ ပိုက်ဆံမကုန်ရအောင် မေမေတို့က ကာပြီးသားခြံစည်းရိုး မပျက်အောင် နေရမယ်လေ သားရဲ့"

ဇေယျာရလေး မိခင်ကိုမော့ကြည့်ပြီး ခေါင်းကုတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်က ဘောလုံးကိုပြေးကောက်လေလျှင် –

"ဟဲ့ မျိုးဇော်"

"ဗျာ"

"သွား သွား ဒီမှာလာမကစားကြနဲ့။ ဟိုဘက်က လွတ်နေတဲ့ ခြံမှာ သွားကစား"

"အဲဒီခြံထဲမှာ ချုံတွေနဲ့ အန်တီထားရဲ့"

"ဟုတ်သားပဲ မေမေရဲ့"

"သား"

"ဗျာ"

"ဘောလုံးမကန်ပါနဲ့ သားရယ်၊ အခြားနည်းပဲ ကစားပါနော်။ တော်ကြာ မတော်တဆ သားလေးခြေထောက်တွေ လက်တွေမှာ ထိခိုက်မိရင် မေမေပဲ ရင်ကျိုးရမှာ"

"ဟာ . . . မေမေကလည်း သားမှ အခြားကစားနည်းတွေကို မစားချင်တာ"

"ဇေသူရ"

လေသံမာမာနှင့် ခေါ်လိုက်တော့ ဇေသူရ ခေါင်းလေးငုံ့သွားလေသည်။ ထာ သူ့ကိုမဆူချင်ပေမယ့် နေရာတကာ အလိုလိုက်၍လည်း မဖြစ်ဘူးလေ။ သားလေးကို သူမတစ်ယောက်ပဲ ဆုံးမနိုင်တာ။ အဖမဲ့သားမို့ နောက်မှ အလိုလိုက်လွန်းပြီး ဆိုးသွမ်းတာမျိုး အဖြ





မခံနိုင်ပါဘူး။

ဒါကြောင့်မို့ –

"မေမေ့စကားကို နားမထောင်ရင် မေမေက ရိုက်မှာနော်"

"ရိုက်တော့မရိုက်ပါနဲ့ မေမေရယ်။ မေမေ မကြိုက်ရင် သားဘောမကန်တော့ပါဘူး"

"ဟဲ့ . . . သမီးထာ"

ထာ နောက်သို့ လှည့်ကြည့်လိုက်၏။ သူ့မြေးကို ရိုက်မှာစိုးလို့ ဒေါ်မိုး ကာဆီးကာဆီးလုပ်တော့မယ် ထင်ပါရဲ့။ ထာက သားလေးကို တစ်ခါတလေ ရိုက်ရင်တောင် ဒေါ်မိုးက မကြိုက်ပေ။ ကလေးကို အဲဒီလောက် မချုပ်ချယ်ပါနဲ့တဲ့။

"သားအမိတွေ ဘာဖြစ်နေကြတာလဲ"

"ဒီမှာလေ ဒေါ်မိုးမြေး ဘောကန်နေလို့ ပြောနေရတာ။ ဘောလုံးမှန်ပြီး တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ"

ဒေါ်မိုး သက်ပြင်းချလိုက်ပြီး –

"ယောက်ျားလေးပဲ သမီးရယ်။ ဘောကန်တာ ဝါသနာပါမှာပေါ့။ သူ့မျိုးကလေးတွေလည်း ကန်နေကြတာပဲ ဥစ္စာ။ သမီးကိုက စိုးရိမ်လွန်နေတာပါ"

"စိုးရိမ်ရတယ်လေ ဒေါ်မိုးရဲ့။ ထာတို့မှာ သွေးသားအရင်းအချာဆိုလို့ ဒီအမေနဲ့ ဒီသား နှစ်ယောက်ပဲရှိတာ။ သားလေး တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရင် ထာ ရင်ကျိုးရမှာ”

“ကဲပါ ... ဟုတ်ပါပြီ မြေး”

“ဗျာ ... ဘွား”

“မြေးကလည်း မေမေ မကြိုက်တာကို မစားရဘူးနော်”

“ဟုတ်ကဲ့”

ဒေါ်မိုး ဖေသူရလေးရဲ့ပါးကို ခပ်ဖွဖွဖျစ်လိုက်ပြီး –

“လိမ္မာတယ်၊ ဘွား ငှက်ပျောသီး ဝယ်ထားတယ်။ သွားစားရအောင် လာ”

ဒေါ်မိုးက သားကို လက်ဆွဲပြီးခေါ်သွားလေတော့ ထာလိုက်ကြည့်ရင်းပဲ သက်ပြင်းလေးချလိုက်မိသည်။ သားလေးခမျာ သနားစရာ ကောင်းလိုက်တာ။ လူချမ်းသာအသိုင်းအဝိုင်းက ပေါက်ဖွားလာတာ ဖြစ်ပါလျက်နှင့် ဆင်းရဲနွမ်းပါးနေရသည့်ဘဝ။ ကိုကြီးကို ဖျတ်ခနဲ သတိရမိသလို မြန်မာပြည်ကို ပြန်လာဖြစ်သေးသားလို့ တွေးမိသွား၏။

ကိုလေးရော ထောင်က လွတ်ပြီလား။

အချို့ လွတ်ငြိမ်းချမ်းသာခွင့်ရကြသည်လေ။ အို အတိတ်က အရိပ်ဆိုးတွေကို ထာ ပြန်ပြီးသတိမရချင်တော့ပါဘူး။ လက်ရှိဘဝမှာ ပျော်ရအောင်နေတတ်ဖို့သာ ကြိုးစားရပါမည်။

“ထာ”

“ဟင်”





“ဆိုင်မှာ ဒေါ်မိုးမရှိပါလား။ ဈေးဝယ်ချင်လို့ ခဏလာပါဦးကွယ်”

“ဟုတ်ကဲ့ အစ်မ”

ထာ ဈေးဆိုင်ဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။ ကျွမ်းကျင်ရာ လိမ္မာတဲ့၊ အစက ထာဈေးမရောင်းတတ်ပါဘူး၊ ဒေါ်မိုးက ဦးဆောင်သင်ပြမှုနှင့် နောက်တော့ ကျွမ်းကျင်သွားပါပြီလေ။ နောက်ထပ်ကျွမ်းကျင်တာရှိပါသေးတယ်။ အဲဒါ ဘာလဲဆိုရင် ဈေးရောင်းသူနဲ့ ဈေးဝယ်သူ။

အကြွေးတွေတောင်းမရတဲ့အခါ သူများဘက်က လှန်လာရင် ရန်တွေ့တောင်းတတ်ခြင်းပါပဲ။ သူနေရာ သူ့စရိုက်နဲ့သူ တင်ငါနားနီး တင်ငါ၊ မုဆိုးနားနီးမုဆိုး ဖြစ်လာခဲ့တာပဲလေ။

“ဆီတစ်ဆယ်သား၊ ကြက်သွန်နီတစ်ဆယ်သား။ ပြီးတော့ ဘာယူဦးမလဲ အစ်မ”

“ဆန်တစ်ပြည်ပေး ထာ။ ပြီးတော့ လျက်ဆားတစ်ဘူးနဲ့ ဆေးလိပ်တစ်ရာဖိုး”

“အစ်မ ... ကျွန်မကို အရင်ကယူထားတဲ့ကြွေးလေး ဆပ်ဦးနော်။ ထားရတာကြာနေပြီ”

“ဆပ်ပါ့မယ် ထာရယ်။ အလုပ်က အဆင်မပြေသေးလို့ပါ။ အခုက ရရစားစား ဝါးဝါးမျိုမျို ဖြစ်နေတာ။ အဲဒါကြောင့် အရင်ကြွေး



www.burmeseclassic.com

www.burmeseclassic.com



မဆပ်နိုင်သေးတာနဲ့ ရသမျှလေးနဲ့ လက်ငင်းဝယ်စားနေတာပေါ့”

“လက်ငင်းဝယ်စားတော့ သူများဆိုင်မှာမဟုတ်လား”

“မဟုတ်ရပါဘူး ထာရယ်၊ အစ်မ ထာ့ဆိုင်ကလွဲပြီး ဘယ်ဆိုင်မှာမှ ေ မစားပါဘူး။ အကြွေးလည်း ဒီဆိုင်၊ လက်ငင်းလည်း ဒီဆိုင်ပဲ”

ထာ ဆက်မပြောတော့ဘဲ ဆန်အိတ်ကို ဖွင့်၍ တစ်ပြည်ထည့်ပေးလိုက်သည်။ အဘတို့က ရန်ကုန်မရောက်ဖူးတော့ ငါ့တူကြီးပြောတာ ယုံရမှာပေါ့ဆိုတာမျိုးလေ။ သူ သူများဆိုင်မှာ ဝယ်စားနေတာ သိတော့သိပေမယ့် ကိုယ် လက်တွေ့မြင်တာ မဟုတ်တော့ အပြောရခက်တာပေါ့။

ဒီလိုပါပဲ မလှူတတ် ဈေးရောင်းဆိုသလို အချို့က ပေးချင်စိတ်ကိုမရှိကြတာ၊ အကြွေးယူပြီးတော့လေ။ အချို့ကျတော့လည်း ကတိတည်ကြပါတယ်။ ကတိမတည်တဲ့သူတွေကျတော့ ထာ ကြမ်းရသည်သာပေါ့။ ဒါကြောင့်ပဲ ရန်ဖြစ်တတ်တယ်ဆိုရင် မှားမလား ဈေးဆိုင်ဆိုတော့ တစ်ယောက်ထွက်တော့ တစ်ယောက်ဝင်။

“မမထာ သမီးကို ချောပ်သီးခြောက် ငါးကျပ်သားပေးပါ”

“အေး . . . အေး”

“ခြင်ဆေးခွေရော ရှိလား”

“ခြင်ဆေးခွေ ကုန်နေတယ် ညီမရဲ့၊ မနက်ဖြန်မှ ရောက်မှာ





ဆိုတော့ ဒီတစ်နေ့တော့ သည်းခံလိုက်ပါ ညီမရယ် . . . နော်”

ဈေးရောင်းစားရတာ ထုံးစံအတိုင်းပေါ့။ အဆင်ပြေမယ့်သူကျတော့ နှုတ်ခမ်းကို သကာလူးပြီး ပြောနေရတာပဲလေ။ ကြွေးမဆပ်ချင်တဲ့သူကျတော့လည်း ခပ်ကြမ်းကြမ်းလေးပေါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဒေါ်စုစုမာ ပန်းချီကားတစ်ချပ်ကို စူးစူးစိုက်စိုက် ငေးငေးမောမော ကြည့်ရင်း မျက်ရည်တွေဝေ့လာသည်။ သူမ ကြည့်နေတဲ့ ပန်းချီကားက ထာဝရဖြူရဲ့ ပုံတူပန်းချီကားလေးပါ။ အရင်ကတော့ ထာဝရဆိုရင် အသံကြားတာနဲ့ သူမ ဒေါသတွေဖြစ်ခဲ့တာ။ နောက်တော့ ထာဝရကိုပဲ စွဲစွဲလန်းလန်း တမ်းတနေတဲ့ သားရဲ့ခံစားချက်တွေကို လျစ်လျူရှုမထားနိုင်တော့ပါဘူး။

အိမ်ထောင်ပြုရမယ့်အရွယ်မို့ အိမ်ထောင်ပြုဖို့ ပြောကြည့်တိုင်း အမြဲတမ်း ခေါင်းခါခဲ့တဲ့သား။

"ကိုယ်ချစ်တဲ့သူနဲ့မှ ပေါင်းခွင့်မရရင် မချစ်မနှစ်သက်သူနဲ့





လည်း သား မပေါင်းပါရစေနဲ့" တဲ့လေ။

သူ့ကိုလည်း အပြစ်ပြောလို့ မရပါဘူး။ အချို့ဆုတောင်းရင်ပဲ ဖြစ်ဖြစ်၊ ဆုပေးရင်ပဲဖြစ်ဖြစ် မချစ်မနှစ်သက်သူနှင့် တစ်ယူဇနာကွာ ဝေး၍ ချစ်သောသူနှင့် ဘဝမကွာ ပေါင်းဖက်ရပါလို၏လို့တောင် ဆုတောင်းကြသေးတာပဲလေ။ ကိုယ်တောင် အချစ်မပါတဲ့ အိမ်ထောင်ရေးကို တည်ဆောက်ခဲ့မိလို့ ပြိုကွဲခဲ့သေးတာပဲ။

ဒေါ်စုစုမာ နားလည်လိုက်ပါပြီလေ။

တကယ်ဆိုရင် ထာဝရမှာ အပြစ်မှမရှိဘဲ။ ဖြစ်ပြီးသမျှတွေကလည်း နှစ်တွေကြာခဲ့ပြီ။ သူ့ဘက်ကိုယ့်ဘက် ဆုံးရှုံးခဲ့တာတွေအတွက် သူမဘက်ကတော့ သင်ပုန်းချေလိုက်ပါပြီလေ။ ကလေးတွေရဲ့ ခံစားမှုတွေကို ပြန်တွေးကြည့်မိတော့ ရင်ထဲမှာ နင့်ခနဲပါပဲ။ တကယ်တော့ သူတို့လေးတွေက မြေဇာပင်ဖြစ်ခဲ့ရတာပါ။

"ဟာ . . . အန်တီပါလား"

အနားကိုရောက်လာသူက ဇေသုရဲ့သူငယ်ချင်း ဘုန်းမြတ်ပါ။

"မောင်ဘုန်းမြတ်ပါလား၊ သားရော ပန်းချီပြပွဲ လာကြည့်တာလား"

"ဟုတ်တယ် အန်တီ၊ ကျွန်တော်က ဒါမျိုးတွေ သိပ်တော့ ဝါသနာ မပါပါဘူး။ အခုက ဇေသုပန်းချီကားတွေပါနေလို့ လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဒါနဲ့ အန်တီ ဖေသုနဲ့တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူးသား။ သားရော သူနဲ့တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ အန်တီ၊ သူများပန်းချီကားတွေ လိုက်လေ့လာဦးမယ်ဆိုပြီး လျှောက်ကြည့်နေတယ်"

"ဪ"

ဪ . . . ဆိုပြီး အကြည့်က ထားပုံတူလေးဆီသို့ ပြန်ရောက်သွားပြန်၏။ ထားရဲ့အပြုံးလေးက အသက်ဝင်လှသည်လေ။ ဆိတ်ဖလူးပန်းကုံးလေးကို ခွေပြီးပန်ထားပုံက ထားကို မဟာဆန်စေသည် ထင်ပါရဲ့။

"ဒီပုံမျိုး သားမှာ ဓာတ်ပုံရှိလိမ့်မယ် ထင်တယ်နော်"

"ကျွန်တော်သိရသလောက်တော့ ဒီလိုမျိုးဓာတ်ပုံ ဖေသုမှာ မရှိဘူး အန်တီ၊ အဲ . . . ခဲသားနဲ့ပဲဆွဲထားတဲ့ပုံတူပန်းချီ စာရွက်ကလေးတော့ ရှိတယ်။ ဒါပေမဲ့ အဲဒီပုံမှာတော့ ထား ပန်းပန်မထားဘူးဗျ"

"ဪ"

ဒါဆို ပန်းက သူ့စိတ်ကူးနဲ့ ဖြည့်ထည့်ထားတာပေါ့။ ပန်းချီကားနာမည်က "သစ္စာပန်း" တဲ့။ သူမ အထင်ကတော့ ဆိုင်းဘု လို့ ထင်ပါရဲ့။ သူက သူ့အဓိပ္ပာယ်နဲ့သူ သိနေမှာပေါ့လေ။ သူမ ရပ်နေစဉ်မှာပဲ နိုင်ငံခြားသားသုံးဦးနှင့် စကားပြန်တစ်ယောက် အနား ရောက်လာပြီး ထိုပန်းချီကားကိုကြည့်လေတော့ ဘုန်းမြတ်နှင့်ဒေါ်စုစု





နောက်သို့ ဆုတ်ပေးလိုက်ကြသည်။

"ဒီပန်းချီကားကို ဘာလို့ 'သစ္စာပန်း' လို့ နာမည်ပေးထားတယ်မသိဘူးနော်။ သား သိလား"

"သိပါတယ် အန်တီ၊ အစက ကျွန်တော်တို့လည်း အူကြောင်ကြောင်ပဲ။ မင်း ဘာလို့ ဒီပန်းချီကားကို 'သစ္စာပန်း' လို့ နာမည်ပေးတာလဲလို့မေးတော့ သူရှင်းပြတယ်။ သူရှင်းပြမှ ကျွန်တော်တို့လည်း နားလည်သွားတာ"

"ဘာတဲ့လဲ သား"

ဒေါ်စုစုမှာ ဒီနာမည်ကိုပဲ စိတ်ဝင်စားနေမိ၏။

"သူ ထားကို ပြောဖူးတယ်တဲ့။ ရာသီမသိ ပန်းနဲ့ညှိဆိုသလို ပန်းတွေက သူ့ရာသီနဲ့သူ ပွင့်ကြတာ။ သူ့ပွင့်ရမယ့်ရာသီမဟုတ်ရင် မပွင့်ကြဘူး။ အဲဒါ ပန်းတွေ ရာသီအပေါ် သစ္စာစောင့်ခြင်းမို့လို့ ပန်းတိုင်းလိုလိုက သစ္စာပန်းပဲတဲ့လေ။ ထားနဲ့သူ့ကြားမှာတော့ ဆိတ်ဖလူးပန်းက သစ္စာပန်းတဲ့။ ပြီးတော့ သူက ထားအပေါ်မှာ ထာဝရသစ္စာရှိသွားမယ့်လူမို့လို့ ဒီပန်းချီကားကို 'သစ္စာပန်း' လို့ နာမည်ပေးထားတာတဲ့ အန်တီ"

"ဪ"

သားရယ်လို့ ရင်ထဲမှာသာ ညည်းတွားခေါ်လိုက်မိ၏။ သူ့ခမျာ သူမသေ ဘဝမသေပေမယ့် နှလုံးသားက သေဆုံးလုလုတင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ထားသော လွတ်လပ်သူအဖြစ်နဲ့ ပြန်လာခဲ့ရင် သူမ ကလေးတွေရဲ့ ချစ်ခြင်းကို မခွဲတော့ပါဘူး။

"အစ်ကို ... အဲ ညီလေး"

"ဗျာ"

ကိုယ့်လက်မောင်းကို လာကိုင်ပြီး ခေါ်လိုက်တာကြောင့် ဘုန်းမြတ် လှည့်ကြည့်လိုက်တော့ –

"ညီလေးက ဒီပန်းချီကားရဲ့ ပိုင်ရှင်လား"

"မဟုတ်ပါဘူး ခင်ဗျ။ ဒီပန်းချီကားပိုင်ရှင်က ကျွန်တော့်ရဲ့ သူငယ်ချင်းပါ။ ဘာဖြစ်လို့လဲ ခင်ဗျာ့"

"ဩော် ... ဒီက မစ္စတ္တနိုက ဒီပန်းချီကားကို သဘောကျ တာ။ အဲဒါပိုင်ရှင်နဲ့တွေ့ပြီး ဝယ်ချင်လို့တဲ့။ ညီလေးရဲ့သူငယ်ချင်း ရင် ခဏလောက် တွေ့ခွင့်ရမလား။ ကူညီပါ ညီလေးရယ်နော်"

"ဒီပန်းချီကားက"

"_____"

"ဟို ... မရောင်းပါလို့ ရေးထားတယ်လေ"

"စာရေးထားတာတော့ သိပါတယ်။ ဒါပေမဲ့ သူကြိုက် ဈေးပေးမယ်ဆိုရင် ညှိလို့ရမလားလို့ပါ။ ခေါ်ပေးပါနော်"

ဘုန်းမြတ် သက်ပြင်းချလိုက်မိ၏။ သူတို့ ဘယ်လော ပေးပေး ဒီပန်းချီကားကို ဖေသု ရောင်းမှာမဟုတ်ဘူးဆိုတာ သူသ





သည်လေ။ ဒါပေမဲ့ သူတို့ စိတ်ကျေနပ်အောင်တော့ ဖေသုကို သွား ခေါ်ပေးလိုက်တာ အကောင်းဆုံးပါပဲ။

"ဒါဆို အစ်ကိုတို့ ခဏစောင့်နော်။ ကျွန်တော် ဖေသုကို သွားခေါ်ပေးပါ့မယ်"

ပြောပြီး ဘုန်းမြတ် အန်တီ့ကိုလည်း 'ခဏ' ဟု ပြောကာ ထွက်လာခဲ့တော့၏။ နိုင်ငံခြားသားတွေကလည်း ကြိုက်စရာရှားလို့ ထော့ပုံတူကိုမှ ကြိုက်ရသလား။

"အစ်ကိုက ဒီပန်းချီပြပွဲပြီးရင် ကိုယ့်မွေးရပ်ဇာတိရွာလေးကို ပြန်ဦးမှာကွ။ ကိုယ်အောင်မြင်နေတဲ့အချိန်မှာ မိဘတွေကို ပစ်ထား သလို ဖြစ်နေတာ။ ရွာပြန်ပြီး မိဘတွေကို ကန်တော့မလို့လေ"

"ဩော်"

"မိဘတွေက ပြေပြေလည်လည်ဆိုတော့ ငွေရေးကြေးရေး တော့မလိုအပ်ပါဘူး။ အလွမ်းပြေ မျက်နှာသွားပြမယ်ပဲ ဆိုပါတော့"

"အစ်ကိုတို့ရွာက ပျော်စရာကောင်းလား"

"သူ့ရွာသူ့ဓလေ့နဲ့သူတော့ ဘယ်နေရာဖြစ်ဖြစ် ပျော်နေကြ တာပဲလေ။ အစ်ကိုလည်း ကိုယ့်ရည်မှန်းချက်နဲ့ကိုယ်မို့သာ ကိုယ့်ရွာနဲ့ မိသားစုကို စွန့်ခွာပြီး ထွက်လာခဲ့တာ။ တကယ်တော့ ကိုယ့်ရွာလေးမှာ ပဲ ပျော်တာပေါ့။ မောင်ဖေသု အစ်ကိုပြန်ရင် အလည်လိုက်ခဲ့ပါလား။ တောရွာသဘာဝနဲ့ တောဓလေ့ကို လေ့လာလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖေသု တွေခနဲဖြစ်သွားပြီးမှ –

"ကောင်းသားပဲ လိုက်ခဲ့မယ်လေ။ တောမလေ့ကို အနုပညာဖန်တီးရရင်လည်း စိတ်အပြောင်းအလဲလေးရှိနိုင်တာပေါ့။ တကယ်တော့ အနုပညာသမားတွေက တောသဘာဝကို ဖန်တီးရတာ ပိုနှစ်သက်တတ်ကြပါတယ်"

"ဖေသု . . . ဟော့ကောင် ဖေသု"

"ဟင်"

ဘုန်းမြတ် လျှောက်လာပုံက သုတ်သီးသုတ်ပျာနှင့်မို့ ဖေသု မျက်မှောင်ကြုတ်သွားလေ၏။ ဘာဖြစ်လို့ပါလိမ့်။

"မင်းကို နိုင်ငံခြားဧည့်သည်တွေ တွေ့ချင်လို့။ အဲဒါကြောင့် ငါလာခေါ်တာ"

"ဟုတ်လား"

ဟုတ်တယ်ဆိုပြီး ဘုန်းမြတ်က အားလုံးကိုရှင်းပြလေလျှင်–

"အဲဒီပန်းချီကားကို ငါ မရောင်းပါလို့ စာရေးကပ်ထားတာပဲ ဥစ္စာ"

"ငါလည်း ပြောပါတယ်။ ဒါပေမဲ့ သူတို့က မင်းနဲ့ခဏ လောက် တွေ့ပါရစေတဲ့"

"ကောင်းပြီလေ တွေ့တာပေါ့"

ကိုယ့်လက်ရာနဲ့ ပန်းချီကားကို ကြိုက်လွန်းလို့ ဝယ်သူရှိတာ





ကို ပျော်ရမယ့်အစား ဖေသု စိတ်ကမကြည်လင်။ ကိုယ့်လက်ရာတွေ အများကြီးပဲဥစ္စာ၊ အခြားပန်းချီကားတွေကို ကြိုက်ပါလား။ အခုတော့ ကိုယ့်အသည်းနှလုံးကိုမှ နှစ်ခြိုက်သဘောကျ ဆွဲထုတ်ချင်ကြသတဲ့လား။ နိုင်ငံခြားသားတွေနှင့်တွေ့တော့ စကားပြန်က ဟိုဘက်က လူတွေကို ရှင်းပြလိုက် ဖေသုတို့ကို နားလည်အောင် မြန်မာလို ပြောလိုက်နှင့်ပေါ့လေ။

"ညီလေး . . . ဒီပန်းချီကားကို ကြိုက်ဈေးခေါ်ပါ။ သူတို့က အရမ်းလိုချင်နေလို့ ဘယ်လောက်ပဲ ပေးရ ပေးရ ဝယ်ပါ့မယ်တဲ့လေ"

"ကျွန်တော် ပြောပြီးပါကော။ ကျွန်တော်ကလည်း သူတို့ ဘယ်လောက်ပဲပုံအောပေးပေး ဒီပန်းချီကားကိုတော့ မရောင်းပါဘူးလို့"

"ညီလေး ဆုံးဖြတ်ပြီးပြီလား"

"နောက် ဆယ်ခါထပ်မေးလည်း ကျွန်တော် ဒီအဖြေပဲဖြေမှာပါ။ စိတ်မရှိကြပါနဲ့လို့ သူတို့ကိုပြောပေးပါအစ်ကို။ ဒီပန်းချီကားက ကျွန်တော့်ရဲ့အသက် ကျွန်တော့်ရဲ့နှလုံးသားဖြစ်နေလို့ပါ"

စကားပြန်က ဖေသုပြောသမျှ ပြန်ပြောပြလေတော့ နိုင်ငံခြားသားတွေ ခေါင်းညိတ်ပြီး ထွက်ခွာသွားကြလေသည်။ အကြည့်တွေကတော့ ပန်းချီကားကိုမရလို့ နှမြောတသရှိနေပုံပါ။

"မင်းကလည်း ရောင်းလိုက် ပြီးရော ဖေသုရာ။ ဒီပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com

က မင်းလက်နဲ့ဆွဲထားတာပဲဟာ။ ဒီပုံစံမျိုး နောက်ထပ် ဆွဲလည်း ရလျက်သားနဲ့"

ဖေသု ဘုန်းမြတ်စကားကြောင့် ခပ်လွန့်လွန့် ပြုံးလိုက်မိ၏။ သူတို့က ဒီလိုအနုပညာဆိုတာကို စိတ်ဝင်စားခြင်းမရှိတော့ ခံယူချက် ခြင်း အယူအဆခြင်း ဘယ်တူနိုင်ပါ့မလဲ။ အနုပညာဆိုတာ တိမ် မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ခက်သည့်အရာပါ။ ဘယ်အနုပညာ ဘာသာရပ်မဆို ကြည့်ရမြင်ရ ခံစားရတဲ့သူတွေအဖို့ လွယ်ကူပေမယ့် ဖန်တီးရတဲ့သူတွေအဖို့မှာ အခက်အခဲတွေနဲ့ပါ။

"ပြောတော့လွယ်တယ် ဘုန်းမြတ်။ ဒီပန်းချီကားကို ငါဆွဲ တာ မှန်တယ်။ နောက်ထပ်အသစ်ထပ်ဆွဲလို့ရတာလည်း မှန်ပါတယ်။ ဒါပေမဲ့ အရင်ကဆွဲတဲ့ စိတ်ခံစားချက်နဲ့ နောက်ဆွဲမယ့် စိတ်ခံစားချက် က တူမှာမှမဟုတ်တာ"

"အေး ... ဒါလည်း ဟုတ်တာပဲကွ၊ နော်"

"ဘာပဲဖြစ်ဖြစ် မေမေကတော့ သားရဲ့အောင်မြင်မှုအတွက် ဝမ်းသာပါတယ်ကွယ်"

အပြုံးတွေနဲ့ ဝေနေတဲ့မေမေ့မျက်နှာကိုမြင်လိုက်ရတော့ ဖေသု စိတ်ချမ်းသာလိုက်တာ။ အရင်တုန်းကဆိုတာနဲ့ပတ်သက်ပြီး အမြဲတမ်း ကတောက်ကဆ ဖြစ်ခဲ့ရတဲ့သားအမိ၊ ခုတော့ နားလည်မှု တွေရှိခဲ့ပြီလေ။





"မေမေ လာတယ်"

"လာရတာပေါ့ သားရဲ့၊ ကိုယ့်သားရဲ့ပန်းချီကားတွေ ဘယ် လောက် လက်ရာမြောက်လဲ၊ သူများရဲ့ပန်းချီကားတွေနဲ့ ဘာကွာခြားမှု ရှိလဲဆိုတာ သိရအောင် လာကြည့်တာလေ"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် မေမေ"

"သားအမိချင်း ပြောစရာလား"

"ဪ ... ဒါနဲ့ မေမေ့ကိုပြောရဦးမယ်။ သား ဒီပန်းချီပြပွဲပြီး ရင် အသိတစ်ယောက်ရဲ့ရွာကို အလည်လိုက်သွားမလို့ ပြောထားတယ် မေမေ။ သူလည်း ပန်းချီဆရာတစ်ယောက်ပါပဲ။ သူ့နာမည်က ကိုထွန်း မြတ်တဲ့။ ဒီပြပွဲမှာ သူ့ပန်းချီကားတွေလည်းပါတယ်လေ"

"ဟုတ်လား"

"ဟော ... ပြောရင်းဆိုရင်း လာနေပြီ"

ကိုထွန်းမြတ်ရောက်လာတော့ ဖေသုမေမေနှင့်ရော ဘုန်း မြတ်နှင့်ရော မိတ်ဆက်ပေးလိုက်၏။ ကိုထွန်းမြတ်က သစ္စာပန်း ပန်းချီကားကို မော့ကြည့်ပြီး မျက်ခုံးနှစ်ဖက် ကျုံ့သွားလေသည်။ ပြီးမှ ပန်းချီကားကို လက်ညှိုးထိုးပြပြီး –

"ဒီပန်းချီကားထဲက မိန်းကလေးကို အစ်ကိုမြင်ဖူးတယ်ကွ။ ဟုတ်တယ်၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က မြင်ဖူးတာပေမယ့် အစ်ကို မှတ်မိနေတုန်းပဲ။ အဲဒီတုန်းက သူ့သားလေးအပြင်းဖျားလို့ ဧည့်ရုံ

www.burmeseclassic.com

www.burmeseclassic.com



တင်ရတာ။ အစ်ကိုလည်း ဘာရယ်မဟုတ်ဘူး ကလေးကိုသနား အစ်ကို့ကားနဲ့ လိုက်ပို့ခဲ့တာ''

''ဗျာ''

ဖေသုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ ၏။ ထာက ဩစတြေးလျကို သူ့အစ်ကိုနဲ့လိုက်သွားခဲ့တာလေ။ ပြီး ကိုထွန်းမြတ်ပြောတဲ့ မိန်းကလေးက သားလေးနဲ့ဆိုတော့ မဖြစ်နိုင်ပါဘူး။ ထာက ဘယ်လိုလုပ်ပြီး တောရွာကိုရောက်နေမှာ လောကကြီးမှာ လူတူမရှား နာမည်တူမရှားရှိနေကြတာပဲ ရုပ်ချင်းတူတာပဲဖြစ်မှာပါ။

''အစ်ကို ... အစ်ကို သူ့နာမည်ကို သိလားဟင်''

''အပြည့်အစုံတော့မသိဘူးကွ။ သူများတွေ ခေါ်ကြတာ ထာဆိုလားပဲ။ ရန်ကုန်ကနေ ပြောင်းလာတာဆိုလား ဘာဆိုလား''

''ဗျာ''

ဒီလောက်ပဲ တိုက်ဆိုင်ရသလားလို့ အားလုံး အံ့ဩနေ ဒါပေမဲ့ ထာဝရဘဝနဲ့ ကိုထွန်းမြတ်ပြောတဲ့ ကောင်မလေး ဆန့်ကျင်ဘက်ပါလား။ တစ်ခါတလေ လူတွေရဲ့ဘဝက အတ ပစ္စုပ္ပန်၊ အတိတ်နဲ့အနာဂတ် ဆန့်ကျင်ဘက်တွေ ဖြစ်တတ် တော့ –

''ကျွန်တော် ဆုံးဖြတ်လိုက်ပြီ အစ်ကို''





''ဟင် ... ဘာကိုလဲ ဖေသု''

''ပန်းချီပြပွဲပြီးလို့ အစ်ကိုရွာပြန်ရင် ကျွန်တော်လိုက်ခဲ့မယ် အစ်ကို''

''မေမေလည်း လိုက်မယ်သား''

ကိုထွန်းမြတ်ကတော့ ကျိုးကြောင်းဆက်စပ်မသိသေးသည့် အတွက် ဖေသု ရွာလိုက်မယ်ဆိုတာကိုသာ သီးသန့်အတွေးနှင့် ဝမ်း သာလျက်။

''မင်း တကယ်ပြောတာလား ဖေသု''

''တကယ်ပေါ့ အစ်ကို''

''ဟား ... ဝမ်းသာလိုက်တာကွာ။ ကြိုဆိုပါတယ် ဖေသု''

လွမ်းငွေ့တဝေဝေနှင့် ညှိုးရိပ်ထင်သွားတဲ့ ဖေသုမျက်နှာကို ကြည့်ပြီး ဘုန်းမြတ် စိတ်ထဲမှာ ဆုတောင်းမိပါ၏။

''ကိုထွန်းမြတ်ပြောတဲ့ ထာက ဖေသုရဲ့ထာ ဖြစ်ပါစေ''

လို့လေ။ ဒါပေမဲ့ ကိုထွန်းမြတ်ပြောတဲ့ထာက ကလေးအမေ ဖြစ်နေတော့ ဆုတောင်းပေးရတာပင် မရဲတရဲရယ်ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"သား ... ကျောင်းမှာ လျှောက်မဆော့ရဘူးနော်။ လက်

သည်းတွေထဲ ချေး (ဂျေး)၊ သဲတို့ဝင်ရင် ရောဂါဖြစ်တတ်တယ်

ကြားလား"

"ဟုတ်"

"ပြီးတော့ ဘောမကန်ရဘူး။ သူများတွေ ဟိုသွားမယ်

သွားမယ်ခေါ်ရင် မလိုက်ရဘူး"

"ဟုတ်ကဲ့ မေမေ"

ဘေးကိုကျောင်းသွားဖို့ ပြင်ဆင်ပေးနေရင်း ထာ ပါးစပ်

လည်း တတွတ်တွတ်မှာနေသည်။ ကိုယ်တုန်းက မိခင်မေတ္တာ





အပြည့်အဝ မခံစားရလေတော့ သားလေးအပေါ်မှာ ကိုယ့်ခံစားမှုမျိုးတွေ မခံစားစေချင်။ ဒါကြောင့်ရော ကိုယ့်မှာ မိခင်စိတ်အပြည့်အဝ ရှိတာရောကြောင့် –

သားလေးကို လူပုံအလယ်မှာ မျက်နှာမငယ်စေချင်။ အဖမဲ့သားမို့ စည်းကမ်းမရှိဘူး၊ မိုက်ရိုင်းတယ်ဆိုတာမျိုးလည်း အပြောမခံရအောင် ကိုယ့်သားကို တတွတ်တွတ်ဆုံးမရတာလည်း တစ်ခါတလေ ဒေါ်မိုးမကြိုက်အောင်ပင်။

"ကလေးပဲ သမီးရယ်။ ကစားတာတော့ ရှိမှာပေါ့။ မြေးလေးက ပစ်တိုင်းထောင်မှ မဟုတ်တာ။ တကတည်း ကလေးကို မှာနေတာ လူပျိုကြီးကိုမှာနေတဲ့အတိုင်းပဲ"

"မှာရမယ်လေ ဒေါ်မိုးရယ်။ သားလေးကို ဆုံးမမယ့်သူ၊ အန္တရာယ်ရှိရင် ကာကွယ်ပေးမယ့်သူဆိုလို့ ဒေါ်မိုးနဲ့ ထာပဲရှိတာ မဟုတ်လား"

ထာ့စကားကြောင့် ဒေါ်မိုး သူမပြောချင်တဲ့စကားတွေကို ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ အရင်တုန်းကတော့ သူ့အကြောင်းပြောရင် ထာက မကြိုက်လို့ မပြောခဲ့တာလေ။ အခု ကလေးကြောင့် ပြောမှဖြစ်တော့မည်ဟု။

"ထာ့ကို ဒေါ်မိုး တစ်ခုတော့ ပြောချင်တယ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အခြားတော့ မဟုတ်ပါဘူးကွယ်။ မြေးလေးမှာ အဖေရော အမေရော ရှိနေပါလျက်နဲ့ ခုလို ဖခင်မဲ့ဘဝနဲ့ မျက်နှာငယ်နေရတာ ဒေါ်မိုးမကြည့်ရက်ဘူး"

"ဒေါ်မိုးဆိုလိုချင်တာက"

ထာ မျက်မှောင်လေးကြုတ်ပြီး မေးလိုက်တော့ –

"နှစ်ဖက်စလုံးက လူချမ်းသာအသိုင်းအဝိုင်းတွေကပဲလေ။ မြေးလေးကျမှ ချို့တဲ့နေရတာ မြေးလေးကို ဒေါ်မိုးအရမ်းသနားတယ်။ မြေးလေးရဲ့ရှေ့ရေးအတွက် စဉ်းစားပြီး သမီး ရန်ကုန်ကို ပြန်သင့်ပြီလို့ ဒေါ်မိုးထင်တယ်။ ဖေသုလည်း သမီးအပေါ် သစ္စာရှိရှိ စောင့်နေလိမ့်မယ် ထင်တယ်ကွယ်"

"တော်ပါတော့ ဒေါ်မိုးရယ်။ သူ့အကြောင်း မကြားပါရစေနဲ့တော့"

အတိတ်ဆိုတာကို ပြန်လည်တူးဆွမိတိုင်း ထာ မျက်ရည်ဝဲရသည်သာ။ မဖြစ်နိုင်လို့မှ သူနဲ့ဝေးရာကို ပြေးထွက်ခဲ့တာပဲလေ။ ကိုယ်ပြန်သွားတော့ရော ဘာထူးမှာလဲ။ သူ့အမေက အရင်အတိုင်းဆိုရင် ထာက အရင်အတိုင်း မဟုတ်တော့ဘူးလေ။ အရင်က ထာ တတ်နိုင်သလောက် သည်းခံတတ်ခဲ့ပေမယ့် အခုလက်ရှိ ထာက မဟုတ်မခံလေ။ ဒီထက်ပိုပြီး အမုန်းတွေ မပွားချင်တော့ပါဘူး။

ဒါကြောင့် ရှိရင်းစွဲဘဝလေးကိုပဲ တစ်မက်စွာ။





"သူနဲ့ထာ ဘယ်တော့မှ ပေါင်းစပ်ဖို့မဖြစ်နိုင်တဲ့အကြောင်းအရာတွေကို ဒေါ်မိုး မသိတာမှ မဟုတ်တာ"

"ပြီးခဲ့တာတွေက နှစ်တွေကြာခဲ့ပြီပဲ ထာရယ်။ ဟိုတုန်းက ကိစ္စတွေကို ပတ်ဝန်းကျင်ကမေ့နေလောက်ရောပေါ့"

ထာ့နှုတ်ခမ်းလေးမဲ့သွားလေ၏။ သတိရရင်တောင် လက်ညှိုးထိုး မေးငေါ့ ပြောစရာ ထာကိုယ်တိုင်မရှိတော့ မေ့ချင်မေ့နေကြမှာပေါ့။ ထာပြန်သွားလို့ ထာ့မျက်နှာကို မြင်လိုက်တာနဲ့ ငယ်ကျိုးငယ်နာဖော်ပြီး တစ်ထောင့်တစ်ညပုံပြင်ကို ပြောကြတော့မှာလေ။ ဟိုတုန်းကလို ပွပွနွှေးနွှေးမဟုတ်လို့ မြောင်ရောကွယ်ရာရော အတင်းမပြောကြပေမယ့် အေးနေတာကို နွှေးပြီး ကွယ်ရာတီးတိုးတော့ အတင်းပြောနေကြမှာပါ။

"အခု မေ့နေရင်တောင် ထာ့မျက်နှာကို မြင်လိုက်တာနဲ့ ပြန်ပြီး သတိရသွားကြမှာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်။ ချိုးမွှမ်းခုနစ်ရက် ကွဲရဲ့ခုနစ်ရက်ပါ။ သမီး ရန်ကုန်ကိုပြန်ပါ။ ပါးစပ်ဆိုတာ ပြောကြမှာပဲလေ။ မောသွားရင်တော့ သူ့အလိုလို ပိတ်သွားကြမှာပါကွယ်"

"ဒေါ်မိုး ထာ့ကို တွန်းအားပေးနေတာလား"

"မြေးလေးရှေ့ရေးအတွက် ပြောတာပါ"

ဒေါ်မိုးရဲ့ စေတနာကို ထာ နားမလည်လို့ငြင်းနေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးလေ။ ချမ်းသာကြွယ်ဝမှုဆိုတာကို မမက်မောတဲ့သူ မှရှိသလောက် ရှားသလို သားလေးကိုလည်း ပြီးပြည့်စုံတဲ့ဘဝမှာ ထားချင်ပါသည်။ ဒါပေမဲ့ နှုတ်ခမ်းမဲ့ပြီး ထိုးလာတဲ့လက်ညှိုးပေါင်းများစွာ စူးလို့ ထာသေချင်သေသွားပါစေ။ သားလေးကိုတော့ ထိုလက်ညှိုးတွေကြား မရောက်စေချင်တာ မိခင်တစ်ယောက်ရဲ့ စေတနာမေတ္တာတွေပါ။

"ကဲ မြေး"

"ဗျာ"

"ကျောင်းသွားရအောင်နော်"

"ဘွားပဲ လိုက်ပို့မှာလား"

"ဒါပေ့ါ မြေးရဲ့၊ ခါတိုင်းလည်း ဘွားလိုက်ပို့နေကျပဲဟာကို"

ဖေသူရလေးမျက်နှာက မကြည်လင်ပေ။ နှုတ်ခမ်းလေးပါ စူနေတာမြင်ရတော့ –

"သား မင်း ဘာဖြစ်နေဟာလဲ"

"သားက မေမေ့ကို လိုက်ပို့စေချင်တာ၊ မေမေ ကျောင်းလိုက်ပို့"

"မေမေက ဈေးရောင်းရဦးမှာလေ သားရဲ့"

"ဘွားမိုးကို ရောင်းခိုင်းပေ့ါ။ မေမေလိုက်ပို့"

ထာနှင့် ဒေါ်မိုး အကြည့်ချင်းဆုံသွားကြလေသည်။ အေးသေ





တစ်ခါတလေတော့လည်း သူ့ခမျာ မိခင်ကိုယ်တိုင် လက်ဆွဲပြီး ကျောင်းလိုက်ပို့ပေးတာကို ခံချင်ရှာမှာပေ့ါ။

"ကဲပါ . . . ထာရယ်။ မြေးလေးကျေနပ်အောင် တစ်ခါတလေ လိုက်ပို့လိုက်ပါနော်။ ဒေါ်မိုးပဲ ဆိုင်စောင့်လိုက်ပါ့မယ်ကွယ်"

ထာသည်း သားကို သနားတာနှင့် မငြင်းတော့ပါဘူး။ ခေါင်းညိတ်ပြီး သားလက်ကို ဆွဲ၍ ထွက်လာခဲ့တော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မြို့မှာပဲ အနေများလာတော့ တောသဘာဝရဲ့ လေကောင်း လေသန့်က လတ်ဆတ်နေသလိုပါ။ မြို့မှာက တစ်နေ့တစ်နေ့ ကားသံ လူသံတွေနဲ့ ဆူကဆူ။ ဒီကြားထဲ အနံ့အသက်ပေါင်းစုံက တစ်မျိုး။ ခေါ်စုစုမှာ ကားမှန်ကို ချပြီးလိုက်လာတာမို့ သဘာဝရှုခင်းများကို မြင်နေရတာလည်း စိတ်ထဲ ကြည်လင်လန်းဆန်းနေသည်လေ။

ခရီးပန်းတာက သပ်သပ်၊ ကြည်နူးမိတာက သပ်သပ်ပဲလေ။

"ဟာ"

"ဖေသု"

"အမေ့"





ကားက တုံ့ခနဲရပ်သွားခြင်းနှင့်အတူ ဖေသု ကားတံခါးကို ဖွင့်ပြီး ပျာပျာသလဲ ဆင်းလေ၏။ ကားရှေ့ကနေ ကလေးတစ်ယောက် ဖြတ်ပြေးတာလေ။ သူ ဘရိတ်အုပ်တာမြန်ပေလို့သာပေါ့။ မဟုတ်ရင် မတွေးရဲစရာပါပဲ။ ကိုယ်တွေမှာသာ မျက်စိပျက်မျက်နှာပျက်နဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်ရတယ်။ ဖြတ်ပြေးတဲ့ကလေးက အေးအေးဆေးဆေး ပဲ ဘောလုံးကောက်နေတာကို မြင်ရလေလျှင် –

ဖေသု ဒေါသဖြစ်ချင်ချင် ဖြစ်သွားရ၏။ ကလေးက ဘောလုံး ကို ကောက်ပြီး ပြန်လှည့်အလာ သူ့ကားကိုကြည့်ပြီး ငေးနေလေလျှင်–

"ဟေ့ကောင်"

သူ ခေါ်လိုက်တော့ ကလေးက သူ့ကို မျက်လုံးပြူးလေးနှင့် ကြည့်နေသည်။

"မင်းကိုခေါ်နေတာကွ"

"သားကိုလား"

"ဟုတ်တယ် မင်းကို ခေါ်နေတာ။ မင်းကို မခေါ်လို့ ငါက ဘယ်သူ့ကိုခေါ်ရမှာလဲ။ ကားရှေ့ဖြတ်ပြေးတာ ကားတိုက်ရင် သေ တတ်တယ်ဆိုတာ မင်းမသိဘူးလား"

"အဲဒါတော့ သိတာပေါ့ ဦးရဲ့။ သားက သားဘောလုံးကို လိုက်ကောက်တာ။ ဦးကားကိုမှ မမြင်တာ"

"ကောင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဇေယျ ဖြစ်ချင်တဲ့ဒေါသတောင် ဘယ်ရောက်သွားမှန်းမသိတဲ့ ပြုံးစိစိ ဖြစ်သွားလေသည်။

"သား"

"ဗျာ"

"ကလေးလေးက ချစ်စရာလေးနော်"

မေမေက ကားပေါ်က ဆင်းလာပြီး ပြောလိုက်တာနှင့် ဇေယျ ကလေးရဲ့မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ တကယ့်ကို ချစ်စရာလေးပါ။ နှုတ်ခမ်းလေးက တစ်ယောက်ယောက်ရဲ့နှုတ်ခမ်းလေးနဲ့ တူနေသလိုပါပဲ။ ပြီးတော့ မျက်လုံးလေး –

"ဟင်"

"မြေးလေး မြေးလေးနာမည်က ဘယ်လိုခေါ်လဲကွဲ့။ ဘွားက မြေးလေးကိုချစ်လို့ မေးတာပါနော်"

"ဇေယျရပါ"

"ဇေယျရ ဟုတ်လား"

"ဟုတ်"

ကိုထွန်းမြတ် ကားပေါ်ကနေ ကမန်းကတန်းဆင်းလာပြီး–

"ဇေယျ ငါ မှတ်မိပြီကွ။ အဲဒီကလေး အဲဒီကလေးပဲ ငါ့ကားနဲ့ ဆေးရုံလိုက်ပို့ခဲ့ရတာ။ ထာ့သားလေးဆိုတာ သူပဲ"

"ဗျာ"





"ဟင်"

ဇေယျ ကလေးရှေ့မှာ ထိုင်ချလိုက်၏။ သေသေချာချာ ကြည့်လေ ကလေးရဲ့မျက်နှာလေးက ထာနဲ့တူလေလေပါပဲ။ နာမည်က ဇေယျရတဲ့။ ဇေယျတနဲ့ ဇေယျရ။ ဇေယျ ပါးစပ်ပင် ပွင့်ဟသွားလေ၏။ သူ ထာ့အပေါ် အကြမ်းဖက်မိတဲ့အဖြစ်ကို သတိရမိတော့ ရင်ထဲမှာ စမ်းချောင်းလေးတစ်ခု ဖြတ်စီးဆင်းသွားသလိုပါ။

ဇေယျရက ကိုယ့်ရင်သွေးလား။ ဒါမှမဟုတ် အခြား ဘယ်ယောက်နဲ့ ရတာလားဆိုတာ။

"ကိုထွန်းမြတ်"

"ဟေ"

"အစ်ကိုပြောတဲ့ ထာ့မှာ ယောက်ျားရှိလား"

"ဟ ... ယောက်ျားမရှိဘဲနဲ့ ဒီကလေးကို မွေးလို့ရမလားကွ"

"မဟုတ်ဘူးလေ။ ကျွန်တော်ပြောတာက လက်ရှိ"

"ငါ သဘောပေါက်ပြီ။ အင်း ... ငါတွေ့တုန်းကတော့ သူနဲ့ ကလေးပဲ။ သူ့ယောက်ျားဆိုတာကို မတွေ့ဘူးကွ။ မရှိတာလား ခရီးလွန်နေတာလား။ အဲဒါတော့ ငါလည်း မသိဘူး"

"ရပြီ အခုပဲ ကျွန်တော်တို့ သူ့အိမ်ကိုသွားရအောင်"

ပြောပြီး ဇေယျကလေးကို ပွေ့ချီကာ ကားပေါ်သို့ တက်ခဲ့လေလျှင် –

www.burmeseclassic.com

www.burmeseclassic.com



"ဦး"

"ဟင်"

"သားကို ဘယ်ခေါ်သွားမလို့လဲ"

"ဪ . . . ဟုတ်သားပဲ။ သားကိုပြောဖို့ မေ့နေတာ။ သား[illegible] အိမ်ကို သွားမှာလေ။ အဲဒါကြောင့် သားကိုပါ ခေါ်တာပေါ့"

ကလေးက ဘာမှမပြောတော့ဘဲ ဖေသု ရင်ခွင်ထဲမှာ ငြိမ်[illegible] လေသည်။ ပြီးမှ ဖေသုမျက်နှာကိုမော့ကြည့်လိုက် ပတ်ဝန်းကျင်[illegible] ကြည့်လိုက်နှင့် ကားစီးရလို့ ပျော်နေပုံရ၏။ စိတ်ကလောနေပေမယ့် လမ်းကကျဉ်းတော့ မောင်းချင်တိုင်းမောင်းလို့မရပေ။

"ဟဲ့ . . . သူများဆီမှာ ကြွေးယူပြီးရင် ဆပ်ရမယ်ဆို[illegible] နင် နားမလည်ဘူးလား။ နင် ကြွေးလာယူတုန်းက ဒီလေသံ ဒီသော[illegible] ခွက်မျိုးလား။ အဆင်မပြေလို့ နေပါဦးဆိုလို့ ငါစောင့်ခဲ့တာ ဘယ်[illegible] လောက်ကြာပြီလဲ။ နင်ကိုက ပေးချင်စိတ်မရှိတာ"

"မပြေလည်လို့ မပြေလည်ကြောင်းပြောတာပဲလေ။ [illegible] သောက်ကြွေးကို ငါက မပေးဘူးလို့ ပြောလို့လား"

"နင်တို့က ဘယ်တော့ပြေလည်မှာလဲ။ ပိုက်ဆံမရှိ[illegible] မျက်နှာငယ်ငယ်နဲ့ ငါ့ဆီမှာ သောက်ကြွေးလာယူစားတာလေ။ ပို[illegible] ရှိတော့ ငါ့ကြွေးမဆပ်ဘဲ သူများဆိုင်မှာ ဝယ်စားတာမဟုတ်လား"

"ငါက နင့်ကိုမပေးဘူးလို့ ပြောနေလို့လား။ အဆင်[illegible]





ဆပ်ပါ့မယ်လို့ ပြောပြီးပြီပဲ"

"မလိုချင်ဘူးဟေ့၊ ဆပ်မယ်ဆိုရင် ငါ့ကြွေးကို ခုဆပ်၊ သူများ ကလည်း ကျောက်ခဲသလဲနဲ့ ရင်းထားတာမဟုတ်ဘူး။ ငွေနဲ့ရင်းထား တာဟဲ့။ ငွေနဲ့ရင်းထားတာ။ ဆပ်မယ်ဆိုရင် ခုလိုချင်တယ် ပေးမလား မပေးဘူးလား ဒါပဲပြော"

"မပေးဘူးဟယ်၊ မပေးတော့ နင်က ဘာလုပ်ချင်လဲ"

ခင်တုတ်က ထဘီကိုပြင်ဝတ်ပြီး ခါးထောက်ကာပြောနေလေ တော့ ထာကလည်း ဘွာခတ်မည့်သူမဟုတ်ပေ။ ဒါကြောင့် အင်္ကျီ လက်ကိုမတင်လိုက်ပြီး –

"ကောင်မ လူပါးဝလို့ ငါ့ကို စိန်ခေါ်နေတယ်"

"လာခဲ့စမ်း"

"လာပြီဟေ့ . . . လာပြီ"

ထာ ရှေ့တိုးသွားပြီး ခင်တုတ်ပါးကို ရိုက်ချပစ်လိုက်၏။ ခင်တုတ်ကလည်း သူ့အသားနာတာနှင့် ပါးစပ်ကလည်း အော်ကာ နပန်းလုံးကြလေတော့၏။ ဆဲသံဆိုသံ ဆူဆူညံညံနှင့် ဘတစ်ပြန် ဘျားတစ်ပြန်ပေါ့လေ။

"ဟဲ့ ဟဲ့ . . . လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ဒေါ်မိုးက အော်သာအော်ပြီး ဝင်မခွဲရဲပေ။ ထိုစဉ် ကားတစ်စီး [illegible] ရောက်လာပြီး ကားပေါ်ကလူတွေ ဆင်းပြီး ခွဲကြလွဲကြ၊ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကလူတွေလည်း အကောင်းမနေရ၊ ဝင်ဆွဲကြရသည်ပေါ့လေ။

"လာစမ်းပါ ခင်တုတ်ရယ်။ နင်ကလည်း နင်ပဲ သူများဆီ ကြွေးယူပြီး ဆပ်မှမဆပ်ချင်တာ"

"မဆပ်ဘူး ဘာဖြစ်လဲ၊ မဆပ်ဘူးဟေ့"

"တောက် . . . ကောင်မ လူပါးဝလို့"

ထာ ခင်တုတ်ဆီသွားဖို့ ခြေလှမ်းလိုက်စဉ် ထာ့လက်ကို တစ်ဦးတစ်ယောက်က ဆွဲထားသည်မို့ ထာ ရုန်းလိုက်ပေမယ့် မရပေ။ ကိုယ်ကိုမရုန်းနိုင်အောင် ဆွဲထားနိုင်တာ ဒေါ်မိုးတော့မဖြစ်နိုင်ပေ။ လူကိုမကြည့်ဘဲ ဆွဲထားတဲ့လက်ကိုပဲ ကြည့်လိုက်မိတော့ ယောကျ်ား တစ်ယောက်၏ လက်ပါပဲ။ ထာ့လက်ကို ဘယ်ယောကျ်ားကများ ဆွဲရဲသလဲ။

ဒီရွာမှာ ထာနဲ့သွေးသားတော်စပ်တဲ့ယောကျ်ားမှ မရှိဘဲလေ။ ဒီလိုဝင်ဆွဲရဲအောင်လည်း ဘယ်ယောကျ်ားနဲ့မှ ရင်းရင်းနှီးနှီး မနေပေ။ ပြီးတော့ ဒီလက်မျိုး ဒီရွာကယောကျ်ားတွေမှာ ရှိပါ့မလား။ ဒီရွာမှာ အားလုံး အလုပ်ကြမ်းလုပ်နေကြတော့ ဒီလောက်ဖြူနုမနေကြဘူးလေ။

"ထာ"

မျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်တော့ –

"ဟင်"

"ထာ"





"နင် နင် ဇေသု"

ဇေသုကိုတွေ့လိုက်တာများ ထာတစ်ယောက် သရဲသဘက်ကို တွေ့လိုက်ရသလိုပါ။

"ဟုတ်တယ် . . . ငါ ဇေသုအစစ်ပါ။ ဘယ်လိုဖြစ်ရတာလဲ ထာရယ်။ ဒီလောက် လူကြမ်းစိတ်ကြမ်းနဲ့ အရင်တုန်းက ထာဝရဖြူ မဟုတ်တဲ့အတိုင်းပဲ"

ထာ ဖရိုဖရဲကျနေတဲ့ဆံပင်တွေကို သိမ်းတင်ရင်း မျက်နှာကို ဆတ်ခနဲ မော့လိုက်ကာ –

"အဲဒါ ငါ့ဘဝဖြတ်သန်းမှုက သင်ပေးလိုက်တဲ့စရိုက်တွေပဲ။ နေစမ်းပါဦး။ နင်က ဒီရွာကို ဘာလာလုပ်တာလဲ"

"ငါ့မိန်းမကို လာရှာတာ"

ထာ့ကို ဒီပုံစံ ဒီစရိုက်နဲ့ မြင်လိုက်ရတော့ ဇေသု တကယ့်ကို စိတ်မကောင်းဖြစ်ရသည့်သာ။ အရင်တုန်းက နူးညံ့ပြီး ဘာမဆို သည်းခံတတ်တဲ့ထာက ခုတော့ ရန်ဖြစ် နပန်းလုံးတောင်ဖြစ်နေပြီပေါ့လေ။ ဒါ ဘယ်သူ့အပြစ်တွေကြောင့်လဲ။

"နင့်မိန်းမက ဒီရွာကိုလာမယ်လို့ နင့်ကိုပြောသွားလို့လား"

"မပြောသွားပါဘူး။ ထွက်သွားတုန်းကတော့ ဩစတြေးလျ ကိုသွားတာ။ ဒါပေမဲ့ ဟိုကိုမသွားဖြစ်ဘဲ ဒီရွာမှာလို့ သတင်းကြားလို့ ဒီလိုက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ''

''ဟုတ်တယ် ထား၊ ငါ နင့်ကို လိုက်ရှာနေတာပါ။ နင့်မှာ ဘာအိမ်ထောင်မှမရှိဘူးဆိုတာ ငါသိထားပြီးပြီ။ သားလေးနဲ့လည်း ငါ တွေ့ပြီးပြီ။ သားလေးက ငါ့သားလေးမဟုတ်လားဟင်''

''ဘာတွေ လာပြောနေတာလဲ။ နင် ရူးနေလား ဇေသု''

''သမီး ထာ''

''ဟင်''

ထာ့အကြည့်က အသံလာရာဆီသို့ ရွေ့လိုက်တော့ ဒေါ်ဗု မာ။ တစ်ချိန်က ထာ့ကို လင်ခိုးမရဲ့သမီးလို့ပြောခဲ့တဲ့ ဒေါ်စုစုမာပေ တွေးမိတော့ ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရ၏။ သူမက သား ချီထားတာ မြင်လေတော့ –

''သား''

''မေမေ''

သားကို ထာ ဆွဲလွဲပွေ့ချီလိုက်တော့ ဒေါ်စုစုမာက အသို သင့် လွှတ်ပေးလိုက်သည်လေ။ ဒါ ... ကလေးခိုးဘီလူးမရဲ့ ကလေ ရဲ့မအေရင်း ကလေးလုနေကြတဲ့ပွဲမှ မဟုတ်တာ။ ကိုယ့်မြေးဆို သိနေမှတော့ တစ်နေ့ ကိုယ့်ရင်ခွင်ထဲမှာ ထွေးပိုက်ခွင့် ရလာမှာပေ

''မေမေ အားလုံးကို နားလည်လိုက်ပါပြီ သမီးရယ်၊ သ မိသားစုလေး အေးအေးချမ်းချမ်း နေရအောင် မေမေတို့နဲ့ ပြန်





ခဲ့ပါနော် သမီး။ သမီး မေမေတို့ကို စိတ်နာလို့ မုန်းနေတယ်ဆိုရင် ဆောင် မြေးလေးမျက်နှာကို ငဲ့ပါ သမီးရယ်''

''ဘယ်သူက အန်တီ့မြေးလဲ''

ထာ့မျက်နှာက တင်းနေ၏။ သူ့ကိုယ်သူများ မေမေတဲ့။ ဟားတိုက်ပြီး ရယ်ချင်လိုက်တာ။ အရင်တုန်းကတော့ လင်ခိုးမရဲ့သမီး ဆို့ ပက်ပက်စက်စက်ပြောခဲ့တာ။ အဲဒီတုန်းကတော့ သူ့မှာ သမီးချင်း ကိုယ်ချင်းစာစိတ်ရှိခဲ့ရင် ထာ ခုလောက်အထိ သူတို့ကို စိတ်နာမိမှာ မဟုတ်ပါဘူး။ ဒီလိုဘဝမျိုးကိုလည်း ရောက်လာစရာအကြောင်း မရှိ ပေ။

''ကျွန်မ တောင်းပန်ပါတယ်။ အေးချမ်းနေတဲ့ ကျွန်မတို့ သားအမိဘဝလေးကို မဖျက်ဆီးကြပါနဲ့တော့''

''မဟုတ်ဘူး ထာ''

''နင် ရှေ့တိုးမလာနဲ့''

ဇေသု လှမ်းမယ့်ခြေလှမ်းကို ရပ်ပစ်လိုက်၏။ ဖွတ်တိုးရင် ဘာ သူနဲ့ဝေးရာကို ထပ်ပြေးမှာစိုးလို့ နာခံလိုက်တာပါ။ အရင်တုန်းက ပဲယောဇဉ်ကြီးက တစ်ချောင်းရယ်။ အခုက သားလေးပါရှိနေပြီ။ ၊ နောက်ထပ် အဆုံးရှုံးမခံနိုင်တော့ပါဘူး။

''သမီးရယ် ... ပြီးခဲ့တာတွေကို ပြည်ဖုံးကားချလိုက်ပါတော့ နော်။ သမီးမှာ အပြစ်မရှိဘူးဆိုတာ မေမေ နားလည်လိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲတဲ့လူတွေလည်း သူတို့ မိုက်ပြစ်နဲ့သူတို့ ဇာတ်သိမ်းသွားကြပါပြီး သမီးရဲ့မေမေလည်း''

မေမေဆိုတော့ ထာ နားစွင့်မိသွား၏။ သူ မကောင်းတာ သူ့အကြောင်း ကိုယ့်အတွက်တော့ မိဘက မိဘပဲလေ။ မိဘဆိုတာ အစားထိုး၍မရနိုင်လေတော့ –

''ဖဲဝိုင်းမှာ ဖမ်းမိလို့ ထောင်ကျရင်း ထောင်ထဲမှာပဲ ဆုံးသွားခဲ့တယ်''

''ရှင်''

ထာ ဒူးများပင် ညွတ်ကျသွားမတတ်ပါပဲ။ သားကို တင်းတင်း ဖက်၍ ဆက်လာမယ့်စကားတွေကို မကြားချင်တော့ပြီ။ စီးလာတဲ့ မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်လိုက်ပြီး –

''အားလုံးထဲမှာ ကျွန်မတို့သားအမိက မြေစာပင်ဖြစ်ခဲ့တာပါ။ အခု ကျွန်မတို့သားအမိတာဝ ဒီရွာနဲ့ အထာကျပြီး အေးချမ်းနေပါပြီ ကျွန်မတို့ကို မနှောင့်ယှက်ကြပါနဲ့တော့''

အင့်ခနဲ ရှိုက်သံထွက်ပြီး ထာ လှည့်ထွက်သွားလေလျှင်–

''ထာ''

''သမီး''

❋



## အခန်း (၃၁)

ထာ သားကိုဖက်၍ တသိမ့်သိမ့်ရှိုက်ငိုနေမိတော့၏။ သူမတာဝ ဆင်နှင်းတဲ့ယပ်တောင်ထက်တော့ တိုးမပြားတော့ပါဘူး။ သားကို ခေါ်ချင်ခေါ်သွားကြပေါ့။ ထာကတော့ လိုက်မှာမဟုတ်ပေ။

''ငိုမနေပါနဲ့တော့ သမီးရယ်။ စမှာကလည်း တောင်းပန်နေပြီပဲ။ ပြီးခဲ့တာတွေကို ပြည်ဖုံးကားချပြီး ပြန်လိုက်သွားလိုက်ပါနော်''

''ဟင့်အင်း . . . ထာမလိုက်ဘူး''

''အဲဒီလိုတော့ အပြတ်မငြင်းလိုက်ပါနဲ့ ထာရယ်။ ငါ ဒီနေ့ ဒီအချိန်အထိ နင့်အပေါ် သစ္စာရှိရှိ စောင့်နေခဲ့တဲ့ မျက်နှာကိုတော့ ထောက်ပါဟာ။ ငါ့ကို ထပ်ရှုးအောင်မလုပ်ပါနဲ့တော့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီးရယ်။ သမီးထွက်သွားကတည်းက သားမှာ အရူးတစ်ပိုင်းဖြစ်နေခဲ့တာပါ။ မိဘနှစ်ပါးစလုံးရှိလျက်သားနဲ့ တကွဲတပြားစီနေပြီး မြေးလေးကို စိတ်ဒဏ်ရာရအောင် မလုပ်ပါနဲ့ ကွယ်"

ထာ သားမျက်နှာကို ငုံ့ကြည့်နေစဉ်မှာပဲ သားက သူမ ရင်ဘတ်ကို တွန်းပြီး ထပြေးသွားလေသည်။

"သား"

မိခါနေရင်းပဲ သားက အိမ်ပေါ်ကနေ ပြေးဆင်းသွားလေ၏။ လူကြီးတွေပြောတာကို သားလေးနားလည်နေသလား။ ထာ့ကိုစိတ်နာလို့များ ပြေးထွက်သွားတာလား။

"သမီး"

"_____"

"သမီး မြေးလေးကို ဒီလိုပဲ တစ်သက်လုံး အဖမဲ့ဘဝနဲ့ ထားတော့မှာလား။ အသက်ကြီးတာ ယယ်တာနဲ့မဆိုင်ဘူး။ လူတိုင်းက ကိုယ့်အသက်ကိုယ် မျှိမထားနိုင်ကြဘူးနော်။ ဖွဟဲ့ လွဲပါစေ ယယ်ပါစေ သမီးကျန်းမာရေးမကောင်းရင် ဘယ်လိုလုပ်မလဲ။ သေသွားရင်ရော ဒေါ်မိုးက အသက်ကြီးနေပြီနော်"

ဒေါ်မိုးစကားကြောင့် ထာ ဒေါ်မိုးမျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်မိ၏။ ထာ ဒီရွာမှာနေခဲ့တာ ဒေါ်မိုးမျက်နှာနဲ့ ဒေါ်မိုးကို





အားကိုးပြီးနေခဲ့တာလေ။ ဒေါ်မိုးမရှိရင် ထာ ဘယ်လိုရင်ဆိုင်ပြီး ဘယ်လိုဆက်လျှောက်ရမလဲ စဉ်းစားခဲ့ဖူးလို့လား။

"ဘယ်သူက အရင်သေပြီး ဘယ်သူက ကျန်ခဲ့ရမှန်းမသိတဲ့ အိုခြင်း နာခြင်း သေခြင်းတရားတွေကို သမီးသိပါတယ်။ မြေးလေးကို မိစုံ ဖစုံဘဝမျိုးလေးနဲ့ ကံပေးသလောက် နေခွင့်ပေးလိုက်ပါ သမီးရယ်"

"သမီး ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲတာလား"

"_____"

"အဲဒီအတွက်တော့ မပူနဲ့သမီး။ အခုလက်ရှိနေရာမှာ မနေဘူးဆိုရင် မေမေတို့ သင့်တော်တဲ့နေရာကို ပြောင်းကြမယ်လေ။ အရေးကြီးတာက မေမေတို့မိသားစုတွေ အတူတူနေရဖို့ပဲ"

"ထာ"

ဖေလု ထာ့အနားသို့ ရွှေ့ထိုင်ပြီး ထာ့လက်ကလေးကို ဆုပ်ကိုင်လိုက်၏။ ထာက ရုန်းတော့ ပို၍ ဖိဆုပ်ထားမိသည်။

"တို့မှာ သားအမိနှစ်ယောက်တည်းပဲရှိတာလေ ထာရဲ့။ သားသားကမှ အမွေမဆက်ခံရင် ဘယ်သူက ဆက်ခံမှာလဲ ပြောပါဦး"

"အံ့မယ် ... ငါ့သားရမယ့်အမွေကိုမက်ပြီး ငါက လိုက်ရမှာသား စကားပြောရင် ကြည့်ပြော။ နင့်ဆီက ဘာမှျော်လင့်ချက်မှမရှိပဲ ငါ့သားကို ငါ ဒီအရွယ်ထိ ရှာကျွေးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ရန်တွေ့လိုက်တဲ့ ထားပုံစံက ငယ်ငယ်ကပုံပေါ်လာတာမို့ ဖေသုမျက်နှာ ပြုံးစိစိဖြစ်သွားသည်။ သူသိတာပေါ့၊ ဒီမျက်နှာထားနဲ့ ဒီလေသံမှာ မာနမပါ ဒေါသမပါဘူးဆိုတာ။

"ကဲ ... သိပါတယ် မာနရှင်မရေယ်။ ခင်ဗျား မာနကြီးလို့လည်း မဖြစ်သင့်တာ ဖြစ်၊ မဝေးသင့်ဘဲ ဝေးခဲ့ရပြီးပြီ။ ငါ့ကို ရင်ကွဲအောင် ထပ်မလုပ်ပါနဲ့။ ဘာလဲ ရုံးရောက် စခန်းရောက် ရောက်ချင်လို့လား"

ဘဝပေးအခြေအနေအရ ထား ဘယ်လောက်ပဲ ရင့်ကျက်တည်ငြိမ်ခဲ့ပါစေ ဖေသုနဲ့တွေ့တော့ အရင်တုန်းကလိုပဲ ကလေးစိတ်မကုန်စွာ မျက်စောင်းဝင့်၍ –

"ဘာ ရုံးရောက် စခန်းရောက် ရောက်ရအောင် နင်က ငါ့ကို ဘာအမှုနဲ့ တရားစွဲမှာလဲ ပြောစမ်း"

"နှလုံးသားကို အသေသတ်မှု၊ ငါ့ဘဝကို အဆုံးစီရင်မှုနဲ့ပေါ့"

"ဖေသု"

"မြေးလေး အိမ်အောက်ဆင်းသွားတာ ပြန်တက်မလာပါလား။ ဘယ်များသွားပါလိမ့်၊ လိုက်ရှာဦးမှပါ။ စုမာ"

"ရှင်"

"ငါနဲ့ ငါ့မြေးလေးကို ကူရှာပေးပါဦး"





"ဟုတ် ... ဟုတ်ကဲ့"

ရှောင်ပေးဖို့ရာ ဒေါ်မိုးက လမ်းခင်းပေးသလို ဒေါ်စုစုမာက အကင်းပါးသူပီပီ နှစ်ယောက်သား ထွက်သွားကြလေတော့သည်။ ဖေသု လူလစ်တာနှင့် ထားအနားသို့ ပူးကပ်ထိုင်လိုက်လေလျှင် ထားက ရွှေ့သွားတော့ နောက်ထပ် ဝေးသွားမှာစိုးသည့်အလား ဖက်ထားလိုက်သည်တွင် –

"ဘာလုပ်တာလဲ ဖယ်စမ်း"

"မဖယ်ပါဘူး"

"နင် ဘယ်လိုဖြစ်နေတာလဲ"

"နောက်ထပ် ထွက်ပြေးမှာစိုးလို့လေ"

"ဖယ်စမ်း"

ထားက ရုန်းလေ ဖေသုက ပိုဖက်လေပါ။ အပြင်ဘက်မှာတော့ ချောင်းကြည့်နေကြတာ မျက်နှာတွေက ပီတိတွေဝေလို့ပါ။ ဖေသုရဲ့ ထားရင်ခွင်ထဲကနေ ရုန်းထွက်သွားတာသည် အိမ်အပြင်ကနေ ခိုင်ခင် လက်ယပ်ခေါ်လို့ပါ။ အစ်ကိုဖေသုနဲ့ မမထားတို့ရဲ့အကြောင်းကို သူမ သိခဲ့တာပဲလေ။

ဒါကြောင့် ... အစ်ကိုဖေသုရောက်လာတယ်လို့ သတင်းကြားတာနှင့် ဆိတ်ဖလူးပန်းတွေ ကောက်လာခဲ့တာ ဒန်ဖလားနှင့်အပြည့်ပါ။ ဖလားကို ဖေသုရလေးက ပိုက်ထားပြီး အရိုက်ခံခါကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်နေကြတာပါ။

"ထာ"

"ဘာလဲ"

"ကိုယ့်ယောက်ျားခေါ်တာကို အဲလို ထူးရလားမိန်းမရဲ့။ ညင်ညင်သာသာလေး ထူးစမ်းပါ"

"ဘာ"

"ရှူး"

ဇေသုက လက်ညှိုးလေးထောင်ကာ ရှူးခနဲလုပ်တော့ ထာ ဟိုကြည့် ဒီကြည့် ဖြစ်သွားလေသည်။ ဇေသုပြောနေပုံက တစ်ယောက်ယောက်ကြားသွားရင် ရှက်စရာကြီး။ သူနဲ့ကိုယ်ပတ်သက်ခဲ့ဖူးပေမယ့် ချစ်သူဘဝကို ဖြတ်သန်းပြီး ကြည်ဖြူလို့ ပေးခဲ့တာမှ မဟုတ်ပဲလေ။ ဒီတော့ လင်မယားလို့ ပြောလို့ရမလား။ အင်း ကလေးတစ်ယောက်ကတော့ ရခဲ့ပြီးပြီဆိုတော့ –

အို ... ထာ ဘာတွေလျှောက်တွေးနေမိပါလိမ့်။

တွေးရတာတောင် ရှက်စရာကြီး။ ဘာပဲဖြစ်ဖြစ် ထာ သူ့ကို ချစ်ခဲ့ပါသည်လေ။ ချစ်ခဲ့လို့ပဲ သူ့ရင်သွေးကို သူ့ကိုယ်စား အချစ်တွေ ပွားပေးဖို့ သတ္တိရှိရှိ မွေးခဲ့တာပေ့ါ။ မဖြစ်နိုင်တဲ့အကြောင်း တရားတွေ ရှိနေလို့သာ ထာ ရှောင်ပြေးခဲ့တာပါလေ။

"ကိုယ့်လင်မယားချင်း နှစ်ကိုယ်ကြားစကားပြောတာ သူများ





မကြားစေနဲ့လေ"

"ကြားတော့ဘာဖြစ်လဲ ကြားပါစေ"

"တကယ်"

"ဟင်"

"အဲဒါဆို ဒီမှာဗျို့ ကျွန်တော့်မိန်းမ ထာဝရ"

"ဟယ် ... ဇေသု"

ထာ ဇေသုပါးစပ်ကို အတင်းပိတ်လိုက်မိ၏။ ထာက ပိတ် ဇေသုက ဖယ်ပါပဲ။ အသံပြကြီးနဲ့ ဘာတွေဆက်ပြောမယ်မှန်းမှ မသိတာ။

ထာ စိတ်မလုံစွာပဲ ရှက်မျက်နှာလေးရဲရဲနှင့်သာ အိမ် ပေါက်ဝကို လှမ်းကြည့်မိလိုက်၏။ ချောင်းနေတဲ့လူတွေကလည်း လျှင်ပါ့။

ထာ လှုပ်ခနဲဆိုတာနဲ့ ပြန်ကွယ်ပြီးသားလေ။

"ပြောမရ ဆိုမရနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"မအော်စေချင် ပြန်လိုက်မှာလား ပြော"

"ဘာဆိုင်လို့လဲ"

"ဟ ... ဆိုင်တာပေ့ါ။ ပြန်မလိုက်လို့ကတော့ ဒီတစ်ရွာလုံး သိအောင် မဟုတ်ကဟုတ်ကတွေ ငါက လျှောက်ပြောပစ်မှာ။ အဲဒါမှ အရင်ကထက် ပိုဆိုးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"လူညစ်"

ချစ်သူကသာဆိုရင် ထုထုရိုက်ရိုက် ပန်းနှင့်ပေါက်သလိုပါ။ ထာ ထုတာကိုပင် ကျေနပ်စွာခံယူရင်း ဖေသုက ရယ်နေလေသည်။ ပြီးမှ ထာ့ပခုံးလေးကိုဖက်ပြီး ပါးပြင်ကိုနမ်းလိုက်တော့ –

"ဟေး . . . ဒါမှ တို့ဖေဖေကွ"

"ဟာ"

"ဟင်"

ဖေသူရလေးက အော်ပြီး လက်ခုပ်တီးလေလျှင် ထာ ရှက်ပြီး သူ့ရင်ဘတ်ကို တွန်းပစ်လိုက်၏။

"သား"

သားနှင့် နောက်မှာအပြုံးမျက်နှာတွေ အသီးသီးပေါ်လာကြပြီး ခိုင်ခင်က –

"ကဲ . . . အရမ်းချစ်ပြီး တစ်ယောက်အပေါ်တစ်ယောက် အရမ်းသစ္စာရှိကြတဲ့သူတွေအတွက် အခုချိန်မှစ၍ သစ္စာပန်းများ ဝေဝေဆာဆာနှင့် ဆုတောင်းပေးပါသည်ရှင်။ ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းဖက်စေခြင်းနဲ့ အေးချမ်းသာယာတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ"

"ဝေး"

"ဖြောင်း ဖြောင်း ဖြောင်း"





ခိုင်ခင်ရဲ့ဆုတောင်းပေးသံအဆုံးမှာ ဖေသူရလေးက ဖလားထဲက ပန်းတွေကို နှိုက်ယူ၍ ဖြန့်ကြဲပေးလေလျှင် နောက်မှလူကြီးတွေက လက်ခုပ်တီးပေးလေ၏။

ပန်းတွေက ဖေသုနဲ့ထာ့အပေါ်မှာ တဖြုတ်ဖြုတ်ကျနေတာ ပန်းမိုးရွာနေသလိုပါ။

"ထာ"

"ဟင်"

"ဒီဆိတ်ဖလူးပန်းတွေက တို့နှစ်ယောက်ကြားမှာတော့ သစ္စာပန်းတွေပဲနော်"

ဖေသု ဖလားထဲမှာ ပန်းတွေကုန်သွားလို့ အနားရောက်လာတဲ့ သားကို ပွေ့ချီလိုက်ပြီး –

"သားလေးကတော့ ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်တွေကို ပိုပြီးခိုင်မြဲအောင် ချည်နှောင်ထားမယ့် သစ္စာပန်းလေး သစ္စာကြိုးလေးပေါ့။ ဟုတ်တယ်နော် ထာ"

ထာ ခေါင်းမခါချင်တော့ပါဘူးလေ။ ဟန်ဆောင်ပြီး ခေါင်းခါခဲ့ရတာ သူမ ဘယ်လောက်တောင် ဆင်းရဲပင်ပန်းခဲ့ရသလဲ။ ထာ ဆက်ပြီးဟန်မဆောင်နိုင်တော့ပါဘူး။ ရင်ထဲကအရှိတွေကို အရှိအတိုင်း ထုတ်ပြ၍ ခေါင်းညိတ်လိုက်လေလျှင် –

"မေမေ့ကို အရမ်းချစ်၊ ဖေဖေ့ကိုလည်း အရမ်းချစ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေသူရက ထော့ပါးကိုရော ဖေသုပါးကိုရော နမ်းလိုက်တော့ ရယ်သံတွေထွက်လာလိုက်တာ မဂ်လာအပေါင်းနှင့် ပြည့်စုံလို့ပါ။

ဩော် . . . ခုတော့လည်း ထာတို့သားအမိဘဝ တိမ်ကင်းစင်လို့ လသာခဲ့ပါပြီလေ။

**ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ**

**အလင်းသစ်**



ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

ယုယတွယ်တာချင်လို့ပါ ...

**ကြယ်စင်မှူးဝေ**

အမုန်းနှင့်နှောင်ဖွဲ့ရစ်နွယ်သော

**မယ်ခိုင်**

ပန်းလက်ဆောင်

**မိုးစက်ပွင့်**

ထောင့်လွဲကြိုက်

**အလင်းသစ်**

သစ္စာပန်းများ ပွင့်လေပြီ

**လှိုင်းကြာဖြူ (လားရှိုး)**

ချစ်ခြင်းရယ် ကိုယ်ရယ် မင်းရယ်

**လုံမ**

အချစ်ကြောင့်

www.burmeseclassic.com